မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၀၅)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

လမ်းအသုံးပြုသူများဘေးကင်းရေး လမ်းအခြေခံအဆောက်အအုံပိုင်းထိန်းသိမ်းမှု လုပ်ငန်းဇယားဖြင့်ဖော်ဆောင်

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရန်ကုန်-နေပြည်တော်လမ်းပိုင်းရှိ စစ်ပင်ဆိပ်တံတားအား လေးလမ်းသွားတံတားမှ ရှစ်လမ်းသွားတံတား ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းအခြေအနေ၊ လမ်းလယ်ကျွန်း၌ မြေယာရှုခင်းစိုက်ပျိုးမှု၊ ရေနုတ်မြောင်းစနစ်ပြုပြင်ထည့်သွင်းမှု၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပေးစနစ်များထူထောင်ထားရှိမှုအခြေအနေနှင့် တံတားများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတသည် မိုင်တိုင်အမှတ် (၃၇/၁)နှင့် (၃၇/၂)ကြားရှိ စစ်ပင်ဆိပ်တံတားအား လေးလမ်းသွားတံတားမှ ရှစ်လမ်းသွားတံတားအဖြစ် ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်ကရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘောနတ်ကြီးရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး *စာမျက်နှာ ၃ ကော်လံ ၁* ✻

ဒလကူးတို့ဆိပ်ကမ်းအဆင်းအတက် တံတားနှစ်စင်းအနက် တစ်စင်းပြီးစီး၍ အသုံးပြုလျက်ရှိ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့ ပန်းဆိုးတန်းနှင့်ဒလသို့နေ့စဉ်ပြေးဆွဲပေးနေသော ကူးတို့ရေယာဉ်များဆိုက်ကပ်ရန်အတွက် ဒလဆိပ်ကမ်းဘက်တွင် ဂျပန်နိုင်ငံအကူအညီဖြင့် တည်ဆောက်နေသော ကူးတို့ဆိပ်ကမ်းမှာ ယခုအခါ ခရီးသည်နှင့်ကုန်ပစ္စည်းများ အဆင်းအတက်၊ အတင်အချပြုလုပ်နိုင်သည့် တံတားနှစ်စင်းအနက်တစ်စင်း ပြီးစီးသွားပြီဖြစ်ရာ အသုံးပြုခွင့်ပြုထားပြီဖြစ်သည်။

ဒလဘက်ကမ်း ဆိပ်ခံတံတားမှ ခရီးသွားပြည်သူများ အတက်အဆင်းပြုလုပ်နေစဉ်။

"အခု လောလောဆယ်တော့ အဆင်း သို့မဟုတ် အတက်ပြုလုပ်နိုင်တဲ့ တံတားတစ်စင်းတော့ပြီးသွားပါပြီ။ နောက်တစ်စင်းကိုလည်း တည်ဆောက်နေပြီ ဖြစ်ပါတယ်။ အဲဒီပြီးစီးသွားတဲ့နေရာမှာ ယာယီဆိပ်ခံဖော တစ်ခုကို ချဉ်းကပ်ပေးထားပါတယ်" ဟုမြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပန်းဆိုးတန်း-ဒလကူးတို့ခရီးစဉ် အသုံးပြုသည့် ခရီးသွားပြည်သူများ ဘေးကင်း လုံခြုံစွာသွားလာနားနေနိုင်ရေးအတွက် ဒလဆိပ်ကမ်းဘက်တွင် မူလဒလကူးတို့ဆိပ်ကမ်းနေရာ *စာမျက်နှာ ၉ ကော်လံ ၁* ✻

ယနေ့ မာတိကာ

အီဘိုလာတိုက်ဖျက်ရေး ဒေါ်လာသန်း ၂၀၀ ကူညီ
စာမျက်နှာ ၄

အပွဲ့အစည်းခိုင်မာမှုကို ရှေးရှုလာသည့် အာဆီယံ
ဆောင်းပါး စာမျက်နှာ ၆

၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံ စီးပွားရေး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ခန့်ရှိမည်
စာမျက်နှာ ၁၂

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အပြိုင်အဆိုင်ကြားက ဆက်သွယ်ရေးကဏ္ဍ

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ယခုအခါ ဆက်သွယ်ရေးကဏ္ဍတွင် တိုးတက်ပြုပြင်ပြောင်းလဲမှုနှင့်အတူ မိုဘိုင်းဖုန်းကို ဆင်းရဲချမ်းသာ မရွေး ကိုင်တွယ်အသုံးပြုလာနေကြပြီ ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြို့ပြများသာမက ကျေးလက်ဒေသများအထိ ဖြန့်ကြက်လျက် မိုဘိုင်းဖုန်းဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ လစဉ် တန်ဖိုးနည်း မိုဘိုင်းဖုန်းအလုံးသုံးသိန်းခွဲနှုန်းဖြင့် ရောင်းချပေးခဲ့ရာ လူအများစု ကိုင်တွယ်အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

ယခုအခါ ပြည်ပဆက်သွယ်ရေးအော်ပရေတာ တစ်ခုဖြစ်သည့် အော်ရီဒူးကလည်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စတင်ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါသည်။ ဤသို့ ဝန်ဆောင်မှုပေးလာသည်နှင့်အတူ ဆက်သွယ်ရေးကဏ္ဍသည်လည်း အပြိုင်အဆိုင်ဖြစ်လာပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆက်သွယ်ရေးကဏ္ဍသည် အပြိုင်အဆိုင်ကြားက ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်လာပြီဟု ဆိုရပေလိမ့်မည်။

အကြောင်းမှာမူ အော်ရီဒူးကုမ္ပဏီက တန်ဖိုးနည်းဆင်းကတ်များကို ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချလိုက်ချိန်တွင် မိုဘိုင်းဖုန်းသုံးစွဲသူများကို အမျိုးမျိုးဆွဲဆောင်လာသည်ကို သတိပြုမိပါသည်။ တစ်မိနစ်ဖုန်းပြောဆိုခကို အော်ရီဒူးဖုန်းအချင်းချင်း ၂၅ ကျပ်နှုန်း၊ အခြားဖုန်းသို့ပြောဆိုမှုငွေကျပ် ၃၅ ကျပ်နှုန်း စသည်ဖြင့် ဆွဲဆောင်လာပါသည်။ ထို့အတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ကလည်း MPT အချင်းချင်း ခေါ်ဆိုမှုတစ်မိနစ် ၂၅ ကျပ်နှုန်းသတ်မှတ်ရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း ကြားသိနေရပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အော်ရီဒူးဆင်းကတ်များ စတင်မရောင်းမီ ရက်ပိုင်းအတွင်း မိမိ၏မိသားစုဝင်၊ မိတ်ဆွေ သို့မဟုတ် နှစ်သက်သော ဖုန်းနံပါတ်သုံးခုသို့ တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့် ခေါ်ဆိုနိုင်သည့် Friends and Family Service ဝန်ဆောင်မှုကို စတင်၍ ပေးခဲ့ပါသည်။

ဤသို့ မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင်ဖြစ်လာခြင်းသည် ဆက်သွယ်ရေးကဏ္ဍ၏ တိုးတက်ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ ပြည်သူများ မိုဘိုင်းဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ပြောလာနိုင်သည့် အခွင့်အလမ်းပင်ဖြစ်ပါသည်။ သို့သော် မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများအဖို့ အချိန်နှင့်ငွေကြေးကို အကျိုးရှိစွာသုံးစွဲနိုင်ရန် လိုအပ်မည်ဟု ယူဆမိပါသည်။ မိုဘိုင်းဖုန်းများ သုံးစွဲရာတွင် အင်တာနက်မှတစ်ဆင့် ဂိမ်းအမျိုးမျိုး ရယူကစားကာ အင်တာနက်ကို အလွန်အကျွံသုံးမိရာမှ ကုန်ကျစရိတ်များ ပိုလာနိုင်ပါသည်။ မိုဘိုင်းဖုန်းစရိတ်က ဝန်ထုပ်ဝန်ပိုးတစ်ရပ်ဖြစ်လာနိုင်ပါသည်။ ဤဝန်ဆောင်မှုလုပ်ငန်းသည် စီးပွားရေးတစ်ရပ်အရ လုပ်ကိုင်ဆောင်ရွက်နေသည် မှန်သော်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်သင့်ပါ။ မိုဘိုင်းဖုန်းသုံးစွဲနေသူ အများစုသည် မိမိ၏လက်ကိုင်ဖုန်းအတွင်း ငွေဖြည့်ကတ်ကုန်လျှင် ချက်ချင်းဖြည့်တင်းရန် ဝန်မလေးကြပါ။ သို့သော် ငွေကျပ် ၅၀၀၀ အကုန်ခံပြီး အင်္ကျီတစ်ထည်၊ ပုဆိုးတစ်ကွင်း၊ ဝယ်ဝတ်ရန်ကား အလွန်ပင်လက်တွန့်နေတတ်ကြပါသည်။

မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာခြင်းသည် အပြုသဘောဆောင်သော တိုးတက်မှုတစ်ရပ်ဖြစ်သည်မှာ သေချာပါသည်။ ဤသို့ အကျိုးရှိ မှန်ကန်သော သုံးစွဲမှုများသည်သာ သုံးစွဲသူပြည်သူအတွက် ရေရှည်အကျိုးရှိမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၅

သား/ငါးကဏ္ဍကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဩဂုတ် ၂ ရက် ညနေ ၃ နာရီက တွံတေးမြို့နယ် ငါးလုပ်ငန်းစခန်း၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တွံတေးမြို့နယ်သည် ငါးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးနှင့်ပါ ဆက်စပ်လျက်ရှိပြီး အဓိက အချက်အချာကျသည့် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် နေရာတစ်ခုဖြစ်ကြောင်း မည်သည့်မွေးမြူရေးလုပ်ငန်းရှင်များမဆို မိမိတို့လုပ်ငန်းများကို ဆောင်ရွက်ရာတွင် များများမွေးပြီး၊ များများထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း။

လူသားတစ်ဦးချင်း အာဟာရမျှတစွာ စားသုံးနိုင်ရန် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိစေရေးအတွက် မိမိတို့စိတ်တိုင်းကျ အသေးစားလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးဘဏ်များ ထူထောင်ပေးခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်များမှ ချေးငွေများရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစမ်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြွယ်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းမြင့်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့် ကျွဲ၊ နွားများ ပိုမိုတိုးချဲ့ မွေးမြူနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး စားကျက်စိုက်ခင်းမျိုး၊ နေပီယာမြက်မျိုးများ ဖြန့်ဖြူးပေးသွားမည့်အခြေအနေများ ဒေသတိုင်းရင်းငါးမျိုးများနှင့် မျိုးရိုးမြင့်စပ်မျိုးငါးများ မွေးမြူသားဖောက်ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးနှင့် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးနေမှုအခြေအနေများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကျွဲ၊ နွားများမှတ်ပုံတင်ရေး၊ နို့စားနွားမ၊ အသားစားနွားနှင့်ကျွဲများ တိုးချဲ့မွေးမြူနိုင်ရေး၊ ငါးရစ်ငါးသန်ရာသီကာလမှအပ ကျန်ကာလများတွင် မြစ်ချောင်းများမှ သဘာဝတိုင်းရင်းငါးမျိုးများ ဖမ်းယူသယ်ဆောင်မွေးမြူနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အခြေခံပညာ အသင့်အတင့်ရှိသူများအား မွေးမြူရေးအတတ်ပညာများ၊ အိမ်တွင်းမှုအတတ်ပညာများနှင့် စက်ချုပ်အတတ်ပညာများ ဖွင့်လှစ်သင်ကြားပို့ချနိုင်ရေး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးအတွင်း အသားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် ကျွဲ၊ နွားများ တိုးချဲ့မွေးမြူနိုင်ရေးအတွက် ငွေကျပ်သိန်း ငါးထောင်နှင့်ငါးမွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတိုင်းရင်းငါးမျိုးများ တိုးချဲ့မွေးမြူနိုင်ရေး၊ ငါးမွေးမြူရေးကန်များ တူးဖော်ပြုပြင်မွမ်းမံနိုင်ရန်အတွက် စက်ယန္တရားများ ဝယ်ယူ၊ ငှားရမ်းနိုင်ရေးအတွက် ငွေကျပ်သိန်းငါးထောင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့မှ ပန်းချီဝါသနာရှင်များပြပွဲကျင်းပ

မန္တလေး ဩဂုတ် ၅

မန္တလေးမြို့ ပန်းချီပညာတိုးတက်မြင့်မားရေး ပန်းချီလောကဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်ပန်းချီဆရာများ ပေါ်ထွန်းရေးနှင့် မန္တလေးမြို့မှ ပန်းချီဝါသနာရှင်များ ပန်းချီကားများကို လွတ်လပ်စွာလေ့လာကြည့်ရှုနိုင်ရန်ရည်ရွယ်၍ ၂၀၁၄ ခုနှစ်အောက်တိုဘာလဆန်း၌ မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ ပုဂံဒေသနှင့်ပြင်ဦးလွင်မြို့နယ်တို့မှ ပန်းချီဆရာများရေးဆွဲထားသည့် အောက်ဒိုးပန်းချီကားများကို ပထမဆုံးအကြိမ်အဖြစ် စုပေါင်းပြသမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် တောင်ကြီး၊ ပြင်ဦးလွင်၊ စစ်ကိုင်း ခရီးစဉ်များကို စီစဉ်ပြီး ပန်းချီဆရာများ အောက်ဒိုးပန်းချီကားများရေးဆွဲခဲ့သည်။ ပြပွဲမှာ ပန်းချီဆရာ ၅၀ ခန့်ပန်းချီကား ၂၀၀ မှ ၃၀၀ ကြားအောက် ပြသမည်ဖြစ်ပါသည်။ ပြခန်းမှာ မျိုးဆက်သစ်ပန်းချီဆရာများပေါ်ထွန်းရေးအတွက် ပန်းချီသင်တန်းများကိုလည်း ဆရာဦးခင်မောင်စန်း၊ ဆရာဦးဇော်ဝင်းတို့က ဦးဆောင်ကာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။ မန္တလေးမြို့နှင့်အနီးပတ်ဝန်းကျင်မှ ပန်းချီဆရာများစုပေါင်း၍ ပုဂံကိုသွားရောက်ကာ အောက်ဒိုးထွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန်းတောင်ပန်းချီပြခန်းပိုင်ရှင် ဦးမိုးမြင့်ထွန်းက ပြောကြားသည်။ မျိုးဆက်သစ်ပန်းချီဆရာများနှင့် နယ်မြို့များမှ ပန်းချီဆရာများ မန္တလေးတောင် ပန်းချီပြခန်း၌ပြပွဲများ ပြုလုပ်လိုပါက ဖုန်း-၀၉-၂၀၀၀၉၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

" ရွှေအောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဃဝေနယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၄ ခုနှစ်၊ ဇက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ "အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြားတနင်္လာနေ့တိုင်း ထွက်ခွာရန်စီစဉ်ထားရှိပါသည်။ ရန်ကုန်မှဗုဒ္ဓဂယာသို့ လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီး ဘုရားဖူးပြော်ကာ ဗုဒ္ဓဂယာမှ ရန်ကုန်သို့တိုက်ရိုက်ပြန်လာသည့် (၁၁)ညအိပ်(၁၂)ရက် ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်းမြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့် ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာ စိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်း တဖွဲ့ဖွဲ့ပေးပို့လာသည့် ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန် အဆိုပြုထားသည့်ဘုရားဖူးများ ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသောမှုမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ ထွက်ခွာမည့် ခရီးစဉ်များမှာ-

(၁) ၂၉-၉-၂၀၁၄ (၅) ၂၄-၁၁-၂၀၁၄ (၉) ၁၉-၁-၂၀၁၅ (၁၃) ၁၆-၃-၂၀၁၅
(၂) ၁၃-၁၀-၂၀၁၄ (၆) ၈-၁၂-၂၀၁၄ (၁၀) ၂-၂-၂၀၁၅ (၁၄) ၃၀-၃-၂၀၁၅
(၃) ၂၇-၁၀-၂၀၁၄ (၇) ၂၂-၁၂-၂၀၁၄ (ကျောင်းပိတ်ရက်) (၁၁) ၁၆-၂-၂၀၁၅ (၁၅) ၁၃-၄-၂၀၁၅ (သင်္ကြန်ပိတ်ရက်)
(၄) ၁၀-၁၁-၂၀၁၄ (၈) ၅-၁-၂၀၁၅ (၁၂) ၂-၃-၂၀၁၅

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။ မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၆ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁ သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သင်းမြင့်အောင်

ယဉ်ကျေးမှုဝန်ကြီးဌာန

အနုပညာဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စု၊ မိုင်းသောက်ကျေးရွာအနီးတွင် ယဉ်ကျေးမှုအနုပညာကောလိပ်(ညောင်ရွှေ)ဖွင့်လှစ်ရန်အတွက် အောက်ဖော်ပြပါ အဆောက်အအုံများ တည်ဆောက်ရန် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အဆောက်အအုံ	အရေအတွက်
(က)	သင်ကြားဆောင်၊ သံကူကွန်ကရစ် နှစ်ထပ်(၆၄ပေ×၅၆ပေ×၂၂ပေ)	(၃)လုံး
(ခ)	ကျောင်းသားအိပ်ဆောင်၊သံကူကွန်ကရစ် နှစ်ထပ်(၁၅၀ပေ×၄၀ပေ×၂၂ပေ)	(၁)လုံး
(ဂ)	မီးဖိုနှင့်စားသောက်ခန်းမ၊ သံကူကွန်ကရစ် (၁)ထပ်(၁၀၀ပေ×၄၀ပေ×၁၂ပေ)	(၁)လုံး

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို သတင်းစာကြော်ငြာဖော်ပြသည့်ရက်မှစ၍ အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနစိတ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၈-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အနုပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆

❊ ရှေ့ဖုံးမှ

ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ယာဉ်မတော်တဆဖြစ်မှု လျော့နည်းလာခဲ့မှုများ၊ ယခုနှစ်တွင် အမြန်လမ်းမကြီး တစ်လျှောက်ရှိ တံတား ၂၅ စင်းကို ရှစ်လမ်းသွားတံတားအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်က လမ်းအသုံးပြုသူများ ဘေးကင်းလုံခြုံရေးအတွက် အသိပညာပေးဆောင်ရွက်နေမှု၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ လျှော့ချရေး၊ မောင်းနှင်မှုအရည်အသွေးကောင်းမွန်ရေးနှင့် လမ်း၏သက်တမ်းအပြည့် အသုံးချနိုင်ရေးတို့အတွက် ဆောင်ရွက်နေမှု၊ လမ်းအသုံးပြုသူများ၏ အကြံပြုချက်များအပေါ်အခြေခံ၍ လမ်းပြုပြင်နေမှု၊ ယာဉ်မတော်တဆမှုဖြစ်ပွားပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များသို့ အမြန်ဆက်သွယ်ပေးနိုင်သော Call Center ဖွင့်လှစ်ထားမှု၊ အမြန်လမ်းမကြီး ဝဲ/ယာ တစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ အမြန်လမ်းမကြီးကို အသုံးပြုရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ သိရှိနိုင်ရေးအတွက် ပညာပေးဆောင်ရွက်မှု အခြေအနေများနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လမ်းတံတားအင်ဂျင်နီယာများ၏ ကျွမ်းကျင်မှု၊ ပညာရှင်များအကြံဉာဏ်များ၊ ဆိုင်ရာအဖွဲ့အစည်းများမှဘဏ္ဍာငွေဖြည့်ဆည်းမှု၊ နိုင်ငံတကာအကူအညီများဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဘေးကင်းလုံခြုံရေးဆောင်ရွက်မှုများတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ယာဉ်အန္တရာယ် မတော်တဆမှုများ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရသကဲ့သို့ လမ်းအသုံးပြုသူများ၏ယုံကြည်ကိုးစားမှုကိုလည်း မြှင့်တင်နိုင်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ လမ်းဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်တွင် ပြည်သူများပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်နှင့်ခရီးသည်များ၊ လမ်းအသုံးပြုသူများ၏ ဝေဖန်အကြံပြုချက်များကို တလေးတစား လိုက်နာအကောင်အထည်ဖော်ပေးသွားရန် ဖြစ်ပါကြောင်း။

လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများတွင် လမ်းတံတားဒီဇိုင်းများမှန်ကန်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ လက်ရာသေသပ်ခိုင်ခံ့ကောင်းမွန်ရေးတို့ကို အစဉ်တစိုက်ကြပ်မတ်စစ်ဆေးသွားရန် လိုအပ်ပါကြောင်း၊ လမ်းအသုံးပြုသူများ ဘေးကင်းလုံခြုံရေးအတွက် လမ်းအခြေခံ အဆောက်အအုံပိုင်းဆိုင်ရာ မွမ်းမံထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်လုပ်ငန်းဇယားဖြင့် အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘောနတ်ကြီး ရှင်းလင်းဆောင်မှ ပြန်လည်ထွက်ခွာကြပြီး မိုင်တိုင်အမှတ် (၄၆/၂)၊ (၅၀/၂)၊ (၆၆/၀)၊ (၇၉/၅) တို့အနီးရှိ တံတားများကို ရှစ်လမ်းသွားတံတားများအဖြစ် တိုးချဲ့ဆောင်ရွက်နေမှု၊ လိုအပ်သည့်နေရာများတွင် ကွန်ကရစ်လမ်းသားခင်းထားမှုနှင့် လမ်းဘေးတစ်လျှောက် အရိပ်ရလေကာပင် စိုက်ပျိုးဖြစ်ထွန်းမှုများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိုင်တိုင်အမှတ် (၁၁၂/၇) အနီးရှိ ကျွဲမကူးတံတားတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ မိုင်တိုင်အမှတ်(၁၉၇/၅) အနီးရှိ မီးရထားလမ်းကျော်တံတားတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

မျက်စိဝေဒနာရှင်များ အခမဲ့ကုသမှုခံယူနိုင်ရန် သီတဂူအာယုဒါန မျက်စိဆေးခန်းဖွင့်

နေပြည်တော် ဩဂုတ် ၅

မျက်စိဝေဒနာရှင်များ အခမဲ့ကုသမှုခံယူနိုင်ရန် သီတဂူအာယုဒါန မျက်စိဆေးခန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာန ဝိဟာရ(သံဃာ့ဆေးရုံ)၌ ဖွင့်လှစ်ပေးခဲ့ပြီး ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ ပျဉ်းမနားတို့မှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် သီတဂူဆေးရုံမှ ဆရာဝန်ကြီးများက စမ်းသပ်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရက အဆိုပါဆေးခန်းအတွက် အမေရိကန်ဒေါ်လာ ၈၀၁၂၄ တန်ဖိုးရှိ မျက်စိစမ်းသပ်ရေးနှင့်ခွဲစိတ်ကိရိယာများအပြင် ဆက်စပ်ဆေးဝါးနှင့် ဆေးပစ္စည်းကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါဆေးခန်းကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးလှထွန်း၊ ဒေါက်တာသန်းအောင်နှင့် သီတဂူအာယုဒါန အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး သီတဂူဆရာတော်ကြီးနှင့်အတူ ကုသမှုခံယူကြသည့် မျက်စိဝေဒနာရှင်များအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဈေးကုန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြ၍ သီတဂူဆရာတော်ကြီး၏ အာယုဒါနမျက်စိဆေးခန်း အကြောင်း ဩဝါဒကထာ နာယူကြသည်။

မျက်စိဝေဒနာရှင်များအား မျက်စိရေတိမ်၊ အတွင်းတိမ်နှင့် မျက်စိအတွင်း မှန်ဘီလူးထည့်၍ ကုသပေးခြင်းတို့အပြင် ကူးစက်ရောဂါကြောင့်ဖြစ်သည့် မျက်စိကျိန်းခြင်းကိုပါ ကုသပေးလျက်ရှိကြောင်း၊ အသက်ကြီး၍ဖြစ်လာသော မျက်စိဝေဒနာများနှင့် ချက်ချင်းပြန်မြင်နိုင်သည့် မျက်စိဝေဒနာများကို အဓိကထား ကုသပေးနေကြောင်း၊ ကျန်ရှိသည့် မျက်စိဝေဒနာရှင်များကိုလည်း လိုအပ်သည့်ဆေးဝါးများပေး၍ ကုသပေးလျက်ရှိကြောင်း သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာပေါ်မြင့်ဦးထံမှ သိရသည်။

ထို့အတူ သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးက ယခု မျက်စိဝေဒနာရှင်လူနာ ၂၆ ဦး ခွဲစိတ်ပြီးဖြစ်ကြောင်း၊ ယနေ့လာရောက်စမ်းသပ်မည့် လူနာ ၃၀၀ ကျော်ရှိကြောင်း၊ လာရောက်ပြသသည့် ဝေဒနာရှင်များအား မျက်စိဝေဒနာအခြေအနေပေါ်မူတည်၍ ခွဲစိတ်ကုသသင့်သည့်လူနာအား ခွဲစိတ်ပေးလျက်ရှိကြောင်း၊ စမ်းသပ်ကိရိယာစက်အသစ်ကြီးများနှင့် ကုသဆောင်ရွက်ပေးနေသည့်အတွက် ယုံကြည်စွာ လာရောက်ပြသရန် မျက်စိဝေဒနာရှင်များအား ဖိတ်ခေါ်ပါကြောင်း ရှင်းပြသည်။

ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာန ဝိဟာရ(သံဃာ့ဆေးရုံ)၌ ဖွင့်လှစ်ထားသော သီတဂူအာယုဒါနမျက်စိဆေးခန်းသို့ ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ လာရောက်ပြသသည့် မျက်စိဝေဒနာရှင် ၁၂၃၉ ဦးရှိပြီး ခွဲစိတ်ရန် လျာထားသည့်ဦးရေ ၂၅၉ ဦးရှိကြောင်းနှင့် ဩဂုတ် ၉ ရက်အထိ စမ်းသပ်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၀/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၅ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၄/၂၀၁၃)နှင့် ၁၇-၁-၂၀၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၁၄) တို့တွင်ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၁)	ကြည်း ၃၃၂၂၇ ဗိုလ်မှူးသိန်းထိုက်	**(အစား)**	ကြည်း ၃၇၁၆၄ ဗိုလ်မှူးပြည့်ဖြိုးဇော်
(၂)	ကြည်း ၂၇၆၀၄ ဗိုလ်မှူးမြင့်ထွေး	**(အစား)**	ကြည်း ၃၅၆၀၆ ဗိုလ်မှူးဇေယျာဦး
(၃)	ကြည်း ၃၄၉၅၆ ဗိုလ်မှူးဇော်လင်းအောင်	**(အစား)**	ကြည်း ၂၈၃၆၁ ဗိုလ်မှူးသိန်းခိုင်မြင့်
(၄)	ကြည်း ၂၉၅၀၆ ဗိုလ်ကြီးစိုးထွေးအောင်	**(အစား)**	ကြည်း ၃၅၁၃၂ ဗိုလ်ကြီးခင်မောင်ဝင်း
(၅)	လေ ၂၇၁၄ ဗိုလ်မှူးလွင်ကိုကို	**(အစား)**	လေ ၂၇၅၆ ဗိုလ်မှူးဝင်းမင်းထွန်း

မန္တလေးတိုင်းဒေသကြီးလွှတ်တော်

(၆)	ကြည်း ၂၄၁၀၈ ဗိုလ်မှူးအောင်သက်မြင့်	**(အစား)**	ကြည်း ၂၃၂၇၀ ဗိုလ်မှူးဇော်မြင့်
(၇)	ကြည်း ၂၈၅၃၇ ဗိုလ်မှူးအောင်ဇော်ဟိန်း	**(အစား)**	ကြည်း ၃၅၆၃၁ ဗိုလ်မှူးညဏ်ဖြိုးခိုင်
(၈)	ကြည်း ၂၉၆၆၁ ဗိုလ်မှူးစောရန်အောင်	**(အစား)**	ကြည်း ၂၄၂၃၁ ဗိုလ်မှူးကျော်သူလွင်
(၉)	ကြည်း ၂၁၀၅၇ ဗိုလ်မှူးဖုန်းမြင့်နိုင်	**(အစား)**	ကြည်း ၂၀၆၈၁ ဗိုလ်မှူးတိုးအောင်
(၁၀)	ကြည်း ၃၆၅၃၄ ဗိုလ်ကြီးဖြိုးမြင့်ဆွေ	**(အစား)**	ကြည်း ၂၉၅၀၆ ဗိုလ်ကြီးစိုးထွေးအောင်

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မူးယစ်ဆေးဝါးကာကွယ်ဖို့ တို့လူငယ်တွေစည်းရုံးစို့

နိုင်ငံတကာသတင်း

ယူကရိန်းတပ်ဖွဲ့ဝင်များ ရုရှားနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံဟုဆို နယ်စပ်အနီး လေယာဉ်အစင်း ၁၀၀ ဖြင့် ရုရှားစစ်ရေးလေ့ကျင့်မည်

ယူကရိန်းအစိုးရတပ်ဖွဲ့ဝင်များ ခွဲထွက်ရေးသမားများရှိရာဒေသသို့ ထိုးဖောက်ချီတက်လာကြစဉ်။

ကီယက်ဗ် ဩဂုတ် ၅

ယူကရိန်းတပ်ဖွဲ့ဝင် ၃၀၀ ကျော်တို့သည် ရုရှားလိုလားသော ခွဲထွက်ရေးသမားများနှင့် အကြီးအကျယ်တိုက်ပွဲဖြစ်ပွားစဉ် ရုရှားနိုင်ငံအတွင်း တပ်ဖွဲ့ဝင်များ ဝင်ရောက်သွားခဲ့သည်။

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် နယ်ခြား စောင့်တပ်တို့မှ စစ်သည် ၃၁၁ ဦးသည် ယူကရိန်းအရှေ့ပိုင်း ဂူကိုဗိုစစ်ဆေးရေးဂိတ်မှ ရုရှားပိုင်နက်နယ်မြေအတွင်း ဝင်ရောက်သွားခဲ့သည်ဟု ယူကရိန်းလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူ အင်န်ဒရီလိုင်စင်ကိုက ပြောကြားသည်။ ယူကရိန်းအစိုးရက ၎င်းတို့အား သံတမန်နည်းလမ်းဖြင့် ပြန်လည်ရရှိရန် ကြိုးစားနေကြောင်း ၎င်းက ပြောကြားလိုက်သည်။

ယူကရိန်းတပ်ဖွဲ့ဝင် ၄၃၈ ဦးသည် ရုရှားနိုင်ငံအတွင်း ခိုလှုံသူများအဖြစ် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း စောစောပိုင်းတွင် ရုရှားလုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နယ်စပ်ဒေသသည် ရုရှားတပ်ဖွဲ့ဝင်များက ခွဲထွက်ရေးသမားများအား ဒုံးကျည်များ ပစ်ကူပေးနေသည်ဟု ယူကရိန်းတို့က စွပ်စွဲထားပြီး တင်းမာမှုများမြင့်မားနေသည့်နေရာဖြစ်သည်။ ရုရှားက အဆိုပါနယ်စပ်ဒေသ၌ လေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ယခုသီတင်းပတ်အတွင်း ပြုလုပ်မည်ဟု ကြေညာထားသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် လေယာဉ်အစင်း ၁၀၀ ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ **(ဘီဘီစီ)**

အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာမှထွက်ခွာ၍ ခံစစ်ပြင်ဆင်

တဲလ်အဗစ် ဩဂုတ် ၅

အစ္စရေးက ၎င်း၏တပ်ဖွဲ့ဝင်အားလုံးကို ရုပ်သိမ်းပြီး ဂါဇာကမ်းမြောင်ပြင်ပ၌ ခံစစ်အနေအထားဖြင့် ရပ်တည်နေရန် ကြေညာလိုက်သည်။ အစ္စရေးတပ်များကို ဂါဇာမှ ရုပ်သိမ်းရန်ကြေညာမှုသည် အီဂျစ်၏ ကြားဝင်စေ့စပ်မှု တနင်္လာနေ့နှောင်းပိုင်းတွင် မပြုလုပ်မီ ကြေညာလိုက်ခြင်းဖြစ်သည်။

အဆိုပါပဋိပက္ခ၏ အဓိကရည်မှန်းချက်ဖြစ်သော စစ်သွေးကြွများ၏ ဥမင်လိုဏ်ခေါင်းများကို ဖြိုချဖျက်ဆီးပစ်ရန် ရည်မှန်းချက် အောင်မြင်ကြောင်း အစ္စရေးတို့က ပြောသည်။ လေးပတ်ကြာ ပဋိပက္ခအတွင်း ပါလက်စတိုင်း ၁၈၀၀ သေဆုံးပြီး အစ္စရေး ၆၇ ဦး သေဆုံးခဲ့ကြောင်း ဂါဇာတာဝန်ရှိသူ များက ပြောသည်။

အစ္စရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဂါဇာကမ်းမြောင်ဒေသအပြင်ဘက် ခံစစ်နေရာများ၌ ပြန်လည်ဖြန့်ကြက်ထားမည်ဖြစ်ပြီး အဆိုပါ အနေအထားကို ဆက်ထိန်းထားမည်ဖြစ်ကြောင်း အစ္စရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူ ပီတာလန်းနားက ပြောသည်။

အပစ်အခတ်ရပ်စဲမှု မတိုင်မီ မိနစ်ပိုင်းအတွင်းမှာပင် ဂျေရုဆလင်တွင် လေကြောင်းတိုက်ခိုက်မှုများ ရှိနေသကဲ့သို့ ဟားမားစ်တို့ ပစ်လိုက်သောဒုံးကျည်များ အစ္စရေးအလယ်ပိုင်း၌ ကျရောက်ပေါက်ကွဲမှုများ ရှိနေဆဲဖြစ်သည်။ **(ဘီဘီစီ)**

အီဘိုလာတိုက်ဖျက်ရေး ဒေါ်လာသန်း ၂၀၀ ကူညီ

ကမ္ဘာ့ဘဏ် ဩဂုတ် ၅

ကမ္ဘာ့ဘဏ်က အနောက်အာဖရိကနိုင်ငံများ၌ အီဘိုလာရောဂါတိုက်ဖျက်ရေးကူညီရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရန်ပုံငွေ ထူထောင်လျက် အရေးပေါ်အကူအညီအတွက် ခွဲဝေသုံးစွဲသွားရန် ကြေညာလိုက်သည်။ အဆိုပါငွေကြေးကို လိုက်ဘေးရီးယား၊ ဆီယာရာလီယွန်နှင့် ဂီနီနိုင်ငံတို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဟုဆိုသည်။ အဆိုပါရောဂါဖြစ်ပွားသူ ၈၈၇ ဦး ရှိသွားပြီဖြစ်ကြောင်း WHO က ပြောသည်။

အာဖရိကခေါင်းဆောင်များအပါအဝင် သမ္မတ ၃၅ ဦးသည် အဆိုပါရောဂါနှင့် ပတ်သက်ပြီး ဝါရှင်တန်၌ ဆွေးနွေးနေစဉ် ကမ္ဘာ့ဘဏ်က အဆိုပါကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

(ဘီဘီစီ)

တောင်ဆူဒန်အစိုးရနှင့် သူပုန်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်

အဒစ်အဘာဘာ ဩဂုတ် ၅

တောင်ဆူဒန်အစိုးရနှင့် အကြမ်းဖက်သမားများအကြား ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ်အဘာဘာ၌ ပြန်လည်ပြုလုပ်ခဲ့သည်။ ဒေသတွင်းအုပ်စုများကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဩဂုတ် ၁၀ ရက် နောက်ဆုံးသတ်မှတ်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှုကို ကြားဖြတ်အစိုးရက သဘောတူခဲ့သည်။

သမ္မတ Salva Kiir နှင့် အကြမ်းဖက်သမား ခေါင်းဆောင် Machar တို့၏ ပြီးခဲ့သည့်အကျော့က ဆွေးနွေးမှုများသည် ဇွန်လက ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ မစ္စတာ Kiir က မစ္စတာ Machar ကို အာဏာသိမ်းရာတွင် ပူးပေါင်းကြံစည်သည်ဟု စွပ်စွဲခဲ့သဖြင့် ဒီဇင်ဘာလက အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်။ ၎င်းစွပ်စွဲချက်ကို Machar က ငြင်းဆိုခဲ့သော်လည်း အစိုးရကို တိုက်ခိုက်ရန်အတွက် သူပုန်တပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။

(ဘီဘီစီ)

လစ်ဗျား၌ တိုက်ပွဲများတွင် ပိတ်မိနေခဲ့သော အိန္ဒိယသူနာပြုများ မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

နယူးဒေလီ ဩဂုတ် ၅

တိုက်ခိုက်မှုများဖြစ်ပွားနေသော လစ်ဗျားနိုင်ငံတစ်ဝန်း၌ ပိတ်မိနေသော အိန္ဒိယနိုင်ငံသား သူနာပြု ၄၀ ကျော်ပါအဖွဲ့သည် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း အရာရှိများက ပြောခဲ့သည်။

လစ်ဗျားနိုင်ငံ ဆေးရုံအများအပြား၌ အလုပ်လုပ်ကိုင်နေသော ၎င်းအဖွဲ့သည် ပြီးခဲ့သည့်နှစ်ရက်က တူနီးရှားသို့ရောက်ရှိခဲ့ပြီး ယနေ့နံနက်ပိုင်းက ကိုချီလေဆိပ်သို့ ရောက်ရှိခဲ့သည်။

လစ်ဗျားနိုင်ငံ၌ မကြာသေးသော ရက်သတ္တပတ်များက ဖြစ်ပွားခဲ့သော ပြိုင်ဘက်အုပ်စုများအကြား တိုက်ခိုက်မှုတွင် ပြည်သူရာပေါင်းများစွာ သေဆုံးခဲ့သည်။

ထရီပိုလီမြို့နှင့် ဘင်ဂါဇီမြို့၌ အလုပ်လုပ်နေသူ အိန္ဒိယနိုင်ငံသား ၁၀၀၀ ကျော်ရှိသည်။ သူနာပြု ဒါဇင်ပေါင်းများစွာသည် အဆိုပါနိုင်ငံအတွင်း သောင်တင်နေဆဲဖြစ်ပြီး လာမည့်ရက် အနည်းငယ်အတွင်း ပြောင်းရွှေ့ပေးသွားမည်ဖြစ်ကြောင်း အရာရှိများက ပြောခဲ့သည်။ လစ်ဗျားနိုင်ငံအတွင်းရှိ သူနာပြုအများစုသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှ ဖြစ်ကြသည်။ ယခုလအစောပိုင်းကလည်း အီရတ်နိုင်ငံတစ်ဝန်းရှိ တိုက်ခိုက်မှုများအကြား ပိတ်မိနေသော အိန္ဒိယနိုင်ငံသား ၄၄ ဦး ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။

လစ်ဗျားနိုင်ငံရှိ သူနာပြု ၁၂၀ ပါအဖွဲ့နှင့် အခြားအိန္ဒိယနိုင်ငံသား အလုပ်သမားများသည် မိမိဇာတိသို့ ပြန်ရန် ဆန္ဒရှိနေကြသည်။

ပြီးခဲ့သည့်ရက်သတ္တပတ် အနည်းငယ်က ကီရာလာပြည်နယ် အကြီးအကဲသည် နိုင်ငံခြားရေးဝန်ကြီးကို မိမိနိုင်ငံသို့ပြန်လာရန်ဆန္ဒရှိသူများ ပြောင်းရွှေ့မှုအတွက် စီစဉ်ပေးရန် ပြောကြားခဲ့သည်။

နိုင်ငံများစွာသည် လစ်ဗျားနိုင်ငံရှိ ၎င်းတို့၏နိုင်ငံသားများကို ပြောင်းရွှေ့ပေးခဲ့ကြပြီး အချို့ကမူ ယင်းနိုင်ငံသို့ ခရီးသွားလာခြင်းမပြုရန်ပင် အကြံပြုခဲ့ကြသည်။

ဗြိတိန်နိုင်ငံသည် လစ်ဗျားမှ မော်လ်တာသို့ ပြောင်းရွှေ့သည့် ၎င်းတို့၏ နိုင်ငံသားများအတွက် တော်ဝင်ရေတပ်သင်္ဘောကို အသုံးပြုခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း အမေရိကန်တို့က ထရီပိုလီမြို့ရှိ အမေရိကန်သံရုံးကို ပြောင်းရွှေ့ခဲ့သည်။ ထို့အတူ လစ်ဗျားရှိ ကုလတပ်ဖွဲ့ဝင်များအားလုံးလည်း ပြန်လည်ဆုတ်ခွာလာခဲ့သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က ကဒါဖီကိုဖြုတ်ချပြီးကတည်းက ပြိုင်ဘက်အုပ်စုများအကြား အားပြိုင်နေမှုများကြောင့် နိုင်ငံအတွင်း၌ မတည်မငြိမ်မှုများနှင့် ရင်ဆိုင်နေရသည်။ ယခုရက်ပိုင်းအတွင်း ပြိုင်ဘက်အုပ်စုများအကြား ဖြစ်ပွားနေသော တိုက်ခိုက်မှုသည် မြို့တော်မြောက်ပိုင်းထိ ပျံ့နှံ့လာခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တမူးခရိုင်ရုံးသစ်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံ၏ ခရီးသွားလာမှုလုပ်ငန်းများ လုံခြုံစိတ်ချမှုရှိစေရန် နယ်စပ်ဒေသဝင်ပေါက်များတွင် မော်တော်ယာဉ်များ စနစ်တကျ ဝင်ထွက်သွားလာနိုင်ရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နိုင်ရန် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမပေါ်ရှိ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တမူးခရိုင်ရုံးဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါရုံးသစ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တမူးခရိုင်ရုံးဖွင့်လှစ်ခြင်းဖြင့် ဒေသအတွက်ရော၊ တိုင်းပြည်အတွက်ပါ အကျိုးရှိပါကြောင်း၊ မကြာမီကာလအတွင်း ယာကြီး-မုံရွာလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတကာမှအကူအညီနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်ဖာ-တမူး-ကလေး-မုံရွာ-မန္တလေးမြို့များသို့ ခရီးသည်တင်ကားများ ဖြတ်သန်းသွားလာရာတွင် ယာဉ်ကြံ့ခိုင်ရေးနှင့် ယာဉ်မှတ်ပုံတင် စိစစ်ခြင်းလုပ်ငန်းများ စနစ်တကျ လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိုလည်း ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေရှည်စီမံချက်ရေးဆွဲ၍ ခေတ်မီနည်းပညာသုံး အထောက်အကူပစ္စည်းများသုံးစွဲပြီး ရုံးလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်ဝင်းက ဒေသတွင်းဖွံ့ဖြိုးရေးအတွက် တမူးခရိုင် ရုံးသစ်ဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဦးစီးမှူး ဦးသိန်းဟန်က ရုံးသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကလေးမြို့ဘူတာရုံသို့ သွားရောက်ပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။

ထို့မှတစ်ဆင့် ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနများသို့ သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများအနေဖြင့် လုပ်ငန်းလာရောက်ဆောင်ရွက်သူများအပေါ် အလေးထား ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

FM စနစ်အသံလွှင့်စက်များ တိုးချဲ့တပ်ဆင်ထုတ်လွှင့်နေ

နေပြည်တော် ဩဂုတ် ၅

မြန်မာ့အသံရေဒီယိုမှထုတ်လွှင့်နေသည့် မြန်မာပိုင်းအစီအစဉ်နှင့် အင်္ဂလိပ်ပိုင်းအစီအစဉ်များကို လှိုင်းတို၊ လှိုင်းလတ်များမှ ထုတ်လွှင့်နေသည့်အပြင် ယခုအခါ သက်ရောက်မှုအားနည်းသည့်ဒေသများ၊ ရာသီဥတုအပေါ် မူတည်၍ ဖမ်းယူမှုမကောင်းသည့်ဒေသများတွင် အသံကြည်လင်ပြတ်သားစွာ ဖမ်းယူနားဆင်နိုင်ရန်အတွက် FM စနစ်အသံလွှင့်စက်များဖြင့် ထုတ်လွှင့်နေပြီဖြစ်ကြောင်း သိရသည်။ ပထမအဆင့်အနေဖြင့် စက်ရုံ ၁၅ ရုံမှစတင်ထုတ်လွှင့်ရန် စီစဉ်ထားရာ ယခုဆိုလျှင် ၁၁ ရုံမှာ စမ်းသပ်ထုတ်လွှင့်နေပြီး ကျန်သည့်လေးရုံတွင်လည်း တပ်ဆင်ထုတ်လွှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယခုစမ်းသပ်ထုတ်လွှင့်နေသည့် စက်ရုံ ၁၁ ရုံအနက် စစ်ကိုင်းစက်ရုံတွင် လှိုင်းနှုန်း (94 .6 MHz)၊ လားရှိုးမြို့တွင်လှိုင်းနှုန်း (91.3 MHz)၊ ပျဉ်းမနားမြို့တွင် လှိုင်းနှုန်း (94.9 MHz)၊ မော်လမြိုင်မြို့တွင် လှိုင်းနှုန်း (91.3 MHz)၊ ပုသိမ်မြို့တွင် လှိုင်းနှုန်း (92.5 MHz)၊ ပုပ္ပားစက်ရုံတွင်လှိုင်းနှုန်း (94.3 MHz)၊ ပဲခူးမြို့နယ်တွင် လှိုင်းနှုန်း (92.5 MHz)၊ လွိုင်ကော်မြို့တွင် လှိုင်းနှုန်း (90.7 MHz)၊ မြိတ်မြို့တွင်လှိုင်းနှုန်း(92.5 MHz)၊ စစ်တွေမြို့တွင် လှိုင်းနှုန်း (89.8 MHz)၊ မင်းဘူးမြို့တွင်လှိုင်းနှုန်း(92.5 MHz)တို့ ဖြင့်ထုတ်လွှင့်လျက်ရှိသည်။ ဘူးသီးတောင်-မောင်တောစက်ရုံ၊ ပိန္နဲတောင်စက်ရုံ၊ ရန်ကုန်စက်ရုံ၊ ကနေဒီစက်ရုံစသည့် စက်ရုံလေးရုံတွင် တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ FM စနစ်တပ်ဆင်ထုတ်လွှင့်နေသည့် စက်ရုံများ၏ မိုင် ၃၀ ပတ်ဝန်းကျင်တစ်ဝိုက်တွင် မြန်မာ့အသံရေဒီယိုအစီအစဉ်များကို အသံကြည်လင်ပြတ်သားစွာ ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်းထောက်များ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မြို့နယ်သတင်းထောက်များ သတင်းစာပညာ ဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံသင်တန်းကို ဒုတိယနေ့အဖြစ် မြန်မာနိုင်ငံ စာရေးဆရာအသင်း (MWA) ခန်းမ၌ ပြောင်းရွှေ့ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

မွမ်းမံသင်တန်းကို သင်တန်းသားတစ်ရာကျော်တက်ရောက်ပြီး ဩဂုတ် ၄ ရက်တွင် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်နှစ်ရက်ကို ပန်းဆိုးတန်းလမ်းမရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း (MWA) တွင် ဆက်လက်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ မွမ်းမံသင်တန်းတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန်ရည်ရွယ်၍ သတင်းမီဒီယာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် သတင်းရေးသားရာတွင် လိုက်နာရမည့်အချက်များ၊ ရေးသားနည်းများနှင့် ကျင့်ဝတ်များ၊ သတင်းမီဒီယာဥပဒေပိုင်းဆိုင်ရာတို့ကိုဆွေးနွေးပို့ချခဲ့ပြီး ကြေးမုံသတင်းစာ စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်က မှန်၊ မြန်၊ မျှတရမည်ဟူသော သတင်းထောက်ကောင်းတစ်ဦး၏ ထားရှိရမည့်အင်္ဂါရပ်နှင့် သတင်းဖော်ပြမှု၊ သတင်းဓာတ်ပုံပိုင်းဆိုင်ရာတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆရာဦးဟန်ညွန့် (ဥပဒေပညာရှင်)မှ သတင်းမီဒီယာ ဥပဒေပိုင်းဆိုင်ရာတို့ကို ဆွေးနွေးပို့ချကာ ဩဂုတ် ၆ ရက်တွင် မွမ်းမံသင်တန်းပြီးဆုံးမည်ဖြစ်သည်။ ဩဂုတ် ၇ ရက်တွင် သင်တန်းသားများ ပြင်ပလေ့လာမှုအဖြစ် ဓမ္မစေတီခေါင်းလောင်းကြီးဆယ်ယူမှုကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၄)**

အခြေခံပညာအလယ်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်

အမ်း ဩဂုတ် ၅

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် စခန်းမော်ကျေးရွာအုပ်စု စခန်းမော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်း အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသားသီချင်းများသီဆို၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရနှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအဆင့်တိုးမြှင့်ရခြင်းဆိုင်ရာများ၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက်ပညာသင်ကြားနိုင်ရေး၊ မူလတန်းမှအလယ်တန်းအထိ ပညာရေးကို အခမဲ့ပညာရေးအဖြစ် ဆောင်ရွက်ပြီးလိုအပ်သည့် ကျောင်းဆရာ ဆရာမများနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်မှုမရှိစေရေး ဆောင်ရွက်နေသည့်အတွက် ကျောင်းနေပျော်၍ စာတော်သောကလေးများအဖြစ် ကြိုးစားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

သန်းမောင်(အမ်း)

စားသုံးရန်မသင့်သော အစားအသောက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ကောက်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သောအစားအသောက်၌ သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသား အစားအသောက်ဥပဒေ ပုဒ်မ ၂၈(က) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစား

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	ဆိုးဆေးပါဝင်မှု
၁။	ပန်းပွင့်ပုံဝေဖာ	မပါ	Rhodamine B

ကျန်းမာရေးဝန်ကြီးဌာန

အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

နေပြည်တော် ဩဂုတ် ၅

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင်နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် လိုအပ်ပါသည်။ ပြောင်းလဲမည့်ရေလမ်းသည် တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်တွင် တံတားကို လုံးဝဖြတ်သန်းခြင်း မပြုရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)



အဖွဲ့အစည်းခိုင်မာမှုကို ရှေးရှုလာသည့် အာဆီယံ

အောင်ထူး

အာဆီယံအဖွဲ့ကြီးထူထောင်လာခဲ့သည်မှာ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ တွင် (၄၇)နှစ်ရှိခဲ့ပြီဖြစ်ပါသည်။ အာဆီယံကို ကမ္ဘာ့နိုင်ငံအသီးသီးက တိုးတက်ထွန်းကားသည့် ဒေသဆိုင်ရာအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် လက်ခံလာခဲ့ကြပါသည်။ အာဆီယံသည် ယင်းသို့အသိအမှတ်ပြုမှုနှင့်ကျေနပ်မနေဘဲ အာဆီယံကို အသိုက်အဝန်းတစ်ခုအဖြစ် ထူထောင်ရန်၊ နိုင်ငံတကာအရေးအရာများတွင် တက်ကြွသည့် အခန်းကဏ္ဍမှပါဝင်နိုင်ရန်နှင့် အနာဂတ်အတွက်မျှော်ကြည့်ပြီး နိုင်ငံတကာ အလယ်တွင် အစဉ်ရှင်သန်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ကြိုးပမ်းလျက်ရှိရာတွင် ယနေ့အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းကို အပြီးသတ်ထူထောင်ရန်၊ အာဆီယံအဖွဲ့အစည်းကို ကျစ်လျစ်သိပ်သည်း၍ ထိရောက်သည့် အဖွဲ့အစည်းဖြစ်စေရန်နှင့် အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာပြီးနောက် အာဆီယံသည်စတင်ဖွဲ့စည်းစဉ် ၁၉၆၇ ခုနှစ်က ဗန်ကောက်ကြေညာစာတမ်းဟု ခေါ်ဆိုသည့် ကြေညာစာတမ်းဖြင့်သာ ဖွဲ့စည်းခဲ့သည့်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အာဆီယံ၏ရည်ရွယ်ချက်များမှာ (က)ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန်၊ (ခ)ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိုမြှင့်တင်ရန်၊ (ဂ)စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ အုပ်ချုပ်ရေးနယ်ပယ်များတွင် တက်ကြွသောပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ကူညီမှုပေးရန်တို့သာ ဖြစ်ပါသည်။

ကုမ္ပဏီတစ်ခုထူထောင်သကဲ့သို့ သင်းဖွဲ့စည်းမျဉ်းဖြင့်ဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့ ပဋိညာဉ်စာတမ်း၊ အခြားနိုင်ငံတကာအဖွဲ့အစည်းများ ကဲ့သို့ အခြေခံဥပဒေများဖြင့် ဖွဲ့စည်းခြင်းမရှိခဲ့ပါ။ တစ်နည်းအားဖြင့် စည်းမျဉ်းစည်းကမ်းများကို အခြေပြုခဲ့ခြင်းမရှိပါ။ အာဆီယံအဖွဲ့ကြီး၏ အခြေခံမူများမှာလည်း ဗန်ကောက် ကြေညာစာတမ်းအပြင် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အဏုမြူလက်နက်ကင်းမဲ့ဇုန်၊ ဘာလီသဘောတူညီချက် စသည်များတွင် ပြန့်ကျဲတည်ရှိခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင်မူ အာဆီယံသည် စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် အာဆီယံပဋိညာဉ်စာတမ်းကို ပြုစုခဲ့ပါသည်။ အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံ၏အခြေခံမူများကို တစ်နေရာတည်းတွင် စုစုစည်းစည်းဖော်ပြခဲ့သကဲ့သို့ ခေတ်နှင့်အညီပြောင်းလဲလာသည့်အခြေအနေများကို ထင်ဟပ်နိုင်စေရန် ဒီမိုကရေစီသို့ ဦးတည်ကြိုးပမ်းရေး၊ လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရေး၊ တာဝန်သိမှု တာဝန်ခံမှုရှိရေး၊ လူအများ သေကျေပျက်စီးနိုင်သည့် လက်နက်များကင်းမဲ့သည့် ဒေသထူထောင်နိုင်ရေးတို့ကိုလည်း အခြေခံမူများအဖြစ် ထည့်သွင်း လာခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သည့် အာဆီယံပဋိညာဉ် စာတမ်းသည် အာဆီယံကို စည်းမျဉ်းစည်းကမ်းများအခြေခံပြီး နိုင်ငံတကာ အသိုက်အဝန်းအတွင်း ဥပဒေကြောင်းအရ ရပ်တည်နိုင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဖြစ်ပေါ်လာစေခဲ့ပါသည်။ အာဆီယံ၏အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်မည့် ဖြစ်စဉ်များကိုလည်း ဖော်ပြလာခဲ့ပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကိုလည်း အာဆီယံလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ စောင့်ကြည့်တင်ပြရန် အခွင့်အာဏာပေးအပ်ခဲ့ပါသည်။

အာဆီယံ၏ ပင်မအဖွဲ့အစည်းများတွင် အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံညှိနှိုင်းမှုကောင်စီ၊ အာဆီယံအသိုက်အဝန်းကောင်စီ(၃)ရပ်၊ အာဆီယံ ကဏ္ဍအလိုက် ဝန်ကြီးအဆင့်အဖွဲ့အစည်းများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအမျိုးသားအတွင်းရေးမှူးရုံး၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ ကော်မရှင်၊ အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာကော်မရှင်နှင့် အာဆီယံဖောင်ဒေးရှင်းတို့ ပါဝင်ခဲ့ပါသည်။

အာဆီယံသည် ယင်း၏ ယခင်ရွေ့လျားမှုအရှိန်အတိုင်း ဆက်လက်ရွေ့သို့ချီတက်နေရာ အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုပြီးခဲ့သော်လည်း အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ရန်လိုအပ်လာသကဲ့သို့ လိုအပ်သည့်ပြောင်းလဲမှုများကိုလည်း အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံ၏ ပြောင်းလဲနေသည့်အခြေအနေများနှင့် ဆောင်ရွက်ရန်လိုအပ်လာပါသည်။ အာဆီယံပဋိညာဉ်စာတမ်းတွင်လည်း အာဆီယံပဋိညာဉ်စာတမ်းကို အာဏာသက်ဝင်အပြီး ငါးနှစ်ကြာသည့်အခါ ပြန်လည်သုံးသပ်နိုင်ကြောင်းဖော်ပြခဲ့ပါသည်။

သို့ဖြစ်၍ အာဆီယံနိုင်ငံခေါင်းဆောင်များအနေဖြင့် အာဆီယံအဖွဲ့အစည်းများကို ပြန်လည်သုံးသပ်ရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်အားဖြည့်တင်းရန် သဘောတူညီခဲ့ကြပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံနိုင်ငံများသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ပိုမိုအင်အားဖြည့်တင်းရန်နှင့် အာဆီယံအဖွဲ့အစည်းများကို ပြန်လည်သုံးသပ်ရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force on Strengthening the ASEAN Secretariat and Reviewing the ASEAN Organs) တစ်ရပ်ကို အာဆီယံနိုင်ငံ တစ်ဦးစီလျှင် အဆင့်မြင့်ကိုယ်စားလှယ်တစ်ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။

အာဆီယံဥက္ကဋ္ဌဖြစ်နေသည့် မြန်မာနိုင်ငံအနေဖြင့် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမဆုံးအကြိမ်အစည်းအဝေးကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြပါသည်။ အာဆီယံညှိနှိုင်းမှုကောင်စီက အဆင့်မြင့်လုပ်ငန်းအဖွဲ့အနေဖြင့် ယင်း၏အကြံပြုတင်ပြချက်များကို ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီသို့တင်ပြရန် လမ်းညွှန်မှုပြုလုပ်ခဲ့ပါသည်။ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချိန်ကာလမှာ ၂၀၁၄ ခုနှစ် မတ်လမှ အောက်တိုဘာလအထိ ရှစ်လသာရှိပြီး အောက်တိုဘာလတွင် အကြံပြုတင်ပြချက်များကို အပြီးသတ်ရေးဆွဲ၍ နိုဝင်ဘာလတွင် ကျင်းပမည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့်(၁၅)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းမှုကောင်စီအစည်းအဝေးတွင် တင်ပြသွားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမဦးဆုံးအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ၂၀၁၄ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန၏ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးအောင်ဘွားအား ခန့်အပ်ခဲ့ပါသည်။ ဦးအောင်ဘွားသည် အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး အဆင့်မြင့်လုပ်ငန်းအဖွဲ့တွင် ပါဝင်ခဲ့သူဖြစ်ပြီး အာဆီယံပဋိညာဉ်စာတမ်း၏ ဗိသုကာတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ အာဆီယံပဋိညာဉ်စာတမ်း၏ သိမ်မွေ့နက်နဲသည့် စေ့စပ်ဆွေးနွေးမှုများတွင် ပါဝင်ခဲ့သူဖြစ်ပါသည်။ သို့ဖြစ်၍ ပထမအကြိမ်အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဦးအောင်ဘွားအား အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် အာဆီယံနိုင်ငံအားလုံးမှ တစ်ညီတစ်ညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။ မူလကအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို (၄)ကြိမ်သာ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ဆွေးနွေးမှုများအရ အချိန်ပိုမိုလိုအပ်မည်ဟု သုံးသပ်ကြသဖြင့် အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို(၇)ကြိမ်ကျင်းပရန်နှင့် ထိုင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့တွင် ကျင်းပသွားရန် သဘောတူညီခဲ့ကြသည်။

> အာဆီယံအဖွဲ့ကြီးထူထောင်လာခဲ့သည်မှာ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် (၄၇)နှစ်ရှိခဲ့ပြီဖြစ်ပါသည်။ အာဆီယံကို ကမ္ဘာ့နိုင်ငံအသီးသီးက တိုးတက်ထွန်းကားသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် လက်ခံလာခဲ့ကြပါသည်။

အာဆီယံအဖွဲ့အစည်းအဝေးဖြင့် ပိုမိုခိုင်မာလာစေရန်အတွက် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အဖွဲ့အစည်းများကို အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ စိစစ်ခဲ့ရာတွင် အာဆီယံအနေဖြင့် အာဆီယံအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းမှုများကို ပိုမိုလိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ အထူးသဖြင့် အာဆီယံညှိနှိုင်းမှုကောင်စီနှင့် အာဆီယံမဏ္ဍိုင်(၃)ခုမှ အသိုက်အဝန်းကောင်စီများအကြား ညှိနှိုင်းမှုနှင့် ကဏ္ဍစုံသက်ဆိုင်သည့်လုပ်ငန်းများတွင် ညှိနှိုင်းမှုပိုမိုလိုအပ်ကြောင်း သဘောရရှိခဲ့ပါသည်။ သို့ဖြစ်၍ အာဆီယံအသိုက်အဝန်း(၃)ရပ်ဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းတစ်ခုချင်းအောက်ရှိ လုပ်ငန်းချင်းထပ်နေသည့် အဖွဲ့အစည်းများအား လျှော့ချခြင်း၊ ဖျက်သိမ်းခြင်း၊ ညှိနှိုင်းမှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ရန်နှင့် ယင်းအသိုက်အဝန်းများနှင့် အာဆီယံပြင်ပဆက်ဆံရေးလုပ်ငန်းများကို အထောက်အပံ့ပြုလျက်ရှိသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား ပိုမိုအားဖြည့်ခိုင်မာရေးတို့အတွက် အစည်းအဝေးတစ်ခုချင်းစီတွင် လုပ်ငန်းအစီအစဉ်များ အဆင့်ဆင့်ချမှတ်၍ ဆွေးနွေးလျက်ရှိပါသည်။

ထို့အပြင် အာဆီယံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းမှ သတ်မှတ်ထားသည့် လုပ်ငန်းများနှင့် အဖွဲ့ဝင်နိုင်ငံများမှ မေတ္တာရပ်ခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဆီယံတွင် လူ၊ ပစ္စည်းနှင့် ဘတ်ဂျက်ပိုမိုလိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြု လာခဲ့ကြပါသည်။ သို့ဖြစ်၍ မလေးရှားနိုင်ငံက လက်ရှိ အာဆီယံအသုံးစရိတ်ကို နှစ်ဆတိုးမြှင့်ရန် အဆိုပြုလာခဲ့ပါသည်။ အာဆီယံအနေဖြင့် ယင်း၏ အသုံးစရိတ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အချိုးကျထည့်ဝင်ရသည်ဖြစ်ရာ အာဆီယံအသုံးစရိတ်များကို နှစ်ဆတိုးချဲ့မည်ဆိုပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘတ်ဂျက်အပေါ်ထည့်ဝင်မှုကို နှစ်ဆတိုးရမည့်အနေအထားတွင် ရှိလာမည်ဖြစ်ပါသည်။ လက်ရှိတွင် အာဆီယံ၏ နှစ်စဉ်ဘတ်ဂျက် အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁၈ သန်းခန့် ရှိသဖြင့် အဖွဲ့ဝင်တစ်ဦးလျှင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းခန့် ထည့်ဝင်နေရပါသည်။ အကယ်၍ လက်ရှိ ထည့်ဝင်မှုအတိုင်း ထည့်ဝင်မည်ဆိုပါက အာဆီယံအဖွဲ့အစည်းအတွက် ထည့်ဝင်မည့်အသုံးစရိတ်သည် ၃ ဒသမ ၆သန်းခန့် ထည့်ဝင်ရမည့်အနေအထားဖြစ်လာပါသည်။ ယင်းသို့အာဆီယံအသုံးစရိတ် တိုးချဲ့ခြင်းကို အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဘရူနိုင်း စသည့် နိုင်ငံများအတွက် မထောင်းသာလှသော်လည်း အချို့သောအာဆီယံနိုင်ငံများအတွက်မူ အခက်အခဲရှိမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အာဆီယံအဖွဲ့အစည်း၏ အသုံးစရိတ်များကို လိုအပ်သလောက်သာတိုးချဲ့ရန်နှင့် အာဆီယံဘတ်ဂျက်အတွက် အခြားသော ရန်ပုံငွေနည်းလမ်းများကိုလည်း ရှာဖွေကြရန်ဆွေးနွေးခဲ့ကြသည်။

ယင်းနည်းလမ်းများအနက် ကုလသမဂ္ဂ၏ ထည့်ဝင်ကြေးစနစ်ကို ကျင့်သုံးနိုင်ခြင်း ရှိ၊ မရှိ ကိုလည်း ဆန်းစစ်ခဲ့ကြပါသည်။ ကုလသမဂ္ဂ ထည့်ဝင်ကြေးစနစ်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အရွယ်အစား၊ လူဦးရေနှင့် အရေးပါမှုကို အခြေခံ၍ အချိုးတစ်ခုကို တွက်ချက်ပြီး ထည့်ဝင်ခြင်းဖြစ်ပါသည်။ သို့သော်လည်း ယင်းစနစ်သည် ထည့်ဝင်ကြေး ပမာဏကြီးမားစွာ ထည့်ဝင်သူကို အခွင့်အရေးပိုမိုပေးသည့်သဘောရှိသဖြင့် တူညီသည့်အချိုးဖြင့် ထည့်ဝင်မှုသည် အဖွဲ့ဝင်များ၏ ညီမျှသည့်အခွင့်အရေးနှင့် သာတူညီမျှပိုင်ဆိုင်မှုကို ဖြစ်ပေါ်စေမည်ဟု ယူဆကြပါသည်။

အာဆီယံ၏ အသုံးစရိတ်တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အသုံးစရိတ် (Operating budget)နှင့် လုပ်ငန်းစီမံကိန်းများအတွက် အသုံးစရိတ် (Project expanditure) ဟု ရှိသည်ဖြစ်ရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအတွက် အသုံးစရိတ်များကို အာဆီယံနိုင်ငံအားလုံးမှ အချိုးကျထည့်ဝင်ပြီး လုပ်ငန်းစီမံချက်များအတွက် အသုံးစရိတ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထည့်ဝင်နိုင်သည့်အခြေအနေ (ability to pay) နှင့် ဆွေးနွေးဖက်နိုင်ငံစသည့် ပြင်ပမိတ်ဖက်နိုင်ငံများမှ ထည့်ဝင်ကြရန်ဖြစ်ပါသည်။ ထို့အပြင် အခြားသော ဆန်းသစ်သည့်နည်းလမ်းများဖြင့် ရန်ပုံငွေရှာဖွေကြရန် ဖြစ်ပါသည်။ ယင်းသို့ ဝင်ငွေရှာဖွေမှုများတွင် အာဆီယံပြည်သူမဟုတ်သော အခြားနိုင်ငံသားများ၏ ပြည်ပခရီးသွားလာမှုတွင် လေယာဉ်လက်မှတ်များ၌ တစ်ဒေါ်လာစီ ထပ်ဆောင်အခွန်းကောက်ခံ၍ ရန်ပုံငွေရှာဖွေရန် သို့တည်းမဟုတ် ဗီဇာခငွေများတွင် ထပ်ဆောင်းအခွန်ငွေ ကောက်ခံ၍ ရှာဖွေကြရန်လည်း စဉ်းစားလျက်ရှိနေကြပါသည်။

နောက်ထပ်နည်းလမ်းတစ်ခုမှာ အာဆီယံအပေါ် အခြေခံသည့်အဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း၏ ကုန်ကျစရိတ်များအတွက် ရန်ပုံငွေများ အချိုးကျ ထည့်ဝင်ကြရန်ဖြစ်ပါသည်။ ဥပမာအားဖြင့် အာဆီယံအပြင် အာဆီယံကိုအခြေခံသည့်အဖွဲ့အစည်းများဖြစ်သည့် အာဆီယံအပေါင်းသုံးအစည်းအဝေး၊ အာဆီယံ ဒေသဆိုင်ရာဖိုရမ်၊ အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံအပေါင်းတစ်အစည်းအဝေး၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အပေါင်း အစည်းအဝေးများ ရှိသည်ဖြစ်ရာ ယင်းအစည်းအဝေးများအတွက် ကုန်ကျစရိတ်များကို အာဆီယံဘတ်ဂျက်မှ ကျခံပေးလျက်ရှိပါသည်။ ယင်းသို့ ကျခံပေးရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း စုပေါင်းအကုန်ကျခံရန် တာဝန်ရှိသည့် အားလျော်စွာ ယင်းအစည်းအဝေးများနှင့် ယန္တရားများအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာ အဖွဲ့ဝင်များမှကျခံပေးကြရန် ဖြစ်ပါသည်။ သို့ဖြစ်၍ အာဆီယံလုပ်ငန်းများကို ချဲ့ထွင်ရာတွင်လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ပိုမိုခိုင်မာစေရန် ချဲ့ထွင်ရာတွင်လည်းကောင်း အာဆီယံကို အခြေပြုသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံများမှ ကျခံပေးနိုင်မည်ဖြစ်ပါသည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာကို (၂၄) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် ၂၀၁၄ခုနှစ် မေ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းမှုကောင်စီအစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။

လက်ရှိအာဆီယံအဖွဲ့အစည်းအား ပိုမိုခိုင်မာစေရန် ကြိုးပမ်းမှုတွင် မြန်မာနိုင်ငံသည် အာဆီယံ၏ ဥက္ကဋ္ဌအနေဖြင့် အာဆီယံ၏ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် (၁၅)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ အစည်းအဝေးနှင့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြမည့် အာဆီယံအထူးလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာနှင့် အကြံပြုချက်များသည် အာဆီယံအဖွဲ့အစည်းကြီး၏ ပိုမိုကျစ်လျစ်ခိုင်မာမှုနှင့် လက်ရှိဖြစ်ပေါ်နေသည့် အာဆီယံအပေါ် ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများကို ပိုမိုထိရောက်စွာ ရင်ဆိုင်ဖြေရှင်းရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် ယင်းသို့ ဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ၏ ဦးဆောင်မှုသည် အဓိကကျပြီး မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ကောင်းသည့် လက်ဆောင်တစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မူလတန်းလွန်ကျောင်းအဆင့်တိုးမြှင့်ဖွင့်

သံတောင်ကြီး ဩဂုတ် ၅

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရေသိုးကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆင့်တိုးမြှင့်ပွဲသို့ ဘောဂလိမြို့အုပ်ချုပ်ရေးမှူး ဦးစောသန့်ဇင်ဦး၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးစောသာဒူးတို့က အမှာစကားပြောကြားပြီး၊ ကျောင်းအုပ်ဆရာမ ဒေါ်နော်ဖောသေထူးက အထိမ်းအမှတ်အလံကို တာဝန်ရှိသူထံသို့ အမှတ်တရပေးအပ်ခဲ့သည်။ ထို့နောက် ရပ်မိရပ်ဖ ဦးမိုင်မိုင်ကရေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးစောသာဒူးက “ ဒေသနေကျောင်းသားကျောင်းသူတွေ အလယ်တန်းအဆင့်အထိ ဆက်လက်ပညာသင်ကြားနိုင်တဲ့အခွင့်အရေးကိုရရှိစေလိုတဲ့ရည်ရွယ်ချက်နဲ့ မူလတန်းလွန်ကျောင်းအဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

သတ္တမတန်းအထိ ပညာသင်ယူနိုင်မှာပါ။ အရင်ကတော့ မူလတန်းပညာပြီးမြောက်လို့ အလယ်တန်းပညာကို ဘောဂလိမြို့၊ တောင်ငူမြို့၊ ပျားစခန်းကျောင်းတွေကို သွားရောက်ပြီး ပညာဆက်လက်သင်ယူရပါတယ်” ဟုပြောကြားခဲ့ကြောင်းသိရသည်။

ကိုတီ(iprd)

ပြည်တွင်းသတင်း

မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျ

တိုက်ကြီး ဩဂုတ် ၅

တိုက်ကြီးမြို့နယ်အတွင်း မြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျကာ မြစ်အတွင်း စေတီတော်နစ်မြုပ်ခဲ့ရကြောင်း သိရသည်။ ဖြစ်စဉ်အရ ပြီးခဲ့သည့် ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါ တိုက်ကြီးမြို့နယ် အဖျောက်မြို့ရေပေါ်သောင်ကျေးရွာ အုပ်စု ရွာသစ်ကျေးရွာ၏ ရွာဦးထိပ်တွင် ၁၃၇၁ ခုနှစ်မှစတင်၍ တည်ထားသော ဉာဏ်တော်ကိုးတောင်ရှိ ငြိမ်းအေးချမ်းသာ ဆုတောင်းပြည့်စေတီတော်မှာ မြစ်ရေတိုက်စားမှုကြောင့် အလျားပေ ၃၀၊ အနံ ပေ ၂၀ ခန့်ရှိ ကမ်းပါးပြိုကျရာတွင် ပါသွားခဲ့ပြီး မြစ်အတွင်းသို့ တိမ်းစောင်းသွားခဲ့ကာ စေတီအနီးရှိ တံခွန်တိုင်မှာလည်း ညပိုင်းတွင်မြစ်အတွင်း လဲကျသွားခဲ့ရသည်။ အဆိုပါ ဆုတောင်းပြည့်စေတီတော်မှာ မြစ်ကမ်းစပ်၌ တိမ်းစောင်းလျက်ရှိရာမှ ဩဂုတ် ၅ ရက် နံနက် ၆ နာရီခွဲက မြစ်အတွင်း နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

အော်ရီဒူးဆင်းကတ်များ သရီးဂျီဟန်းဆက်နှင့်သာ အဆင်ပြေသည်ဟုဆို

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၅

ဆက်သွယ်ရေး အော်ပရေတာ အော်ရီဒူးမှ ငွေကျပ် ၁၅၀၀ တန် ဆင်းကတ်များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ အရောင်းကိုယ်စားလှယ် ၆၅၀၀ တို့တွင် ရောင်းချပေးလျက်ရှိသည့်အပြင် မြို့ကြီးသုံးမြို့၏ လူစည်ကားရာလမ်းမများပေါ်တွင် ဆင်းကတ်ကိုယ်စားလှယ်အရောင်းကားများဖြင့် လိုက်လံရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများပြားလျက်ရှိကြောင်း၊ သို့ရာတွင် သုံးစွဲသူအတော်များများ အဆင်မပြေမှုအချို့ရှိနေကြောင်း သိရသည်။

အော်ရီဒူးဆင်းကတ်ကို ယူအမ်တီအက်စ် ၉၀၀ အနည်းဆုံးအသုံးပြုထားသည့် သရီးဂျီဟန်းဆက်များတွင်သာ ထည့်သွင်းအသုံးပြုနိုင်သဖြင့် ဆင်းကတ်ဝယ်ယူသူ အများစုမှာ ယင်းကတ်များကို စတင်အသုံးပြုနိုင်ရန် အခက်တွေ့နေရကြောင်း သိရသည်။

အော်ရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးအား ယင်းကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းရာ ဆင်းကတ်များကို ဆိုင်များတွင် သွားရောက်ဝယ်ယူရန်မလိုဘဲ အဆင်သင့်သုံးစွဲနိုင်ရေးအတွက် ကိုယ်စားလှယ်များက လိုက်လံအရောင်းမြှင့်တင်ပေးနေခြင်းဖြစ်ကြောင်း၊ သုံးစွဲသူများအတွက် အော်ရီဒူးဆင်းကတ် အသုံးပြုနိုင်မည့်ဟန်းဆက် တစ်သန်းခန့်ကို ငွေကျပ်ငါးသောင်း ဝန်းကျင်ဖြင့် အော်ရီဒူးမြန်မာမှ နည်းပညာကုမ္ပဏီများနှင့်ချိတ်ဆက်ရောင်းချပေးသွားမည်ဖြစ်သဖြင့် မကြာမီဝယ်ယူနိုင်မည်ဟု ဆိုသည်။

"ဝယ်သွားပြီးတဲ့သူတွေက နည်းပညာမြင့်ဟန်းဆက်ကို ဝယ်ယူရမယ်ဆိုတာကို အားလုံးမသိကြသေးတော့ ဖုန်းကတ်တွေကို သုံးမရတာဖြစ်နေတယ်။ ကောလ်စင်တာကို ဖုန်းဆက်မေးတော့ သရီးဂျီယူအမ်တီအက်စ် ၉၀၀ ကနေ ၁၂၀၀ ဟန်းဆက်တွေကို အသုံးပြုပေးပါလို့ ဖြေကြားတယ်။ ဒါ့အပြင် နံပါတ်အလှတွေနဲ့ ကိုယ်လိုချင်တဲ့နံပါတ်ကို ရယူနိုင်တဲ့ ဆင်းကတ်တွေကို ရန်ကုန်မြို့အရောင်းဆိုင်အများစုနှင့်ရွှေ့လျားဆိုင်အများစုရဲ့ ရောင်းဈေးက ငွေကျပ်ငါးထောင်ဖြစ်ပါတယ်" ဟု ဝယ်ယူလာသူတစ်ဦးက ပြောကြားသည်။ **(မြန်မာ့အလင်း)**

စစ်တွေမြို့ ပြည်နယ်အထွေထွေဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသောကလေးငယ်မှာ ဆာလ်ဖာဆေးမတည့်ခြင်းကြောင့် ဖြစ်ပွားသောရောဂါခံစားနေရသူသာဖြစ်ပြီး အီဘိုလာရောဂါဖြစ်ပွားနေခြင်းမဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရ

နေပြည်တော် ဩဂုတ် ၅

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် ကလေးငယ်တစ်ဦး Ebola Virus ရောဂါဖြင့် ဆေးကုသမှုခံယူနေကြောင်း အင်တာနက်သတင်းများတွင် ဩဂုတ် ၄ ရက်မှစတင်၍ ဖော်ပြလျက်ရှိသည်။

အင်တာနက်သတင်းတွင် ဖော်ပြထားသည့်လူနာမှာ မင်းပြားမြို့နယ်ရှိ ကျေးရွာတစ်ရွာနေ အသက်ခြောက်နှစ်အရွယ်ယောကျာ်းလေးတစ်ဦးဖြစ်ပြီး ဇူလိုင် ၂၄ ရက်နံနက် ၁၀ နာရီမှစတင်၍ ဆာလ်ဖာဆေးမတည့်ခြင်းကြောင့် ဖြစ်ပေါ်လာသော Stevens-Johnson Syndrome ရောဂါဖြင့်စစ်တွေမြို့ ပြည်နယ်အထွေထွေဆေးရုံကြီး၌ တက်ရောက်ကုသနေသူ ဖြစ်ကြောင်း၊ လူနာသည် အဖျား ရောဂါဖြင့် ရွာတွင် ဇူလိုင် ၂၁ ရက်မှစ၍ ဆေးသောက်ခဲ့ပြီး နှစ်ရက်အကြာ ဇူလိုင် ၂၃ ရက်တွင် မင်းပြားမြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးသို့ လွှဲပြောင်း ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Stevens-Johnson Syndrome ရောဂါသည် မွေးရာပါခုခံအားစနစ်ချို့ယွင်းနေသူများတွင် ဆေးဝါးဓာတ်မတည့်ခြင်း၊ အထူးသဖြင့် ဆာလ်ဖာဓာတ်ပါဝင်သော ဆေးဝါးများကြောင့် ဖြစ်ပွားပြီး Human Immuno Deficiency Virus, Coxsackievirus အသည်းရောင်ရောဂါပိုး၊ တုပ်ကွေးရောဂါပိုးတို့ ဝင်ရောက်ခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်းတို့ကြောင့် ဖြစ်ပွားလေ့ရှိကြောင်း၊ ဆေးဝါးဓာတ်မတည့်မှုကြောင့် အများဆုံးဖြစ်ပွားလေ့ရှိပြီး ယင်းရောဂါဖြစ်ပွားပါက ပထမဦးစွာဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ဖြစ်ကာ နောက်ပိုင်းတွင် ပါးစပ်၊ နှုတ်ခမ်း၊ လိင်အင်္ဂါနှင့် စအိုပတ်ဝန်းကျင်တို့တွင် အနာများဖြစ်ပေါ်ခြင်း၊ ပါးစပ်ထဲတွင် အနာများဖြစ်ပွားပါက လူနာသည် အလွန်အမင်းနာကျင်ပြီး အစာမစားနိုင်ခြင်း၊ ကလေးငယ်များတွင် ယင်းရောဂါဖြစ်ပွားပါက လူနာ ၃၀ ရာခိုင်နှုန်း၌ မျက်စိနာခြင်း ဖြစ်ပွားနိုင်ကြောင်း၊ မျက်နှာ၊ ခန္ဓာကိုယ်၊ ခြေလက်၊ ခြေဖဝါးတွင် တစ်လက်မပတ်လည်ခန့် အနီပြင်များထွက်ခြင်း၊ မျက်ကြည်လွှာပျက်စီးခြင်း၊ မျက်စိကန်းခြင်း၊ ကိုယ်တွင်းကလီစာများ ပျက်စီးခြင်းတို့ဖြစ်နိုင်ကြောင်း သိရသည်။

ကလေးငယ်အား စစ်တွေမြို့ ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုများ၏ ပြုစုကုသပေးမှုကြောင့် ယခုအခါ အခြေအနေသက်သာကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

ကျန်းမာရေး ဝန်ကြီးဌာနက အီဘိုလာရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ယနေ့အထိ အီဘိုလာရောဂါဖြစ်ပွားသူ မရှိကြောင်း၊ အင်တာနက်သတင်းတွင် ဖော်ပြထားသည့် အဆိုပါသတင်းမှာ မှားယွင်းဖော်ပြချက်သာ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရှိရသည်။

(သတင်းစဉ်)

ကျွန်းလှမြို့နယ်တွင် လူတစ်ဦးမြေပိသေဆုံး

ကျွန်းလှ ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တင်းတိန်ရုံကျေးရွာတွင် ဩဂုတ် ၄ ရက်က လူတစ်ဦး မြေပိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းလှမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်ထွန်းလင်းအောင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ယင်းနေ့ ညနေ ၄ နာရီက တင်းတိန်ရုံကျေးရွာ ရွာဟောင်းကုန်း၌ လူတစ်ဦးမြေပိ၍သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် တင်းတိန်ရုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်စော၊ ဆယ်အိမ်မှူး ဦးကြည်ငွေ ဦးထွန်းထွန်းနိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ကန့်ဘလူမြို့နယ် ကမ်းဖြူကျေးရွာနေ မောင်စိုးလင်းအောင် တင်းတိန်ရုံရွာဟောင်းကုန်း (ယခင်ရွှေကျင်ထားသည့် ကျင်းဟောင်း) ကို သစ်သားအင်ဝိုင်းဖြင့် ရွှေကျင်ရန်မြေကြီးကို ပေါက်ပြားဖြင့် တူးရာမှ မြေပြိုကျလာပြီး မြေပိ၍သေဆုံးသွားကြောင်း တွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

သံအမတ်ကြီးဦးကျော်စွာမင်းအား ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးကျော်စွာမင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဒိန်းမတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန် ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန် အလွန်ခက်ခဲသော ရောဂါဖြစ်ပါသည်။
- ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria & Sierra Leone နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ၂၀၁၄ ခုနှစ် မတ်လမှ ၁-၈-၂၀၁၄ ရက်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူ ၁၆၀၃ ဦးနှင့် သေဆုံးသူ ၈၈၇ ဦးရှိခဲ့သည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သောနည်းလမ်းများ

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသောလူ (သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။
- အဆိုပါသွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- **ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ H_7N_9 ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ပြင်းထန် အဆုတ်ရောင်ရောဂါ (MERS CoV)တို့ကဲ့သို့ လေထဲမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါမဟုတ်ပါ။**
- အီဘိုလာရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန်ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားရန် ကာကွယ်ရန်အရေးကြီးပါသည်။**
- ရောဂါပိုးရှိသော လူနာနှင့်တိရစ္ဆာန်တို့၏ တံတွေး၊ သွေးစသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့် နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသော နိုင်ငံများ၊ အထူးသဖြင့် (အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန် အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- **ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊**
- အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့်ကျောက်ကပ်များ၊ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

အီဘိုလာရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကိုရေနှင့်ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှ ထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်းမပြုရ၊
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှ ထွက်သောအရည်များရှိနိုင်သည့် (အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရန်း၊ နံရံစသည်တို့အား) ထိတွေ့ကိုင်တွယ်ခြင်းမပြုရ၊
၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ၊
ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးချည့်ခြင်း၊ လည်ချောင်းများနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း၊
၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ၊
၇။ နိုင်ငံခြားသို့ခရီးသွားရောက်ရန် အစီအစဉ်ရှိပါကရောဂါဖြစ်ပွားကူးစက်နေသည့် နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာရောဂါ ကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက ဂုဏ်ပြုဆုများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အထက(၁) စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။ (ဝဲပုံ)

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ သန်လျင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး၊ ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ဦးကျော်မြင့်အောင်၊ ခရမ်းမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအား ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ ဆရာ ဆရာမများ၏ တာဝန်ကျေပွန်မှုများကြောင့် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ငါးဘာသာဂုဏ်ထူးရှင်အား ဆုငွေကျပ် တစ်သိန်း၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦးအား ဆုငွေကျပ်ငါးသောင်းစီ၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦးအား ဆုငွေကျပ် သုံးသောင်းစီ၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦးအား ဆုငွေကျပ် နှစ်သောင်းစီ၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၂ ဦးအား ဆုငွေကျပ် တစ်သောင်းစီ၊ မြို့နယ်တစ်မြို့နယ်လုံးတွင် အောင်ချက်အကောင်းဆုံးကျောင်း အထက ဒေးပေါက်အား ချီးမြှင့်ငွေကျပ် ငါးသိန်းကို ခရမ်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြညိမ်းနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဆုများကို အသီးသီးချီးမြှင့်ခဲ့ကြပြီး ငါးဘာသာဂုဏ်ထူးရ ကျောင်းသား မောင်ကိုကိုထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ခရမ်းမြို့နယ် တစ်မြို့နယ်လုံး၌ ၄၅ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် အထက ဒေးပေါက်က ပထမ၊ အောင်ချက် ၄၄ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် အထက ခရမ်းက ဒုတိယ၊ အောင်ချက် ၄၁ ဒသမ ၀၃ ရာခိုင်နှုန်းဖြင့် အထက(ခွဲ) ကွမ်းမိုးဒိန်းက တတိယ ရရှိအောင်မြင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြည်သူများအတွက် အချိန်ကုန်သက်သာပြီး တစ်နေရာတည်း၌ နေ့ချင်းပြီး ထိရောက်စွာဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ဆယ်ရွာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို One Stop Service ဖြင့် တစ်နေရာတည်းတွင် အခမဲ့နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက် ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား လုပ်ငန်းလိုအပ်ချက်များကို ရှင်းနိုးပွင့်လင်းစွာ မေးမြန်းသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦး၏ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေနိုင်သည့် အထောက်အထားတစ်ခု ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် ဥပဒေလုပ်ထုံးလုပ်နည်း၊ နောက်ကြောင်းဖြစ်စဉ်၊ မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ရသဖြင့် ရှုံး၍သာဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သော်လည်း ပြည်သူများအတွက် အချိန်ကုန်ငွေကုန်သက်သာပြီး တစ်နေရာတည်း၌ နေ့ချင်းပြီး ဆောင်ရွက်၍ ထိထိရောက်ရောက် ဖြည့်ဆည်းပေးလိုသည့်ဆန္ဒဖြင့် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုများအပေါ် ပြည်သူများကလည်း ကတ်ပြားများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် အရေးကြီးပါကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်း ဆောင်ရွက်မှုများအပေါ် မပြေလည်သည်များ၊ မရှင်းလင်းသည်များ၊ သိရှိလိုသည်များရှိပါက အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း မိမိပတ်ဝန်းကျင်ရှိသူများကို လက်ဆင့်ကမ်းအသိဖလှယ်မှုဝေပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက လုပ်ငန်းလိုအပ်ချက်များ၊ မရှင်းလင်းသည့် အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာပြည်သူများထံ ပေးအပ်သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်မှုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားဖိုး ကျသင့်ငွေများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီကလည်းကောင်း၊ ဓာတ်ပုံရိုက်ခ၊ သွေးစစ်ခ၊ မိတ္တူကူးခ၊ ပလတ်စတစ်ကတ်လောင်းခ အစရှိသည့် ကုန်ကျစရိတ်များကို ပြည့်ပြည့်ကျော်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်လွင်လွင်ညွှန့်ကလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒေသခံ ရွာသူရွာသားများအား ပြည့်ပြည့်ကျော် ထရေးဒင်းကုမ္ပဏီလီမိတက်မှ လှူဒါန်းသည့် မိုးပွင့်အဆင့်(၆)စီမံချက် အမှတ်တရ အင်္ကျီများနှင့် ချွေးသုတ်ပဝါများ၊ စားသောက်ဖွယ်ရာများကို ဝေငှပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ထုတ်ပေးနေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒလမြို့နယ် ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံတည်ဆောက်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး

ဒလ ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသော ဒလမြို့နယ် ဆာပါချောင်/ကျောင်းစုရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြုကျောက်စီတမံအလျား ပေ ၆၄၀ တည်ဆောက်ခြင်း လုပ်ငန်းမှာ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း တာဝန်ယူ တည်ဆောက်နေသော UPROSE JAPAN GENERAL COMPANY LIMITED တာဝန်ရှိသူများထံမှ သိရသည်။

ကုမ္ပဏီဒါရိုက်တာ ဦးသန်းထွန်းအောင်က "အခုကမ်းပြိုတည်ဆောက်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ဩဂုတ် ၁၅ ရက်ဆို ဦးစီးဌာနကို ပြန်လည်အပ်နှံဖို့ ပြင်ဆင်ထားတယ်။ ရာသီဥတုအခြေအနေကြောင့် ရက်နောက်ဆုတ်ရရင်လည်း နောက်ဆုတ်ရမယ်။ ဒီလထဲမှာပဲ အပြီးအပြတ်ဆောင်ရွက်ပြီး အပ်နှံမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

"အခု ကျောက်စီတမံ တည်ဆောက်ခြင်းလုပ်ငန်းက အောက်ခြေမှာ ဘိုးပိုင်လုံးများကို ပေ ၆၀ အထိ ရိုက်ထည့်ထားပြီး အမြင့်(အထူ) တစ်ပေခွဲနှင့် အကျယ် ရှစ်ပေရှိ သံကူကွန်ကရစ်လောင်း၍ ပိုင်ကတ် တောက်လျှောက်လုပ်ထားပါတယ်။ အဲဒီအပေါ်မှာ အောက်ခြေအထူက ခြောက်ပေ၊ အမြင့်က မြေပြင်အခြေအနေအရ ကိုးပေ၊ ရှစ်ပေ စသည်ဖြင့်ရှိပြီး အရှည်က ၆၅၁ ပေရှိသော ကျောက်စီတမံအဖြစ် စံချိန်စံညွှန်းနဲ့အညီ တည်ဆောက်ထားတာဖြစ်ပါတယ်" ဟု ကုမ္ပဏီမှ လုပ်ငန်းကြီးကြပ်သူ ဦးနေမျိုးဇော်က ဆက်လက်ရှင်းပြခဲ့သည်။

တွံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ထိုသို့လုပ်ငန်းအဆင့်ဆင့်ကို စံချိန်မီ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရပ်ကွက်ပြည်သူ တစ်ဦးဖြစ်သူ အသက် ၇၀ကျော် ဦးဝင်းက "အဘတို့ ငယ်ငယ်က ဒီတူးမြောင်းကမ်းစပ်ဟာ ဟိုအလယ်လောက်မှာရှိတယ်။ အိမ်ခြေ ၃၀၊ ၄၀ လောက်ရှိပြီး ဥယျာဉ်ခြံမြေတွေ ရှိတဲ့နေရာပါ။ တဖြည်းဖြည်း ကမ်းပါးပြိုလာခဲ့တာ အဲဒီဥယျာဉ်တွေလည်း ဆုံးရှုံးသွားခဲ့ရတယ်။ အိမ်တွေလည်း ဒီဘက်ပြောင်းရွှေ့လာခဲ့ရတာပါ။ အခုလို ကျောက်စီတမံကြီးကို အခိုင်အမာ တည်ဆောက်ပေးလို့ ရပ်ကွက်ပြည်သူတွေ စိတ်အေးချမ်းသာရပြီဖြစ်တဲ့အတွက် အလွန်ဝမ်းသာမိပြီး ကျေးဇူးလည်း အထူးတင်ပါတယ်" ဟု ပြောပြသည်။

သတင်းနှင့်ဓာတ်ပုံ-သန်းဌေး(ဒလ)

မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွဋ်နှင့် ဝန်ထမ်းများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၃ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူ အသက် ၁၀ နှစ်ပြည့်သူ ၅၃ ဦးနှင့် ၁၈ နှစ်ပြည့်သူ ၇၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

ဘီယာ၊ ဝိုင်၊ ဆေးမျိုးစုံ ငွေကျပ် ၁၇ သိန်းကျော်ဖိုးသိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

တာချီလိတ် မယ်ယန်း ကုန်စည်စစ်ဆေးရေးဝင်းအတွင်း ဇူလိုင်လအတွင်းက ယာဉ်သုံးစီးပေါ်မှ Chang Beer ၁၉ ပါကင်၊ စပျစ်ဝိုင် ၁၂ ပါကင်၊ Leo Beer ၇၅ ပါကင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၇၆၀၀ နှင့် အိမ်သုံးဆေး ၂၈ မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၇၇၄၀ စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၄၅၃ သိန်းဖိုး သိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါသိမ်းဆည်းရမိပစ္စည်းများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲအရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အနီးတွင် ဂျပန်နိုင်ငံက ကူးတို့ဆိပ်ကမ်းသစ်နှင့် ခရီးသည်များ အဆင်းအတက် ပြုလုပ်နိုင်သော တံတားနှစ်စင်းအပြင် ခရီးသည် နားနေဆောင်များကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လာမည့် အောက်တိုဘာလတွင် လုပ်ငန်းများ ပြီးစီးရန် ကြိုးစားလုပ်ကိုင်လျက်ရှိသည်။

"ကူးတို့ဆိပ် အဆင်းအတက် တံတားနှစ်စင်းလုံး ပြီးစီးသွားရင် ကျွန်တော်တို့ရဲ့ ယာယီဆိပ်ခံဘော နေရာမှာ ဂျပန်တို့ရဲ့ဆိပ်ခံဘောနဲ့ အစားထိုးနေရာချပေးဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပန်းဆိုးတန်း- ဒလကူးတို့ယာဉ် ပြေးဆွဲမှုကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းမှ ကူးတို့ရေယာဉ်များဖြင့် နေ့စဉ်ခရီးသည်များကို ပို့ဆောင်ပေးလျက်ရှိသည်။ ဂျပန်နိုင်ငံ Grand Aid အစီအစဉ်ဖြင့် ဂျပန်နိုင်ငံတွင် တည်ဆောက်ခဲ့သော ကူးတို့ယာဉ် သုံးစင်းသည်လည်း ပန်းဆိုးတန်း-ဒလ ခရီးစဉ်တွင် ပြေးဆွဲရန် လာမည့်နိုဝင်ဘာလ၌ မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်သည်။

အဆိုပါကူးတို့ရေယာဉ်များကို ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံက လက်ဆောင် ပေးအပ်သွားမည်ဖြစ်သည်။ လက်ရှိအချိန်၌ ဒလဘက်ရှိ ကူးတို့ဆိပ်ကမ်းကို ဂျပန်တို့က သတ်မှတ်ရက်အတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

(မြန်မာ့အလင်း)

မြန်မာ့မသန်စွမ်းအားကစားအသင်းအတွက် အားကစားပြိုင်ပွဲသုံးဘီးတပ်ကုလားထိုင်များလှူဒါန်း

နေပြည်တော် ဩဂုတ် ၅

မြန်မာ့မသန်စွမ်း အားကစား အသင်း တိုးတက်အောင်မြင်ရေး အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ပြေးခုန်ပစ်အားကစား၊ သုံးဘီးတပ်ကုလားထိုင် ငါးစီးနှင့် ဘတ်စကက်ဘော အားကစားသုံး သုံးဘီးတပ်ကုလားထိုင် ၁၀ စီးစုစုပေါင်း ဘီးတပ်ကုလားထိုင် ၁၅ စီးလှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ(မင်္ဂလာဒုံ)၌ ကျင်းပရာ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ၊ အားကစားအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်ချုပ်နေလင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်နေလင်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသော Wheel Chair ၁၅ စီး၊ Triple Phoenix Co.,Ltd. မှလှူဒါန်းသော Training Roller တစ်ခုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ တပ်မတော်မသန်စွမ်းအားကစားကော်မတီ ဥက္ကဋ္ဌက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၎င်းနောက် မသန်စွမ်းအားကစားသမားများက ဘီးတပ်ကုလားထိုင်များကို သရုပ်ပြစီးနင်းပြသကြသည်။

ယနေ့ လှူဒါန်းသော ပြေးခုန်ပစ်အားကစားသုံး ဘီးတပ်ကုလားထိုင်တစ်စီးလျှင် တန်ဖိုးငွေကျပ် ၃၉၆၈၄၂၄၊ ဘတ်စကက်ဘောပြိုင်ပွဲ သုံးဘီးတပ်ကုလားထိုင်တစ်စီးလျှင် တန်ဖိုးငွေကျပ် ၃၁၃၁၄၁၉ နှင့် Training Roller တစ်ခုလျှင် တန်ဖိုးငွေကျပ် ၁၉၃၀၅၀၀ တို့ဖြစ်ပြီး လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၃၀၈၆၈၁၀ ဖြစ်ကြောင်းသတင်းရရှိသည်။ **(မြဝတီ)**

ပြည်တွင်းသတင်း

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေးတွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီတွင် Help Age Korea(HAK) မှ Director Mr.Cho Hyunse ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၌ ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံး အခမဲ့သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ အာဆီယံနှင့် Help Age Korea(HAK) တို့ ပူးပေါင်းဆောင်ရွက်မည့် ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့်ရှောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် UNICEF (မြန်မာ)မှ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာန အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို အဓိက ဝန်ကြီးဌာန (Focal Ministry) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိနေမှုအခြေအနေများ၊ ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနနှင့် UNICEF အပါအဝင် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လျက် လူမှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒအား ရေးဆွဲနေမှု လုပ်ငန်းများ၊ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းများအတွက် နည်းပြသင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရရှိအောင် သင်ကြားပို့ချနေမှုအခြေအနေများ၊ ပြုပြင်ပြောင်းလဲရေးတတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များအဖြစ် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို အဖွဲ့အစည်းနှစ်ခုအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာဝန်ခံမှုရှိသော အုပ်ချုပ်မှုစနစ်အားကောင်းစေရန်နှင့် မီဒီယာအခန်းကဏ္ဍအသိပညာပိုင်းဆိုင်ရာမျှဝေ

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်တွင် ယနေ့ ပြည်သူများအားထားရာ စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နေသည့် မြန်မာမီဒီယာလောကသားများကို တာဝန်ခံမှုရှိသော အုပ်ချုပ်မှုစနစ်အားကောင်းစေရန်နှင့်မီဒီယာအခန်းကဏ္ဍ အသိပညာပိုင်းဆိုင်ရာ မျှဝေပေးမှုသင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် ခပေါင်းလမ်းရှိ အက်ရှင်အေ့ဒ်ရုံး၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို အက်ရှင်အေ့ဒ်မှ မြန်မာနိုင်ငံအတွင်းရှိသတင်းမီဒီယာသမားများနှင့် သုတေသနပြုလုပ်သူလူငယ်များအား တာဝန်ခံမှုရှိသော ဒေသန္တရအုပ်ချုပ်မှုပိုင်းဆိုင်ရာအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ကျေးလက်၊ မြို့နယ်များအကြား ပြည်သူအကျိုးပြုအရေးကိစ္စများကို ပုံဖော်ရေးသားခြင်းဖြင့် ကောင်းမွန်ပြီး တာဝန်ခံမှုရှိသော အုပ်ချုပ်မှုစနစ် အသိပညာပိုင်းဆိုင်ရာ မြှင့်တင်ရေးသားနည်းများကို သိရှိစေရန် ရည်ရွယ်လုပ်ဆောင် သင်တန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကို ဦးဆောင်ဖွင့်လှစ်လုပ်ဆောင်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲနေတဲ့ အခုလို ကာလအတွင်းမှာ စတုတ္ထမဏ္ဍိုင်တစ်ခုအဖြစ်ရပ်တည်နေတဲ့ မီဒီယာသမားတွေကို ဒေသန္တရအုပ်ချုပ်မှုပိုင်းဆိုင်ရာနဲ့ တာဝန်သိမှု၊ တာဝန်ခံမှုပိုင်းဆိုင်ရာတွေမှာ သတင်းအချက်အလက်မှန်မှန်ကန်ကန်၊ အားကောင်းကောင်းနဲ့ သတင်းပိုင်းဆိုင်ရာရေးသတင်းဆောင်းပါးအတတ်ပညာပိုင်းဆိုင်ရာတွေပါ ကောင်းမွန်တဲ့ ပြည်သူအခြေပြုရေးသားနည်းတွေကို သိရှိမျှဝေစေဖို့ အက်ရှင်အေ့ဒ် အနေနဲ့ ချိတ်ဆက်လုပ်ဆောင်ပေးခဲ့တာပါ" ဟုအက်ရှင်အေ့ဒ်မှ သင်တန်းအရာရှိ ကိုထွယ်ဆန်းအောင်က ပြောသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ သင်တန်းကာလ ငါးရက်သင်ကြားပေးမည်ဖြစ်ပြီး ပထမနေ့နှင့် ဒုတိယနေ့တို့တွင် Governance, Accountability, Decentralization, Representation (Diversity and Inclusiveness)တို့ကိုလည်းကောင်း၊ တတိယနေ့တွင် Artical Development ကိုလည်းကောင်း၊ စတုတ္ထနေ့တွင် Case Story Development နှင့် နောက်ဆုံးနေ့တွင် Media Advocacy တို့ကို ဆရာဦးစောကပီ၊ ဆရာဦးမြင့်ကျော်၊ ဒေါက်တာကျော်ငြိမ်းအေးနှင့် ဆရာရဲနိုင်မိုးတို့က သင်ကြားမျှဝေပေးမည်ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ဒီသင်တန်းကို လာတက်ဖြစ်တာကတော့ ဒီအက်ရှင်အေ့ဒ်ဟာ အဖွဲ့အစည်းအသီးသီးနဲ့ချိတ်ဆက်ပြီး ကျေးလက်ဒေသန္တရဖွံ့ဖြိုးမှု အသိပညာပိုင်းဆိုင်ရာလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေတာဖြစ်တော့ ကျွန်တော်တို့ မသိသေးတဲ့ အုပ်ချုပ်မှုဒေသန္တရပိုင်းဆိုင်ရာတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုအချက်အလက်တွေနဲ့ အခက်အခဲတွေကို သိရှိရမယ်လို့ထင်တယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့က အခြေအနေအရ သတင်းဆောင်းပါးသိပ်မရေးဖြစ်ခဲ့ဘူး။ လူမှုရေးဆိုင်ရာ အကျိုးပြုဆောင်းပါးကိုတော့ အနည်းအကျဉ်းရေးဖြစ်ခဲ့တယ်။ အဲဒါကြောင့် ဒီသင်တန်းက ကျွန်တော်မသိသေးတဲ့ ဆောင်းပါးရေးနည်းတွေ၊ ကျေးလက်ဒေသအကျိုးပြု အချက်အလက်ကလေးတွေကိုသိချင်လို့ လာရောက်တက်ဖြစ်ခဲ့တာပါ" ဟု အွန်လိုင်းမြန်မာခေတ်မီဒီယာမှ သတင်းထောက်ချုပ် ကိုချစ်မင်းထွန်းက အဆိုပါသင်တန်းနှင့် ပတ်သက်၍ သူ၏ ရင်တွင်းခံစားမှုကိုဖွင့်ဟခဲ့သည်။

အဆိုပါသင်တန်းကို နိုင်ငံတစ်ဝန်းမှ နေ့စဉ်ထုတ်သတင်းများ၊ ဂျာနယ်များမှ မီဒီယာသတင်းသမားများနှင့် သုတေသနပြုလုပ်သူ လူငယ်များကို အက်ရှင်အေ့ဒ်မှ ၂၀ ရွေးချယ်ပေးခဲ့ပြီး သတင်းပိုင်းဆိုင်ရာ အတတ်ပညာ Certificate ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်သည့်အပြင် အဆိုပါသင်တန်းမှ ထူးချွန်သူလူငယ် ငါးဦးကိုရွေးချယ်ပြီး နယ်ဒေသအချို့တို့တွင် လက်တွဲပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စိန်လွင်အောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၅

ဩဂုတ် ၃ ရက် နံနက် ၉နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်၊ နမ့်ခမ်း လှုပ်ရှားအဖွဲ့မှ ရဲအုပ်ဇော်မင်းသိန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန့်နောင်ကျေးရွာ မန့်နောင်ကူးတို့ဆိပ်အနီးတွင် နမ့်ခမ်းဘက်မှ မန့်နောင်ကူးတို့ဆိပ်ဘက်သို့ အောင်လွင်ဦး(ခ) တွမ်ခေး မောင်းနှင်လာသည့် YINXANG ISO 9001 အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ရှေ့ခေါင်းလက်ကိုင်နှစ်ဖက်ကြားရှိ တူးဘောက်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၀ ထုပ်စီး ၁၀ ထုပ်၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို ပလတ်စတစ်တိပ်၊ မိုင်းကိုင်စက္ကူတို့ဖြင့် ထုပ်လျက် သိုဝှက်သယ်ဆောင်လာစဉ် ရှာဖွေတွေ့ရှိခဲ့သည်။

တရားခံအောင်လွင်ဦး(ခ)တွမ်ခေးအား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိသူ အောင်လွင်ဦး(ခ) တွမ်ခေး(၃၁နှစ်) ဟိုကတ်ရပ်ကွက် နမ့်ခမ်းမြို့နေသူကို စစ်ဆေးချက်အရ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများမှာ နမ့်ခမ်းမြို့နယ် တာကွန့်ကျေးရွာနေ မအားရှန်းက ၎င်းအား မြန်မာ-တရုတ်နယ်စပ်သို့ ပို့ဆောင်ခ တရုတ် ယွမ်ငွေ ၂၀၀၀ ဖြင့် ပို့စေခဲ့ကြောင်း သိရှိရသည်။

အောင်လွင်ဦး(ခ) တွမ်ခေးကို နမ့်ခမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေးအတွက် စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

တနိုင်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

တနိုင်း ဩဂုတ် ၅

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျိတ်လင်းန်မြန်မာကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ တနိုင်းချောင်းအတွင်းငါးမျိုးများ စိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီက တနိုင်းချောင်း ဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဝေမိုးထွန်းနှင့်ဝန်ထမ်းများ၊ ဂျိတ်လင်းန်မြန်မာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ငါးမြစ်ချင်း(ငါးသန်)ကောင်ရေ လေးသိန်းခွဲ၊ ငါးခုံးမကြီး (ငါးသန်)ကောင်ရေ နှစ်သိန်း စုစုပေါင်းငါးသန်ကောင်ရေ ခြောက်သိန်းခွဲကို တနိုင်းချောင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **အောင်အောင်ထွေး(တနိုင်း)**

❋ ကျောဖုံးမှ

လူနေတဲသုံးလုံး ပျက်စီးဆုံးရှုံးမှုရှိခဲ့ပြီး လူနေတဲတစ်လုံးပေါ်၌ အဝတ်လျှော်နေသူမကြူကြူသင်း (၂၂ နှစ်)သည် ပြိုကျသည့်မြေကြီးနှင့်အတူ ပါသွားခဲ့သည်။ မွန်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်၊ နယ်မြေတပ်မနှင့် ခြေလျင်တပ်ရင်းမှအရာရှိအရာခံနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ရင်ပြင်တော်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပျောက်ဆုံးအလောင်းကိုရှာဖွေခြင်း၊ ကားလမ်းမတစ်လျှောက် ပိတ်ဆို့နေသော ကျောက်တုံးကျောက်ခဲများနှင့် မြေသားများကို ရှင်းလင်းပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းမောင်

ပေါင်မြို့နယ်တွင် လေပြင်းတိုက်ခတ်၍ လူနေအိမ်များ ပျက်စီး

ပေါင် ဩဂုတ် ၅

မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင်ချောင်လေးကျေးရွာတွင် ဩဂုတ် ၄ ရက် နံနက် ၉ နာရီက လေပြင်းတိုက်ခတ်သဖြင့် လူနေအိမ် သွပ်မိုး၊ ပျဉ်ခင်းငါးလုံး၊ ဖက်မိုး၊ ဖက်ကာတဲကိုးလုံးပြိုကျ၊ အိမ်ငါးလုံး၊ သွပ်မိုးလန် အိမ်ကိုးလုံး စုစုပေါင်း အိမ် ၁၄ လုံး ပျက်စီးဆုံးရှုံးသွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၈၁ သိန်းခန့်ရှိသည်။ လေဘေးသင့်မိသားစု အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၇၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က နီးစပ်ရာဆွေမျိုးများထံ ခေတ္တနေရာချထားပေးပြီး ပျက်စီးသွားသော လူနေအိမ်များ ပြန်လည်ပြင်ဆင်ရေးအတွက် လိုအပ်သည့်ကူညီမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဖြစ်စဉ်တွင် လူနှင့်တိရစ္ဆာန်များ အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (iprd)

❒ ကျောဖုံးမှ

အမာခံကစားသမားအများစု ပါဝင်လာမည်ဖြစ်သည်။

အနိုင်ရ

နေပြည်တော် အသင်းမှာ ကွာတားအသင်းမှ စတင်ကစားခဲ့ရပြီး မကွေးကို ပယ်နယ်တီဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ ချင်းအသင်းမှာမူ ဒုတိယအဆင့်တွင် ဒဂုံကို နှစ်ဂိုး - ဂိုးမရှိ၊ တတိယအဆင့်တွင် မနောမြေကို နှစ်ဂိုး-တစ်ဂိုး၊ ကွာတားတွင် ဟံသာဝတီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလာခြင်းဖြစ်သည်။

စိတ်နှလုံးဖြူ
မေတ္တာတု
လူကုန်ကူးခံရသူ
လက်တွဲကူ

ပြည်တွင်းသတင်း

အင်းလေးဒေသဟိုတယ်ဇုန်လုပ်ငန်းရှင်များအား မြေပေးမိန့်များပေးအပ်

တောင်ကြီး ဩဂုတ် ၅

အင်းလေးဒေသ ဟိုတယ်ဇုန်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏အဆိုပြုချက်၊ ကုမ္ပဏီ အဖွဲ့အစည်းများ၏ တင်ပြချက်များ အပါအဝင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတထံရှင်းလင်းတင်ပြလမ်းညွှန်မှုခံယူခဲ့ရာမှ နေရာအနှံ့မဟုတ်ဘဲ ဇုန်သဘောမျိုးဆောင်ရွက်ရန် ခွင့်ပြုခဲ့ရာမှ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဟိုတယ်ဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ (၁၀)ရပ်နှင့် ၂၀၁၃ ခုနှစ်မှ စတင်ပြီး စနစ်တကျဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုကဲ့သို့လုပ်ငန်းရှင်များအား ယာယီမြေပေးမိန့်ထုတ်ပေးနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပြီးဖြစ်၍ လုပ်ငန်းရှင်များ အနေဖြင့်လည်း ရှမ်းပြည်နယ် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် စီးပွားရေးတိုးတက်မှု၊ လူနေမှုအဆင့်အတန်းမြင့်မားမှုတို့အတွက် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်လုပ်ဆောင်ကြရန် တိုက်တွန်းကြောင်း ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် အင်းလေးဒေသဟိုတယ်ဇုန်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ယာယီမြေပေးမိန့်နှင့် အသိအမှတ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ အင်းလေးဒေသဟိုတယ်ဇုန်တွင် အခြေခံလုပ်ငန်းများဖြစ်သည့် လမ်း/တံတားလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီး Sky Place ဟိုတယ်နှင့် ချမ်းသာဟိုတယ်စသည့် လုပ်ငန်းရှင်များမှ အဆောက်အအုံများ စတင်တည်ဆောက်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ရေးကွန်ရက်၊ အပန်းဖြေဇုန်၊ စက်လှေဆိပ်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များအား အဆင့်လိုက်ဆက်လက်တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

ဩဂုတ် ၁ ရက်က ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲကို စစ်တွေမြို့ ဥတ္တမခန်းမ၌ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ကလေးများအား ဗီတာမင်အေ အားဆေးများ တိုက်ကျွေးစဉ်။ ကိုကြီးစော

(ဩဂုတ် ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်လှစ်သတင်း၏ ပုံနှင့်ပုံစာကို ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်က ကလေးများအား ဗီတာမင်အေ အားဆေးများ တိုက်ကျွေးစဉ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။) **စာတည်းအဖွဲ့**

ဇမ္ဗွန်ကျေးရွာတွင် ကျန်းမာရေးအသိပညာပေးဟောပြော

မိုးကုတ် ဩဂုတ် ၅

မိုးကုတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီက မိုးကုတ်မြို့နယ် ဇမ္ဗွန်ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောစုမြိုင်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်ပြုံးကျော်နှင့် ဒေါ်သျှင်သန်းတို့က သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်းနှင့် သက်ငယ်မုဒိန်းမှုအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ဇမ္ဗွန်ကျေးရွာအုပ်စု ကျန်းမာရေးဆရာမက သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ ဇမ္ဗွန်ကျေးရွာရှိ ပလောင်တိုင်းရင်းသူလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များ တက်ရောက်ခဲ့ကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား အိုင်အိုဒင်းဆားများနှင့်အခမ်းအနားတက်ရောက်လာကြသူအားလုံးကို ဆပ်ပြာမှုန့်ထုပ်များနှင့်ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

နေဝါ(မိုးကုတ်)

ငါးဖမ်းရာတွင် အသုံးပြုသည့် ဘက်ထရီရှော့ခ်ပစ္စည်းများဖမ်းမိ

မြင်းခြံ ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အနောက်ဘက် ဧရာဝတီမြစ်ကျိုးအင်းတစ်ခုဖြစ်သော လေးအိမ်တန်းကျေးရွာ လက်ကျားအင်းအတွင်း ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ မြင်းခြံခရိုင်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးသော်ထွန်းဦး၊ အင်းသူကြီးများ၊ အင်းရေလုပ်သားများ ပါဝင်သောအဖွဲ့သည် ဘက်ထရီရှော့ခ်ကိစ္စအတွက် ဩဂုတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ကျားအင်းအတွင်း စက်လှေလေးစင်းဖြင့် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနေစဉ် တွေ့သဖြင့် ဖမ်းဆီးရာ ထိုအဖွဲ့မှ လောက်လေးခွ၊ စက်ဘီးဘောရိန်းဖြင့် ပစ်ခတ်သဖြင့် လိုက်ပါလာသူ ရေလုပ်သားမောင်သန်းချို၏ ဘယ်ဘက်လက်မောင်းတွင် ရှပ်မှန်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး စက်လှေသုံးစင်းနှင့် လူများမှာထွက်ပြေးသွားပြီး စက်လှေအရှည် ၁၄ တောင်တစ်စင်း၊ Kenbo အမျိုးအစား 16၊ H.P အင်ဂျင်အသေးရှပ်တန်းပန်ကာတပ် တစ်လုံး၊ တရုတ်ပြည်လုပ် W---၄၅၀၀ ရှော့ခ်ပုံးအသေးတစ်လုံး၊ တရုတ်ပြည်လုပ် W 7000 ရှော့ခ်ပုံးအသေး တစ်လုံး၊ ဝိုင်ယာကြိုးတပ်ငါးဂေါ်တံနှစ်ချောင်း၊ ငါးဆယ်ဂေါ်တံ တစ်ချောင်း၊ 3K-100 ဘက်ထရီအိုးတစ်လုံး၊ 3K-70 ဘက်ထရီအိုး တစ်လုံးတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက် ၂၀ အောက် အမျိုးသားအမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသော ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်အသင်းများမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဩဂုတ် ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်နှင့်အလွတ်တန်းပွဲစဉ်များတွင် အသင်းဝင်ကြေးမှာ တစ်သင်းလျှင်ငွေကျပ် တစ်သောင်းနှုန်းပေးသွင်းရမည်ဖြစ်သည်။ အသက် ၂၀ နှင့်အောက် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် တစ်သင်းလျှင် ငွေကျပ်ငါးထောင်ပေးသွင်းရမည်ဖြစ်သည်။

U-20 ပွဲစဉ်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတင်ပြရမည်ဖြစ်ပြီး ၁၉၉၄ ခုနှစ် မွေးဖွားသူဖြစ်ရမည်။ ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျိုက္ကဆံဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပသွားရာ ဖုန်း-၀၁-၅၅၆၉၅၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

1.Chief Engineer

* B.E (Civil)

2.Executive Engineer

* B.E (Civil), AGTI (Civil)

3.Assistant Engineer

* B.E (Civil), AGTI (Civil)

4. Q.S Engineer (Estimate)

* B.E (Civil), AGTI (Civil)
* Estimate

Passport

Email Address

ဖုန်း-01 573011

Email- naingmin.construction@gmail.com

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

- **ကုလားထိုင်(လက်တန်းပါ)** ၁ လုံး
- **ဖိုင်တင်စင်(၃'×၁'×၃')** ၁ ခု
- **အရာရှိစားပွဲ(၅'×၃'×၂.၅')** ၂ လုံး
- **စားပွဲရိုးရိုး(၄'×၃'×၂.၅')** ၃ လုံး
- **Computer Table** ၁ လုံး
- **ဖိုင်တင်စင်(Leeco)(၃'×၆')** ၃ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် ၆-၈-၂၀၁၄ရက်မှ ၁၂-၈-၂၀၁၄ရက်အထိ(ရုံးချိန်အတွင်း)လာရောက်ထုတ်ယူနိုင်ပြီး ၁၄-၈-၂၀၁၄ရက် မွန်း တည့် ၁၂နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၄၈၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

နေပြည်တော်ကောင်စီနယ်မြေ
နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၆-၈-၂၀၁၄ ရက် နံနက်၁၀နာရီ

၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၄-၉-၂၀၁၄ရက်မွန်းလွဲ ၂ နာရီ

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၆-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး
တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၆၇-၄၂၀၆၆၆

Bagan Business Group Trading Co.,Ltd.

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မသဲသဲမိုး၏ဖခင်အမည်မှန်မှာ ဦးရွှေဝင်းဖြစ်ပါသည်။

ဦးရွှေဝင်း ၅/ရဉန(နိုင်)၀၄၃၁၇၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/2061 Suzuki Carry DA. 63T P/U (4x2)R၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နိုင်နိုင်ဦး ၁၂/ဥကမ(နိုင်)၀၅၁၇၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မောင်းအလိုရှိသည်

ပြည်တော်မိုးကုမ္ပဏီတွင် ယာဉ်မောင်းလိုင်စင်(အနီ) နှစ်ဦးအလိုရှိသည်။ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံတစ်ပုံနှင့် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၁၃၄၀၁၊ ၀၉-၇၃၁၅၀၁၂၂၊ ၀၉-၇၃၁၅၀၁၁၄၊ ၀၁-၅၄၈၂၉၇
အမှတ် (၈)၊ အေးသာယာလမ်း၊ တာမွေ၊ ဘောက်ထော်၊ အဝိုင်းလေး

အမည်ပြောင်း

ဘားအံမြို့နယ်၊ ထုံးအိုင်အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ထစ်ချွန်းမိုးအား မောင်ထွန်းလင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထွန်းလင်းအောင်

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကျင်းပရေး စည်းဝေး

နေပြည်တော် ဩဂုတ် ၅

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အကောင်အထည်ဖော်ရာတွင် အခြေခံကျသော လူထုအားကစားနှင့် ထူးချွန်သည့်အားကစားသမားများ ပေါ်ပေါက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ ဒေသဆိုင်ရာ အစိုးရအဖွဲ့နှင့်ညှိနှိုင်းကျင်းပပေးရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လှုပ်ရှားတက်ကြွသော အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ဒေသတွင်းပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်များကို ပြန်လည်ဖော်ဆောင်ပေးနိုင်ခြင်း၊ ဒေသခံပြည်သူများအားလုံး အားကစားအပေါ် စိတ်ဝင်စားမှုများ ဖြစ်ပေါ်စေခြင်း၊ ပြည်သူများပျော်ရွှင်မှု၊ ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ် ကျွမ်းကျင်မှုနှင့် အောင်မြင်မှုများ ရရှိခံစားနိုင်ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာ စေရေးတို့အတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားတာဝန်ခံများအနေဖြင့် မိမိဒေသတွင်းအဓိက စီမံချက်အဖြစ်ဆောင်ရွက်နိုင်မည့် အဓိကမြို့ကြီးငါးမြို့ခန့်ကို ရွေးချယ်ပေးကြရန် လိုအပ်ကြောင်း မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဩဂုတ် ၄ ရက် နံနက်ပိုင်းက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပရေးအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က ပြိုင်ပွဲကျင်းပရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားတာဝန်ခံများ နှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် ဇွန်လမှစ၍ ပဲခူးတိုင်းဒေသကြီး၌ လက်ဝှေ့နှင့်အလေးမပြိုင်ပွဲ၊ ကရင်ပြည်နယ်၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ကယားပြည်နယ်၌ တိုက်ကွမ်းဒိုပြိုင်ပွဲ၊ ရှမ်းပြည်နယ်၌ ဘော်လီဘော၊ ဘတ်စကက်ဘောနှင့် ဝူရှူးပြိုင်ပွဲ၊ မွန်ပြည်နယ်၌ဂျူဒိုနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများကို ကျင်းပပြီးစီးခဲ့ပြီး ဆက်လက်၍ မကွေးတိုင်းဒေသကြီးတွင် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရေကူးပြိုင်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သေနတ်ပစ်၊ ဟော်ကီ၊ စစ်တုရင်နှင့် အေရိုးဗစ်ပြိုင်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပိုက်ကျော်ခြင်းနှင့် စက်ဘီးပြိုင်ပွဲ၊ မန္တလေးတိုင်းဒေသကြီးတွင် ပြေးခုန်ပစ်၊ ဘောလုံး (အမျိုးသား၊ အမျိုးသမီး)နှင့် လှေလှော်ပြိုင်ပွဲ၊ ချင်းပြည်နယ်တွင် ကရာတေးဒိုပြိုင်ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကြက်တောင်ပြိုင်ပွဲနှင့် ကချင်ပြည်နယ်တွင် ကာယကြံ့ခိုင်မှု ပြိုင်ပွဲတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေးကန်စိမ်းလန်းစိုပြည်စေရေး အထောက်အကူပြု မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကလော ဩဂုတ် ၅

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေရန်လည်းကောင်း၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန် လည်းကောင်း၊ ရာသီဥတုမျှတတည်ငြိမ်ကောင်းမွန်စေရန် လည်းကောင်း၊ ပြည်သူများ သစ်ပင်စိုက်ပျိုးခြင်း အလေ့အထ တိုးတက်ဖြစ်ပေါ်စေရန်နှင့် သစ်တောသစ်ပင်ကိုချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန်လည်းကောင်း ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကလောမြို့နယ်သစ်တောဦးစီးဌာနက ရှမ်းပြည်နယ်တောင်ကြီးခရိုင် ကလောမြို့နယ် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးအထောက်အကူပြု ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက်နံနက် ၈ နာရီက ကလောမြို့နယ် အောင်ပန်းကြိုးဝိုင်း မြနန္ဒာရေထွက်ဦးကျောင်းတိုက်အနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရန်သစ်ပင်များ ပေးအပ်ရာ ကလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က လက်ခံယူ၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ပေးအပ်ခြင်းကို အမျိုးသမီးရေးရာ အသင်းကိုယ်စားအဖွဲ့ဝင်တစ်ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စားအဖွဲ့ဝင်တစ်ဦး၊ ကျေးရွာပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးကလည်းကောင်း လက်ခံယူခဲ့ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်စိုက်ပျိုးရန်အတွက် စိုက်ပျိုးမည့်နေရာများတွင် ဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်များ စိုက်ပျိုးပြီးနောက် သစ်ပင်စိုက်ပျိုးနေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူတို့အား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာနှင့် အဖွဲ့များ၊ NGOအဖွဲ့များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၀၀ တက်ရောက်၍ ပျိုးပင်ပေါင်း ၃၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့၌ ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဇင်းကျိုက်တောင်ကြောပေါ်မှ တောင်ကျရေများစီးဆင်းလာပြီး အနိမ့်ပိုင်းလူနေရပ်ကွက် အချို့နှင့် ရန်ကုန်–မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်တွင် ရေလွှမ်းမိုးနေစဉ်။

နေခြည်(ဇင်းကျိုက်)

တုပပြုလုပ်ရောင်းချသူများနှင့်အများသိစေရန် ဒုတိယအကြိမ် အသိပေးကြေညာခြင်း

RD-3123/2003

RD-3614/2010

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အမှတ်(၁)အခြေခံပညာဦးစီးဌာန
(အောက်မြန်မာပြည်)

စက်ပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် အခြေခံပညာကျောင်းများတွင် အသုံးပြုရန် စက်ပစ္စည်းများကို အမှတ်(၁)အခြေခံပညာဦးစီးဌာနအစီအစဉ်ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်–

စဉ်	လုပ်ငန်းတည်နေရာ	ဝယ်ယူမည့်စက်ပစ္စည်းအမျိုးအမည်		ဦးရေ
၁	အမှတ်(၁)အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်)	1	Type writer (Myanmar 18")	50
		2	Computer(Set) Core (i7)	2300
		3	Laptop Core (i7)	200
		4	Laser Printer	150
		5	Digital Multifunction Copier	100
		6	UPS (650 VA)	141
		7	Fax Machine	162
		8	Duplication Machine	99
		9	Calculator (12 Digit)	30

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇–၈–၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၈–၈–၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် စက်ပစ္စည်းများအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဤဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အမှတ်(၁)အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၁–၅၄၈၈၁၃၊ ၀၁–၅၄၈၈၁၄၊ ၀၁–၅၅၇၇၁၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၆။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါပုံစံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ ရောင်းချမည့်အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်းနှင့် အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို အမှတ်(၁)အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမှတ်(၁)အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံစီးပွားရေး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ခန့်ရှိမည်

ရန်ကုန် ဩဂုတ် ၅

"မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေမှာ အခွင့်အလမ်းပေါင်းများစွာနဲ့အတူ အာရှရဲ့စီးပွားရေးနယ်ပယ် သစ်တစ်ခုအဖြစ် ရပ်တည်နေခြင်း ဖြစ်ပါတယ်။ Mckinsey Global Instituteရဲ့ ခန့်မှန်းချက်အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ တိုးတက်လာဖို့ရှိနေပါတယ်" ဟု ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ဩဂုတ် ၄ ရက်က ကျင်းပသော "ကမ္ဘာ့ဈေးကွက်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များ" ဆွေးနွေးပွဲတွင် မေဘဏ် Transaction Banking ၏ Global Head ဖြစ်သူ မစ္စတာ John wong က ပြောသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်တွင်းဘဏ် ၂၀ ကျော်မှ တာဝန်ရှိသူပေါင်း ၅၀ ကျော်တက်ရောက်သည့် အဆိုပါဆွေးနွေးပွဲကို မေဘဏ်က ကျင်းပခြင်းဖြစ်ပြီး ငွေကြေးဆိုင်ရာမူဝါဒ၊ ငွေပေါ်လွယ်မှုစီမံခန့်ခွဲခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာရေး၊ ငွေသားစီမံခန့်ခွဲခြင်းစသည့် ကုန်သွယ်မှုပုံစံများနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆွေးနွေးကြခြင်းဖြစ်သည်။

မေဘဏ်သည် ၁၉၉၄ ခုနှစ်ကတည်းကပင် မြန်မာနိုင်ငံအတွင်း၌ ကြားခံဆက်သွယ်ပေးမှုများနှင့် အကြံပေးဝန်ဆောင်မှုများ ပြုလုပ်ပေးနေခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးကိုယ်စားလှယ်ရုံးလာရောက်ဖွင့်လှစ်ခဲ့သည့် နိုင်ငံခြားဘဏ်တစ်ခုလည်းဖြစ်သည်။ ယခုအခါ မေဘဏ်သည် မြန်မာနိုင်ငံအတွက် International Internship Program စီစဉ်ပေးမည်ဖြစ်သည်။

ယင်းအစီအစဉ်မှာ မြန်မာနိုင်ငံတက္ကသိုလ်များမှ ဘဏ်လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်လိုသော ထူးချွန်ကျောင်းသားများအတွက် နိုင်ငံခြားအလုပ်သင်အခွင့်အလမ်းများ၊ နိုင်ငံခြားသင်တန်းများကိုလည်း စေလွှတ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထိုသို့ထူးချွန်သူများမှ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

မေဘဏ်သည် အရှေ့တောင်အာရှ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုဈေးကွက်တွင် တတိယအကြီးဆုံးဖြစ်ပြီး ဘလွန်းဘတ်၌ ဈေးကွက်စစ်တမ်းများအရ ကမ္ဘာ့အခိုင်မာဆုံးဘဏ်များတွင် အဆင့် ၂၀ အဖြစ် ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်များအတွက် နှစ်နှစ် ဆက်တိုက် သတ်မှတ်ခြင်းခံရသည့် ဘဏ်ဖြစ်သည်။

ဝေယံဦး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၅
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၂
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၂၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၂၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၅၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၈၅
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၁၃.၂-၁၅.၂
အိန္ဒိယ	တစ်ရူပီး	၁၄.၃၂-၁၄.၇
တရုတ်	တစ်ယွမ်	၁၆၅-၁၇၃
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်)	တစ်အိတ်	၁၈၀၀၀-၁၈၂၀၀
ပေါ်ကွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၆၀-၁၄၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၃၀၀-၅၈၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၄၀၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသို့ မွေးနေ့အထိမ်းအမှတ်လှူဒါန်းကျွေးမွေး

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် တစ်နေ့တာထမင်းကျွေးမွေးလှူဒါန်းခြင်းကို ဇူလိုင် ၂၆ ရက်က အဆိုပါ ကျောင်းထမင်းစားဆောင်၌ ကျင်းပသည်။**(ယာပုံ)**

တစ်နေ့တာ ထမင်းကျွေးမွေးသည့် အလှူရှင်မှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၄) ရပ်ကွက် အိမ်အမှတ်(၇၄၃)နေ မနှင်းသီရိချမ်း တတိယတန်း ကျောင်းသူကလေးဖြစ်ပြီး ၎င်း၏ ရှစ်နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ကျောင်းသားကျောင်းသူ ၁၄၅ ဦးရှိ မျက်မမြင်ကျောင်းသို့ လာရောက်၍ ငွေကျပ် ၂၂၄၀၀၀ အကုန်အကျခံကာ ကျွေးမွေးလှူဒါန်းခြင်းဖြစ်သည်။

ရန်ကုန်မြို့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသောကျောင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ အသက်ခြောက်နှစ် မှ ၁၈ နှစ်အတွင်း ပညာသင်ကြားလိုသော မျက်မမြင်ကလေးသူငယ်များကို စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေသော ကျောင်းဖြစ်သည်။

ခရမ်းစိုးမြင့်

ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးသုံး ဖန်စီလက်ကိုင်အိတ်ထိုးအခြေခံသင်တန်းဖွင့်

ကျောက်ပန်းတောင်း ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ စီးပွားဖြစ်အိမ်တွင်း လက်မှုပညာဆင့်ပွားသင်တန်းအဖြစ် ဖန်စီလက်ကိုင်အိတ်လုပ်ငန်း အခြေခံသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့ပေါ် ရပ်ကွက်များမှ အသက် ၁၈ နှစ်မှ ၃၀ အရွယ် အမျိုးသမီးငယ်များ စိတ်ပါဝင်စားစွာ လာရောက်လေ့လာသင်ယူခဲ့ကြသည်။

မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုစင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အသင်းဝင်များဖြစ်ကြသည့် ဒေါ်ချိုနှင်းသန်း၊ ဒေါ်စန်းစန်းမော်နှင့် ဒေါ်မိုးမြင့်သူတို့က ဖိုက်ဘာလုံး၊ ဖိုက်ဘာပြားငယ်များ၊ ရောင်စုံကော်လုံးလေးများ အစရှိသည့် ဖန်စီပစ္စည်းများကို အသုံးပြု၍ အမျိုးသမီးသုံး လက်ကိုင်အိတ်၊ ဖုန်းထည့်အိတ်၊ ပိုက်ဆံ အိတ်နှင့် လက်ဆွဲအိတ်မျိုးစုံ ပြုလုပ်နည်းများကို သုံးရက်တာ သင်ကြားပေးခဲ့ရာ သင်တန်းသူ စုစုပေါင်း ၂၅ ဦး လာရောက်လေ့လာ သင်ယူခဲ့ကြကြောင်း သိရသည်။

နေအောင်

လျှောက်လွှာခေါ်ယူခြင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသောလစာနှုန်း (၉၉၀၀ဝိ-၁၀၀ဝိ-၁၀၄၀၀ဝိ)၊ ဒု-ဦးစီးမှူးရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် ၇-၆-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၉-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူအားလုံးကို အရည်အချင်းစစ်ဆေးရေး ရေးဖြေစာမေးပွဲအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၌ ၉-၈-၂၀၁၄ရက်(စနေနေ့) နံနက် ၀၉း၃၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ၈-၈-၂၀၁၄ရက် အရောက်သတင်းပို့ကြရန် အသိပေးပါသည်။

အရည်အချင်းစစ်ဆေးရေးအဖွဲ့
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

မကွေးမြို့၊ မြသလွန်စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ရွှေဆိုင်းများဝယ်ယူရန် အိတ်ပိတ်တင်ဒါကြော်ငြာ

မကွေးမြို့၊ မြသလွန်စေတီတော်မြတ်ကြီး၏ ကြေးပြားပေါ်တွင် ပဋ္ဌမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းတော်များကပ်လှူရန် လိုအပ်သည့် (၂လက်မ×၂လက်မ) ရာပြည့်မျက်ပါးရွှေဆိုင်းပေါင်း ၆၂၀၀ ဝယ်ယူရန်နှင့် အဆိုပါရွှေဆိုင်းများ ကပ်လှူရန် ရွှေချလက်ခနှုန်းထားများကို တင်ဒါစနစ်ဖြင့်ခေါ်ယူ၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ ရွှေဆိုင်းရောင်းချလိုသူများနှင့် ရွှေသင်္ကန်းကပ်လုပ်ငန်းဆောင်ရွက်လိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၅,၀၀၀နှုန်းဖြင့် မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၁၅-၈-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။

မြသလွန်စေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
မကွေးမြို့
ဖုန်း-၀၆၃-၂၃၀၄၄၊၀၉-၆၅၆၁၃၃၁

မိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၂)သူငယ်ချင်းများသို့ ဖိတ်ကြားချက်

တို့တစ်တွေရဲ့ (၂၃)နှစ်မြောက် ကျောင်းဆင်းအထိမ်းအမှတ်အဖြစ် ကျဆုံး/သေဆုံးသွားသော သူငယ်ချင်းများအား ရည်စူး၍ ဝါဆိုသင်္ကန်းကပ်၊ ဆွမ်းကျွေးတရားနာ ရေစက်ချခြင်းနှင့် ဗသက(၈၂)၏ သာရေး၊ နာရေးနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးပွဲနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုများ (ကျဆုံး/သေဆုံးမိသားစုအားလုံး) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) **ဝါဆိုသင်္ကန်းကပ်ဆွမ်းကျွေးတရားနာရေစက်ချခြင်း** ပိတောက်အိမ်ရာဓမ္မာရုံ
၉-၈-၂၀၁၄ ရက်၊ ၁၀း၃၀နာရီ (စနေနေ့) ဘောဂသိဒ္ဓိရပ်ကွက်၊ နေပြည်တော်။

(ခ) **မိတ်ဆုံညစာစားပွဲ** မောခမ်းနွံစားသောက်ဆိုင်
၉-၈-၂၀၁၄ ရက်၊ ၁၈း၃၀နာရီ(စနေနေ့) (တောင်ပေါ်ဆိုင်)၊ သပြေကုန်းဈေး၊ နေပြည်တော်

ဆက်သွယ်ရန်

(၁) ဝင်းထွန်း	ဖုန်း-၀၉-၃၁၁၈၆၀၄၈	(၅) တင်ဝင်း(၆၈)	ဖုန်း-၀၉-၃၁၄၉၄၀၆၅
(၂) ကျော်ဝင်း	ဖုန်း-၀၉-၇၃၁၅၁၀၂၂	(၆) တင်ဝင်း(၇၅)	ဖုန်း-၀၉-၄၉၃၅၀၂၄၅
(၃) ကျော်ရွှေ	ဖုန်း-၀၉-၇၃၀၆၀၅၁၃	(၇) ထင်ကျော်	ဖုန်း-၀၉-၇၃၁၇၅၃၈၃
(၄) ကိုကိုမြတ်	ဖုန်း-၀၉-၅၁၉၆၃၄၆	(၈) ဝင်းမြင့်ခိုင်	ဖုန်း-၀၉-၄၉၂၆၃၄၆၃

CLAIMS DAY NOTICE
M.V OCEAN BLUE VOY:NO(310)

Consignees of cargo carried by M.V OCEAN BLUE VOY: NO. (310) are here by notified that the vessel will arrive on about 8-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လုယက်သူဆိုင်ကယ်သမားကို နာရီပိုင်းအတွင်းဖော်ထုတ်

မူဆယ် ဩဂုတ် ၅

ရှမ်းပြည်နယ် မူဆယ်မြို့သည် တရုတ်နိုင်ငံ ရွှေလီကျယ်ဂေါင်နှင့် နယ်စပ်မျဉ်းပေါ်တွင်ရှိပြီး စီးပွားရောင်းဝယ်ရေးစည်ကားသော မြို့လည်းဖြစ်သည့်အလျောက် နှစ်နိုင်ငံ ပို့ကုန်သွင်းကုန်အမိက ငွေကြေးလဲလှယ်အသုံးပြုလျက်ရှိရာ ငွေလဲလှယ် လုပ်ငန်းရှင်ဖြစ်သော မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်နေ ဒေါ်ဟူကွေစိုက် (၄၇နှစ်) သည် ငွေလဲသည့် အလုပ်သိမ်းပြီး မိမိနေအိမ်သို့ ပြည်ထောင်စုလမ်းအတိုင်း မိမိဆိုင်ကယ်ဖြင့်အပြန် နေအိမ်အနီး ဖူလီတည်းခိုခန်းလမ်းကြားအရောက် ည ၆ နာရီခန့်တွင် အမည်မသိ လူငယ်နှစ်ဦးမှ ဆိုင်ကယ်ဖြင့် လိုက်လာပြီး ရှေ့ဦးပိတ်ကာတစ်ဦးက ဓားမြှောင်ဖြင့်ထောက်ပြီး ငွေအိတ်အားပေးရန်နှင့် မပေးပါက သတ်ပစ်မည်ဟုပြောဆိုရင်း တွန်းလဲကာ ငွေအိတ်အား လုယူမောင်းပြေးခဲ့ကြောင်း လုယူငွေမှာ မြန်မာငွေငါးထောင်တန် ၂၅ သိန်းနှင့် တရုတ်ယွမ် ၅၀၀၀ ဖြစ်ကြောင်း ရဲတပ်ဖွဲ့စခန်းသို့ သတင်းပို့ခဲ့သည်။

ထိုသို့ သတင်းပို့ပြီးချက်ချင်း ရဲကင်းမှူး ဒုရဲအုပ် အောင်မျိုးခိုင်ဦးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မြို့ပေါ် ရပ်ကွက်များအတွင်း လိုက်လံပိတ်ဆို့ရှာဖွေရာ ည ၈ နာရီတွင် ကောင်းမူးတုံရပ်ကွက် ခမ LG .....လမ်းကြား တစ်ခုအတွင်းတွင် ပြစ်မှုကျူးလွန်ထွက်ပြေးသူ တစ်ဦးဖြစ်သော ဦးထွန်းဝင်း (၂၈ နှစ်) ပန်းရန်လုပ်သား ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဘုတ်ဒတ်ကျေးရွာနေသူအား လုယူထားသောငွေ၊ ဓားမြှောင်တစ်လက်၊ ၎င်းတို့စီးနင်းသွားသော HERO ANBO -125 ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိသည်။ ၎င်းအားစစ်ဆေးဖော်ထုတ်ချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူ ဦးသာဝင်း(၂၅ နှစ်) ပန်းရန်လုပ် ရခိုင်ပြည်နယ် စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်နေသူအား မူဆယ်မြို့ မြောက်ရပ်ကွက်ရှိ ရွှေသဇ္ဈာတည်းခိုခန်းတွင် ည ၁၀ နာရီခွဲက ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထိုသို့နာရီပိုင်းအတွင်း ဒုစရိုက်ကျူးလွန်သူအား ဖမ်းဆီးနိုင်ခြင်းမှာ ရပ်ကွက်နေပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သတင်းပေးနိုင်မှုကြောင့် ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

အယ်လ်စိုး(iprd)

ပြိုင်ကားက ဆိုင်ကယ်လေးစီးကိုဆင့်တိုက်

မန္တလေး ဩဂုတ် ၅

မန္တလေး-မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၅၅ လမ်းထောင့်အနီးရှိ ပတ္တမြားလက်ဖက်ရည်ဆိုင်ရှေ့တွင် ဩဂုတ် ၃ ရက် ည ၉ နာရီခန့်က ပြိုင်ကားတစ်စီးက ဆိုင်ကယ်လေးစီးကိုဆင့်တိုက်သည့် ယာဉ်တိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မန္တလေးချမ်းအေးသာစံမြို့နယ် ၈၆ လမ်းနှင့် လမ်း ၃၀ ထောင့်အနီးနေ ဉာဏ်မောင်သန့်မောင်းနှင်လာသော အနက်ရောင် ပြိုင်ကား ၉ဂ/---- သည် လမ်းအနောက်မှ အရှေ့သို့မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လက်ဖက်ရည်ဆိုင်ရှေ့ ပလက်ဖောင်းပေါ်တွင် ရပ်နားထားသော ဆိုင်ကယ်လေးစီးကို ဆက်တိုက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးများ သိန်း ၄၀ ကျော်ဖိုး ဖမ်းဆီးရမိ

မြင်းခြံ ဩဂုတ် ၅

ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီက မြင်းခြံခရိုင် မှူခင်းနှိမ်နင်းရေးခေါင်းဆောင် ရဲအုပ်ညီညီမင်းနှင့်အဖွဲ့၊ မြင်းခြံနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ဆန်းလင်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် သတင်းအရ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် သီဟဇော်ပါ သုံးဦးကို သက်သေများနှင့်အတူ ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံ- နဘူးအိုင်ကားလမ်းပေါ်ရှိ နဘူးအိုင် မောင်းတံဂိတ်၌ သီဟဇော် (၂၈ နှစ်) စီးနင်းမောင်းနှင်လာသည့် LANJIA 110 အနက်ရောင်ဆိုင်ကယ်နှင့် ဇော်မင်းဆန်း(၂၈နှစ်) မောင်းနှင်ပြီး ဇနီးဖြစ်သူ ဇင်ဝေနှင်း(၂၆နှစ်) လိုက်ပါသည့် KENBO 125 အနက်ရောင်ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေခဲ့ရာ သီဟဇော်၏ ဆိုင်ကယ်ထိုင်ခုံအတွင်းမှ ဘိန်းဖြူမှုန့်ဟုယူဆရသော တစ်ထုပ်လျှင် ၁၈ ဒသမ ၃၇ ဂရမ်ရှိ အဝါဖျော့ရောင် အမှုန့်များ ထည့်ထားသည့် ပလတ်စတစ်အိတ်နှစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော 88 နှင့် 1 စာတန်းပါ ပန်းရောင်ဆေးပြား ၅၀၊ နီညိုရောင်ဆေးပြား ၂၀၀ (ကာလတန်ဖိုးငွေကျပ်သိန်း ၄၀ ကျော်) တို့ကို ရှာဖွေသိမ်းဆည်းမိခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို မြင်းခြံနယ်မြေရဲစခန်းက အမြန်ဆုံးတရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လင်းလက်ကြယ်(တောင်သာ)

တရားမဝင်သစ် ဖမ်းဆီးရမိ

မော်လမြိုင် ဩဂုတ် ၅

မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော် ဦးဆောင်၍ ညွှန်ကြားရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ချို၊ မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ မော်လမြိုင်မြို့နယ် ဦးစီးအရာရှိ ဦးခင်မောင်ထွေးနှင့် မော်လမြိုင်မြို့နယ် သစ်တောဝန်ထမ်းများပါဝင်၍ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ရက်အထိ သံလွင်မြစ်နှင့်အတ္တရံမြစ်တို့အတွင်း သစ်တောမှုရှာဖွေစုံစမ်းရာ ပိုင်ရှင်မဲ့အခြားသစ်ခွဲသားအချောင်း ၃၀၊ ၅ ဒသမ ၈၆၀၆ တန်၊ အခြားသစ်လုံး ၁၃၇ လုံး၊ ၉၆ ဒသမ ၁၇ တန် စုစုပေါင်း ၁၀၂ ဒသမ ၀၃၀၆ တန်နှင့် ပွဲထောင်နှစ်စင်းတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။ (၁၀၇)

စိန်ဖူးတော်နှင့်ရုပ်ပွားတော်များ ခိုးယူသွားသူဖမ်းဆီးရမိ

ကောလင်း ဩဂုတ် ၅

ကသာခရိုင် ကောလင်းမြို့နယ်တွင် တည်ထားကိုးကွယ်ထားသည့် ခမောက်တောင်ဘုရားမှ စိန်ဖူးတော်နှင့် ရုပ်ပွားတော်များ ပျောက်ဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၄ ရက် ညနေ ၄ နာရီခွဲခန့်က ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဟုန်းထန်းနှင့်တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် လူတစ်ဦးက ခမောက်တောင်ဘုရားပေါ်မှ စိန်ဖူးတော်နှင့် ရုပ်ပွားတော်များ ခိုးယူထွက်ပြေးသွားကြောင်း သတင်းအရ ကောလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခမောက်တောင်ဘုရားပေါ်သို့ သက်သေများနှင့်အတူ သွားရောက်ခဲ့ရာ ဘုရားပေါ်တွင် သန်းနု (၃၈နှစ်) ရေဦးမြို့နယ်နေသူအား တွေ့ရှိရပြီး ခမောက်တောင်ပေါ်ဘုရားမှခိုးယူလာသည့် ဉာဏ်တော်လေးလက်မခန့်ရှိ ဘုရာစိန်ဖူးတစ်ခု၊ ဉာဏ်တော်သုံးလက်မခန့်ရှိ ဘုရားရုပ်ပွားတော်တစ်ဆူ၊ အမြင့်လေးပေခန့်ရှိ ဓာတ်တော်စေတီတိုက်တစ်ခု၊ ဘိလပ်မြေဖြင့်ပြုလုပ်ထားသော ကျောက်ပုတီးအကြီးစား တစ်လုံးတို့ကို အဖြူရောင်ပိနံအိတ်အတွင်းထည့်လျက် တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဂ)မှ မအေးမြတ်သူအား ယနေ့မှစ၍ မမေရှင်းသန့်ဖြူဟု ပြောင်းလဲ ခေါ်ပါရန်။

မမေရှင်းသန့်ဖြူ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၆၂၊ မြေကွက်တည်နေရာအမှတ် ၅၆၂၊ (၉) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဗိုလ်မှူးဉာဏ်ထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဉာဏ်ထွန်း ၁၁/စတန(နိုင်)၀၀၃၁၆၉ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	၂/ထောက်/USC	Walk Through Detector
၂	၃/ထောက်/USC	လေအေးပေးစက် 1.5 HP Split Type
၃	၄/ထောက်/USC	မိတ္တူကူးစက် A3, လက်နှိပ်စက် ၁၈ လက်မ(မြန်မာ) Fax(Plain Paper Fascimile)
၄	၅/ထောက်/USC	Computer, UPS 650 VA, Laser Printer(A4),Scanner, Tripod 6ft Screen (MEKI) 6 ft, Document Scanner A4, Projector Optoma ES55C 2800 Lumcns SVGA 800x60l

တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၉-၂၀၁၄ ရက်(အင်္ဂါနေ့) ၁၆း၃၀နာရီ

၂။ တင်ဒါပုံစံများကို သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ တစ်စောင်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန ဖုန်း-၄၃၀၃၂၄၊ ၄၃၀၃၂၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ရုံးအမှတ် ၅၄၊ နေပြည်တော်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်
(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဆမီးမြို့နယ်ခွဲတွင် တည်ဆောက်မည့် အောက်ပါအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **တည်နေရာနှင့်လုပ်ငန်းများ**

စဉ်	အကြောင်းအရာ	အရေအတွက်	တည်နေရာ
၁။	ဆမီးမြို့နယ်ခွဲ(စာတိုက်၊ကြေးနန်း၊ တယ်လီဖုန်းရုံး)(၃၆ ပေ×၂၄ ပေ) တစ်ထပ်အုတ်ညှပ် (၃)ခန်းတွဲဆောက် ဆောက်လုပ်ခြင်း	၁	ချင်းပြည်နယ် ဆမီးမြို့နယ်ခွဲ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၈-၂၀၁၄ ရက်မှ ၁၅-၈-၂၀၁၄ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပစ္စည်းဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ် မန်နေဂျာရုံး(ပစ္စည်းဌာန) ဖုန်း-၀၄၃-၂၁၁၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

HOLE IN ONE
Congratulation Win Zaw

Hole In One Club အသင်းဝင် ဦးဝင်းဇော်သည် ၂၇-၇-၂၀၁၄ ရက်တွင် အမှတ် (၁၅)ကျင်း၌ တစ်ချက်တည်းကျင်းဝင် (Hole In One) ရရှိသွားပါသဖြင့် အသင်းသားများအားလုံးမှာ ဝမ်းသာဂုဏ်ယူပါကြောင်း။

Hole In One Club
Y.G.C

နိုင်ငံတကာအားကစားသတင်း

ရာသီအကြို မန်ယူတို့ ဖလားတစ်လုံး ပထမဆုံးရရှိ

နိုင်ငံတကာ ချန်ပီယံဖလားပြိုင်ပွဲရဲ့နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေဖြစ်တဲ့ မန်ယူနဲ့ လီဗာပူးတို့ ဩဂုတ် ၅ ရက် နံနက်က ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့လို့ နည်းပြဗန်ဟားလ်အတွက် ရာသီအကြို ဖလားတစ်လုံးကို ဈေးဦးပေါက်ပိုင်ဆိုင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မန်ယူဟာ ဒီဖလားပြိုင်ပွဲရဲ့နောက်ဆုံးဗိုလ်လုပွဲကို ခက်ခဲစွာတက်ရောက်ခဲ့တာဖြစ်ပြီး ပြိုင်ဘက်လီဗာပူးရဲ့ ဦးဆောင်အဖွင့်ဂိုး သွင်းယူမှုကို နောက်ကနေလိုက်လံချေပခဲ့ရခြင်း ဖြစ်ပါတယ်။ လီဗာပူးရဲ့ ဦးဆောင်ဂိုးကို ပွဲချိန် ၁၄ မိနစ်မှာ ဂျရတ်က သွင်းယူခဲ့တာ ဖြစ်ပါတယ်။

မန်ယူရဲ့ချေပဂိုးကိုတော့ ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်မှာ ရွန်းနေကဂိုးသွင်းယူချေပခဲ့ပြီး မန်ယူရဲ့ ဦးဆောင်ဂိုးကိုတော့ ပွဲချိန် ၅၇ မိနစ်မှာ မာတာက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ တတိယဂိုးကိုတော့ ပွဲချိန် ၈၈ မိနစ်မှာ လင်ဂတ်က သွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ မန်ယူက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဖလားရရှိခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲမှာ လီဗာပူး၊ မန်ယူ၊ မန်စီးတီး၊ အေစီမီလန်၊ ရိုးမား၊ အင်တာမီလန်၊ အိုလံပီယာကော့စ်နဲ့ ရီးရဲမက်ဒရစ်အသင်းတို့ စုစုပေါင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး အုပ်စု နှစ်စုခွဲကာ ယှဉ်ပြိုင်တဲ့အခါ အုပ်စု (A)မှာ မန်ယူ၊ အင်တာမီလန်၊ ရိုးမားနဲ့ ရီးရဲမက်ဒရစ်တို့ ပါဝင်ခဲ့ပြီး မန်ယူဟာ အဲဒီအသင်းတွေကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲတက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးကလည်း အုပ်စု (B)မှာ လီဗာပူး၊ အိုလံပီယာကော့စ်၊ မန်စီးတီးနဲ့ အေစီမီလန်အသင်းတွေကို ကျော်ဖြတ်ပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ခဲ့တာဖြစ်လို့ ဒီနှစ်သင်း ဆုံတွေ့တဲ့အခါ မန်ယူက အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

"ဒီပွဲမှာ ဖလားရရှိတာဟာ လာမယ့်ဘောလုံးရာသီအတွက် စိတ်ဓာတ်ခွန်အားတိုးမြင့်စေခဲ့ပါတယ်။ မန်ယူအသင်းဟာ အမြဲကြိုးစားနေတဲ့ အသင်းဖြစ်ပြီး အောင်မြင်မှုကို ဆာလောင်နေတဲ့ အသင်းဖြစ်ပါတယ်"လို့ နည်းပြဗန်ဟားလ်က ပြောပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၄ ရက်က စတင်ပြီး ဩဂုတ် ၅ ရက် နံနက်အထိ ကျင်းပခဲ့တဲ့ နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲမှာ အသင်းပေါင်းရှစ်သင်းက စုစုပေါင်း ၃၂ ဂိုး သွင်းယူခဲ့ကြတာမို့ တစ်ပွဲကို ပျမ်းမျှသွင်းဂိုး ၂ ဒသမ ၈၃ ဂိုး ရှိခဲ့ပါတယ်။

ဒီပြိုင်ပွဲမှာ ဖလားရယူနိုင်ခဲ့လို့ မန်ယူနည်းပြသစ် ဗန်ဟားလ်အတွက် ပရိသတ်တွေရဲ့ ယုံကြည်မှုကို ရရှိစေခဲ့ပြီး မန်ယူအတွက် အောင်မြင်မှုတွေ ရယူပေးနိုင်မယ်လို့ မျှော်လင့်နေကြတာတော့ အမှန်ပါပဲ။ ။

မိုးမြင့်လင်းလက်

ကလပ်ခြေစမ်းပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ			ဩဂုတ် ၆/၇
ပူးကတ်	-	အယ်မာရီးယား	ည ၆း၃၀
ဝါဒါဘရီမင်	-	ဟန်နိုဗာ	ည ၈း၀၀
ဆလက်ဝရိုခလော	-	ဒေါ့မွန်	ည ၉း၃၀
ဘိုလော့ဂ်နာ	-	ဆက်ဆူအိုလို	ည ၁၀း၀၀
ကော်ဒိုဘာ	-	ကာဆာဘလန်ကာ	ည ၁၀း၃၀
ကက်ဂလီယာရီ	-	လီမောဆိုး	ည ၁၁း၀၀
စတုဂတ်	-	ရီဇီစပေါ်	ည ၁၂း၀၀
စတုတ်စီးတီး	-	ဘက်တစ်	နံနက် ၀၀း၃၀
နူမန်စီယာ	-	အီဘာ	နံနက် ၁း၀၀
လီဂါနက်စ်	-	ဗယ်လက်ကာနို	နံနက် ၁း၀၀
အဲဗာတန်	-	ဆယ်လ်တာဗီဂို	နံနက် ၁း၁၅

ကလပ်ခြေစမ်းပွဲ ဩဂုတ် ၄/၅ ဂိုးရလဒ်များ

ဟမ်းဘတ်	၂-၀	အာခီဆာ
ရီခယေတီဗို	၀-၂	ဂရန်နာဒါ
ဆာကန်ဒါရီ	၂-၂	စပို့တင်းစီပီ
အမ်ကေဒွန်း	၀-၂	လက်စတာ
ဆလာနီတာနာ	၀-၂	ပါးမား

ဂျက်ရော့ဝဲလ် ဆန်းဒါးလန်းရောက်မည်

မန်စီးတီးကွင်းလယ်ကစားသမား ဂျက်ရော့ဝဲလ်သည် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ရန် စေ့စပ်ဆွေးနွေးလျက်ရှိသည်။ အသက် ၂၃ နှစ်ရှိ အင်္ဂလန်ကစားသမား ဂျက်ရော့ဝဲလ်သည် ပေါင် ၁၀ သန်းဖြင့် ဆန်းဒါးလန်းသို့ ရောက်ရှိလာဖွယ်ရှိသည်။

ရော့ဝဲလ်သည် ၂၀၁၂ ခုနှစ်က ပေါင် ၁၂ သန်းဖြင့် အဲဗာတန်မှ မန်စီးတီးသို့ ပြောင်းရွှေ့လာခဲ့သည်။ ၎င်းသည် မန်စီးတီးအတွက် ၂၅ ပွဲသာ ပါဝင်ကစားခဲ့ရသည်။ တံကောက်ကြော ထိခိုက်ဒဏ်ရာရခဲ့မှုကြောင့် ရုန်းကန်ကြိုးစားခဲ့ရသည်။

ဒိုးနက်တိုက်စစ်မှူး နယူးကာဆယ်စာချုပ်

နယူးကာဆယ်က ရှက်တာဒိုးနက်တိုက်စစ်မှူး ဖရေးယားအား နှစ်ရှည်အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၃ နှစ်ရှိ အာဂျင်တီးနားကစားသမားသည် ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်း၏ ထိပ်တန်းကစားသမားတစ်ဦးဖြစ်သည်။ ဖရေးယားသည် နယူးကာဆယ်က ယခုနှစ်အတွင်း ခေါ်ယူခဲ့သည့် ခုနစ်ဦးမြောက်ကစားသမားဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် ရှက်တာဒိုးနက်သက်တမ်းအတွင်း ၂၂ ပွဲ ပါဝင်ကစားခဲ့ရာ ခြောက်ဂိုးသွင်းယူခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ် ဇူလိုင်လက ဗာလက်ဆာဖီးကလပ်မှ ပေါင်ခြောက်သန်းဖြင့် ဒိုးနက်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကော်စတာရီကာဂိုးသမား ရီးရဲမက်ဒရစ်ခေါ်ယူ

ရီးရဲမက်ဒရစ်က ကော်စတာရီကာဂိုးသမား ကီလာနဗတ်ကို ခေါ်ယူလိုက်သည်။ နဗတ်သည် နိုင်ငံ့လက်ရွေးစင်အဖြစ် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကစားခဲ့ရာ ကော်စတာရီကာအသင်းအား ကွာတားဖိုင်နယ်အထိ အရောက်ပို့ပေးခဲ့သည်။ အသက် ၂၇ နှစ်ရှိ နဗတ်သည် လာလီဂါကလပ် လီဗန်တေးမှ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ ဥရောပချန်ပီယံ ရီးရဲမက်ဒရစ်က လီဗန်တေးကို ပေါင် ၇ ဒသမ ၉ သန်းပေးပြီး ခေါ်ယူခဲ့ဖွယ်ရှိသည်။ အဆိုပါဂိုးသမားသည် ရီးရဲမက်ဒရစ်သို့ ယခုနှစ် နွေရာသီအတွင်း ရောက်ရှိလာသည့် တတိယမြောက်ကစားသမား ဖြစ်လာသည်။ ၎င်းမတိုင်မီက ရီးရဲမက်ဒရစ်က တိုနီခရုဖ်နှင့် ဂျိမ်းရိုဒရီဂွက်ဇ်တို့ကို ခေါ်ယူခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ကုမ္ပဏီဥပဒေပြဋ္ဌာန်းအစည်းအဝေး (Statutory Meeting) ဖိတ်ကြားခြင်း

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးထံမှ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate For Commencement Of Business) ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် ရရှိခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၇၇(၁)အရ အစုရှယ်ယာရှင်များနှင့် ကျင်းပပြုလုပ်ရမည့် ဥပဒေပြဋ္ဌာန်းအစည်းအဝေး (Statutory Meeting)ကို အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက် (ကြာသပတေးနေ့)မွန်းလွဲ (၂း၀၀)နာရီမှ ညနေ (၄း၀၀)နာရီအထိ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။

၃။ အဆိုပါ ဥပဒေပြဋ္ဌာန်းအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားစာကို ဥပဒေပြဋ္ဌာန်းအစီရင်ခံစာ(Statutory Report)နှင့်အတူ အစုရှယ်ယာရှင်များအားလုံးထံသို့ ၂၂.၇.၂၀၁၄ ရက်နေ့မှစတင်၍ အမြန်ချောပို့နှင့် မှတ်ပုံတင်ချောပို့စနစ်များဖြင့် ပေးပို့ထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်၏ အစုရှယ်ယာရှင်များအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာအချိန်မီမရောက်ရှိခဲ့လျှင်လည်း အစည်းအဝေးသို့ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတက်ရောက်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမှုရင်း(သို့) ယာဉ်မောင်းလိုင်စင်(သို့) အစုရှယ်ယာသက်သေခံလက်မှတ် တစ်မျိုးမျိုးယူဆောင်လာပေးပါရန် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်

ပြစ်ဒဏ်ကြောင့် ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းမှုများရှိလာ၍ အချို့သော ယာဉ်မောင်းများ လိုင်စင်ရှိသော်လည်းမရှိဟု လိမ်ညာ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းကမ်းမဲ့ မောင်းနှင်နေကြသော ယာဉ်များကို ဇူလိုင် ၁၁ ရက်မှစတင်ကာ ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမှုများကို တိကျစွာ ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းသို့ဖမ်းဆီးအရေးယူရာတွင် မီးနီဖြတ်မောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ လိုင်းကားများ ဘေးတံခါးဖွင့်မောင်းခြင်း၊ နံပါတ်အနက်ဖြင့် ခရီးသည်များ တင်ဆောင်၍(ကြားကား)ဆွဲနေခြင်း၊ လိုင်စင်ရှိ၊ မရှိခွင့်ပြုချက်ပေးထားသော ဌာနဆိုင်ရာမှမဟုတ်သော မော်တော်ဆိုင်ကယ်စီးနင်းခြင်း စသည့် အမှုများပါဝင်သည်ဟု သိရသည်။

ဇူလိုင် ၁၁ ရက်မှစတင်ပြီး ယခုနှစ်ပတ်အတွင်း စည်းကမ်းမဲ့မောင်းနှင်ကြသော မော်တော်ယာဉ်အစီး ၅၀၀ ကျော်ကို ပထမဆုံးအကြိမ် ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်အနေဖြင့် အနည်းဆုံးသုံးလမှ ခြောက်လအထိ ယာဉ်မောင်းလိုင်စင်များကို ယာယီပိတ်သိမ်းအရေးယူမှုများ ပြုလုပ်ခဲ့သည်ဟု အမှတ် (၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

အဆိုပါ မော်တော်ယာဉ်များအနေဖြင့် နောက်ထပ်ပြစ်မှုကျူးလွန်ခဲ့ပါက တစ်နှစ်မှ လေးနှစ်အထိ တစ်ဆင့်ချင်းတိုးမြှင့်အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့အပြင် မော်တော်ကားစီးရေများပြားလာသည်နှင့်အမျှ လိုက်နာဆောင်ရွက်ကြရမည့် ယာဉ်စည်းကမ်း၊ စည်းမျဉ်းချိုးဖောက်မှု ပိုမိုများပြားလာကြောင်း၊ အချို့ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်နေကြမှု၊ ယာဉ်မောင်းလိုင်စင်ရှိသော်လည်း ပြစ်မှုအခြေအနေပေါ်ကြည့်၍မရှိဟု လိမ်ညာပြောဆိုမှုများရှိလာသည်ကို စစ်ဆေးတွေ့ရှိလာသည်ဟု ဆိုသည်။

ထို့ကြောင့် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်ခြင်းကို စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ်အထိအရေးယူဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိနေကြောင်းကို အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

ထို့အပြင် ယာဉ်မောင်းသူတစ်ဦးအနေဖြင့် မော်တော်ယာဉ်နှင့်ဆိုင်ရာပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ပါက တာဝန်ရှိသူမှ ယာဉ်မောင်းလိုင်စင်တောင်းသည့်အခါ လိုင်စင်ရှိထားပြီးဖြစ်သော်လည်း "မရှိ" ဟု လိမ်လည်ငြင်းဆိုပါက လိမ်လည်ထွက်ဆိုမှု၊ ဝတ္တရားနှောင့်ယှက်မှုတို့ဖြင့်ပါ ပူးတွဲအရေးယူသွားမည်ဖြစ်သည်ဟု သိရသည်။

ထိုယာဉ်မောင်း ယာဉ်မောင်းလိုင်စင်ရှိ မရှိကို ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးရှိ ကွန်ပျူတာမှတ်တမ်းတွင် အလွယ်တကူစစ်ဆေးသွားနိုင်သည့်အတွက်ယာဉ်မောင်းလိုင်စင်အမှန်တကယ်မရှိပါက ပြစ်မှုဆိုင်ရာ ပုဒ်မ ၂၀/၆၇ ဖြင့် ရုံးတင်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်မှုတို့ကို စစ်ဆေးတွေ့ရှိပါက ပထမတစ်ကြိမ် ပြစ်မှုကျူးလွန်သူအနေဖြင့် ထောင်ဒဏ်ခြောက်လ၊ ဒုတိယအကြိမ်ထပ်မံကျူးလွန်ပါက ထောင်ဒဏ်တစ်နှစ်အထိ အပြစ်ပေးအရေးယူသွားတော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယာဉ်မောင်းနှင်နေစဉ်အတွင်း အရက်သေစာသောက်စားထားခြင်း၊ အချက်ပြမီးများကို လိုက်နာမှုမရှိခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်မရပ်ရသော နေရာများ၌ ရပ်တန့်ထားခြင်း၊ ဟွန်းရှည်တီးခြင်း၊ ယာဉ်လိုင်စင်မရှိဘဲ မောင်းနှင်ခြင်း၊ ထို့အပြင် မထသအောက်ရှိခရီးသည်ယာဉ်များအနေဖြင့် မထသမှ ချမှတ်ပေးထားသော စည်းကမ်းများကို လိုက်နာမှုမရှိခြင်းတို့ကိုပါ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက နေရာအနှံ့ဆက်လက်စောင့်ကြည့်အရေးယူမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

တာဝန်ရှိသူတို့အနေဖြင့် ဤကဲ့သို့ တိကျစွာဖမ်းဆီးအရေးယူမှုများရှိလာသည့်အတွက် ယခုနောက်ပိုင်းအချိန်၌ ယာဉ်မောင်းသူတို့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုများ ပိုမိုရှိလာသည်ကို တွေ့မြင်လာရသည်။

ခရီးသည်တင် လိုင်းကားဖြင့် နေ့စဉ်ရုံးတက်ရုံးပြန် ပြုနေရသော မြန်မာ့စီးပွားရေးဘဏ်တစ်ခုမှ ကြီးကြပ်ရေးမှူးတစ်ဦးက "လိုင်းကားတွေ အတော်လေး စည်းကမ်းထိန်းလာကြပြီဗျ၊ အရင်ကလောက်ပရမ်းပတာ မမောင်းရဲကြတော့ဘူး။ ဥပဒေနဲ့အညီ တိတိကျကျ ဆောင်ရွက်လာတော့ သူတို့လည်း အဖမ်းခံရမှာကြောက်လာကြတယ်။ ယခင်ကလို ချလန်ဖြတ်ဒဏ်ငွေဆောင်ရုံလောက်နဲ့ မပြီးတော့ဘူးဆိုတာသိလာကြပြီလေ"ဟု ဆိုခဲ့သည်။

သတင်း-ဘော်ဂါသွေး
ဓာတ်ပုံ-ကိုကြီးတင်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဓာတ်အားလိုင်းကြိုးများ၊ အိမ်သုံး ဆားဗစ်ဝိုင်ယာကြိုးများ ပြတ်ကျမှုများတွေ့ရှိပါက ကိုင်တွယ်မှုလုံးဝ(လုံးဝ)မပြုလုပ်ရပါ။ အခြားသူများ မကိုင်မိအောင်လည်း စောင့်ကြည့်တားဆီးထားပါ။ လျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူ၊ လျှပ်စစ်ရုံးသို့ အမြန်ဆုံးအကြောင်းကြားပါ။

(၂) ဓာတ်အားလိုင်းကြိုးများ နိမ့်ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်တွင် မီးပွားများ ဖြစ်ပေါ်နေခြင်းများ တွေ့ရှိပါက လျှပ်စစ်ရုံးသို့ အမြန်အကြောင်းကြားပါ။

(၃) အဆောက်အအုံများ ဆောက်လုပ်ပြုပြင်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် ဓာတ်အားလိုင်းကြိုးအနီးတွင် ကပ်၍ဆောက်လုပ်ခြင်းမပြုရပါ။

(၄) ဓာတ်အားလိုင်းကြိုးများအောက်တွင် ကားများရပ်၍ ကုန်တင်/ကုန်ချခြင်းများ မပြုလုပ်ရပါ။

(၅) TV အင်တင်နာတိုင်တပ်ဆင်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် ဓာတ်အားလိုင်းကြိုးအနီးနှင့် ဓာတ်အားလိုင်းကြိုးများအောက်တွင် စိုက်ထူခြင်းမပြုလုပ်ရန် အထူးသတိပြုပါ။

(၆) ရေစိုလက်ဖြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များအား ကိုင်တွယ်ခြင်းမပြုရ။

(၇) သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များ ကိုင်တွယ်အသုံးမပြုရ။

(၈) ပျက်စီးနေသော မီးပလပ်၊ မီးခလုတ်များ၊ ဆော့ကတ်များ အသုံးမပြုရ၊ အမြန်ဆုံးလဲလှယ်ရပါမည်။

(၉) ဓာတ်လိုက်နေသူအား လက်ဖြင့်မဆွဲရ၊ ဓာတ်မလိုက်နိုင်သော (ခြောက်သွေ့သော)ပစ္စည်းတစ်ခုခုဖြင့် တွန်းထုတ်ဖယ်ရှားခြင်းဆောင်ရွက်ရမည်။

(၁၀) ဓာတ်လိုက်မှုဖြစ်ပွားပါက မိန်းခလုတ်ကို အမြန်ဆုံးပိတ်ရမည်။

(၁၁) လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာခြင်းဖြစ်ပြီးတိုင်း သစ်ပင်သစ်ကိုင်းများ ကျိုးပြတ်ကျမှုကြောင့် ဓာတ်အားလိုင်းကြိုးများ ၊ ဆားဗစ်ကြိုးများ ပြတ်ကျမှုရှိ/မရှိကို မိမိလမ်း၊ ရပ်ကွက်အတွင်း တာဝန်သိစိတ်ဖြင့် ကြည့်ရှုစစ်ဆေးသတင်းပို့ဆောင်ရွက်ပေးပါ။

(၁၂) ဓာတ်တိုင်မှအိမ်သို့ သွယ်တန်းထားသော လိုင်းကြိုး(ဆားဗစ်ကြိုး) ဟောင်းနွမ်းပေါက်ပြဲနေခြင်း၊ အိမ်တွင်းဝိုင်ယာကြိုးများ ဟောင်းနွမ်းပေါက်ပြဲနေခြင်းများသည် လျှပ်စစ်အန္တရာယ်ရှိသဖြင့် အမြန်ဆုံးလဲလှယ်ရေးအတွက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားပါ။

(၁၃) ယာယီသွယ်တန်းရာတွင် အသုံးပြုသော နှစ်ပင်လိမ်ကြိုးများသည် လျှပ်စစ်ဝန်အား အနည်းငယ်သာသုံးနိုင်ခြင်း၊ ဆွေးမြည့်ပေါက်ပြဲမှုလွယ်ကူခြင်းများကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်နိုင်ပါ၍ အရည်အသွေးကောင်းသော ကြိုးများကိုသာ အသုံးပြုပါ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

စစ်တွေ ဩဂုတ် ၅

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ပြီးကတ်ပြားများ ပေးအပ်ခြင်းကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ မင်းဂံရပ်ကွက် ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်စိုး၊ စစ်တွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းရွှေနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးစိန်မောင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူများကို မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဦးရေစုစုပေါင်း ၁၉၀ ဆောင်ရွက်ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၆၂)၊ ဦးပိုင်အမှတ်(၃၄)၊ ၅၁×၅၂ကြား၊ ဗထူး×အောင်ဆန်းလမ်းကြားရှိ ဒေါ်ကျင်လှိုင်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးညိုမောင် ၈/မမန(နိုင်)၀၃၂၁၉၆က မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၉၀)၊ ဦးပိုင်အမှတ်(၆၉)၊ ၄၅×၄၆ ကြား၊ မင်းကြီးရန်နောင်× မင်းရဲကျော်စွာ ကြားရှိ ဦးပေါ်ပေါ် အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးဟန်လှ၈/ရစက(နိုင်)၀၄၄၆၄၈ က မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၆၂)၊ ဦးပိုင်အမှတ်(၇၂)၊ ၅၁×၅၂ ကြား၊ မင်းရဲကျော်စွာ× ဗထူးလမ်းကြား ရှိ ဒေါ်တင်ကြည်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးဟွမ်တင်ရှိုး ၁၃/ကခန(နိုင်)၀၃၉၄၂၅က မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၃၃)၊ ဦးပိုင်အမှတ် ၃၇၊ ၅၃×၅၄ကြား၊ ကျန်စစ်သား×ဗန္ဓုလလမ်းကြားရှိ ဒေါ်ငွေးရင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အေးမြင့် ၅/ခဥတ(နိုင်)၀၀၇၄၆၅မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်အမှတ် ၅၄၊ ၅၃×၅၄ကြား၊ ကျန်စစ်သား×ဗန္ဓုလလမ်းကြားရှိ ဦးသာအောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမြင့်ဆွေ ၉/မကန(နိုင်)၀၅၆၆၇၀မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)ရပ်ကွက်၊ အကွက်အမှတ် (H-၂၁၄)၊ ဦးပိုင်အမှတ်(၅၈)၊ ၅၆×၅၇ ကြား၊ ဦးပုည×ဇေရတ်လမ်းကြားရှိ ဦးသန်းဆွေ အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးစိန်ပေါ၉/ မနတ(နိုင်) ၀၃၅၇၄၈ကမြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ မြေကွက်ဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၃၊ ဦးပိုင်အမှတ် ၅၉/က-ခ၊ ၆၆×၆၇ လမ်းကြား၊ AxB လမ်းကြားရှိ ဦးတင်မြင့်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးအောင်ငွေဦး ၉/မရတ(နိုင်)၀၁၁၈၃၇မှ အခွန်ပေးသွင်းပြီးကြောင်းငွေသွင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်/အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ် ဃ-၂၊ ဦးပိုင်အမှတ် ၁၈၄၊ ၆၂×၆၄ ကြား၊ မနော်ဟရီ×စိန်ပန်းကြားရှိ ဦးခင်မောင်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်ခင်ခင် ၉/မရတ(နိုင်)၀၄၂၃၄၉မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် F၊ ဦးပိုင်အမှတ် ၂၂၊ ၅၆×၅၇ လမ်း၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားရှိ ဦးထွန်းကြည်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်ကြည်ကြည်ဝင်း ၉/မဟမ(နိုင်)၀၀၆၀၉၈မှ မြေစလစ်၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရက်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အထူးအထွက်တိုးစပါးများ စံကွက်ရိတ်သိမ်း

မန္တလေး ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မင်းကန်ကျေးရွာတွင် တစ်ဆက်တစ်စပ်တည်း ဧက ၇၀ စံပြစိုက်ကွင်းတွင် မျိုးကောင်းမျိုးသန့် အထူးအထွက်တိုး(MR-219) မော်ဘီ(၃)မျိုးစပါးအား နွေစပါးအဖြစ် စမ်းသပ်စိုက်ပျိုးခဲ့ပြီး ဩဂုတ် ၁ ရက်က အဆိုပါ စံပြစိုက်ကွင်းတွင် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် တင်း ၁၇၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အဆိုပါ အထူးအထွက်တိုး (MR-219) မော်ဘီ(၃)မျိုးစပါးအား မန္တလေးမြို့မှ ဇေယျမနစပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေးမှ စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အထွက်နှုန်းကောင်းမွန်သော စပါးမျိုးကောင်းမျိုးသန့်များအား နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလျှင် တောင်သူများဘဝ ယခုထက်ပိုမိုတိုးတက်လာစေရမည်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကိုယ်တိုင်စိုက်ပျိုးလက်တွေ့ပြသခြင်းဖြစ်သည်။

ယင်းနွေစပါးစံပြကွက်မှ ထွက်ရှိသော မျိုးကောင်းမျိုးသန့်အထူးအထွက်တိုး (MR-219) မော်ဘီ(၃) ရိတ်သိမ်းရာတွင် ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုကာ တလင်းပျောက်စနစ်ဖြင့်ရိတ်သိမ်းခဲ့ပြီး စံပြကွက်စိုက်ပျိုးချိန်တွင် စိုက်နည်းစနစ်နှင့် အပင်အတွက် ပုံမှန်ကွန်ပေါင်းနှင့် ယူရီးယားဓာတ်မြေဩဇာတို့ကို ကျွေးမွေးခဲ့ရာ သတ်မှတ်စံနှုန်းထက် အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ ယခုရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် တင်း ၁၇၀ ကျော်အထက် ထွက်ရှိကြောင်းနှင့် စံကွက်ရိတ်သိမ်းရာသို့ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးအသိပညာပေးဟောပြော၊ အခမဲ့ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်

ကော့သောင်း ဩဂုတ် ၅

ကော့သောင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့်အခမဲ့ ဆေးကုသခြင်းအစီအစဉ်ကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံတွင် ကွင်းဆင်းဆောင်ရွက်သည်။

ကော့သောင်းခရိုင် ဆေးရုံအုပ်ကြီးဒေါက်တာ နေလင်း ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများဖြစ်သည့် ဆေးပညာသမားတော်၊ ခွဲစိတ်အထူးကု၊ မီးယပ်သားဖွားအထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ သွား၊ ငှက်ဖျား၊ HIV အဖွဲ့နှင့်သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများသည် ရပ်ကွက်ပြည်သူများအား လူတိုင်းသက်တမ်းစေ့နေနိုင်ရေး ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ လူနေရပ်ကွက်များအတွင်း ရာသီအလိုက်ဖြစ်ပွားတတ်သည့်ရောဂါများနှင့် ကြိုတင်ကာကွယ်နေထိုင်ရေးနည်းလမ်းများစသည့် ကျန်းမာရေးအသိ၊ သတိ၊ ရှင်သန်တိုးတက်လာကာ ရပ်ကွက်ပြည်သူများ အဆင့်အတန်းမြင့်မား၍ ရောဂါဘယကင်းဝေးစွာ နေထိုင်ရန် အသိပညာပေးဟောပြောသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများအဖွဲ့မှ ရပ်ကွက်ပြည်သူ ၂၄၅ ဦးခန့်ကို တစ်ဦးခြင်းကျန်းမာရေးစမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သည့်ဆေးဝါးများဖြင့် အများပြည်သူအကျိုးအလို့ငှာတစ်နေ့တာအခမဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှုပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(iprd)

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ မသန်စွမ်းဘောလုံးကွင်းနှင့် ပြေးလမ်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် အမှုဆောင်များသည် ဩဂုတ် ၂ရက်နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံရှိ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းသို့ရောက်ရှိရာ ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ ကျင်းပမည့် (2014 Asia Para Games) အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် 2015 8th Para Games (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသော အားကစားသမားများ အုပ်ချုပ်သူ/နည်းပြများနှင့်တွေ့ဆုံပြီး မသန်စွမ်းဘောလုံးကွင်းနှင့် ပြေးလမ်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၄၇) ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပ

နေပြည်တော် ဩဂုတ် ၅

(၄၇) ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းခွဲအမှတ်(၃) သပြေကုန်းတို့တွင် ဩဂုတ် ၂ ရက် နံနက် ၉ နာရီက တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း သိရသည်။

အာဆီယံအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့်ထုပ်ဆီးတိုးပြိုင်ပွဲများသို့ ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးထွန်းမြင့်အောင်၊ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများမှ ကြီးကြပ်ကာ ပြိုင်ပွဲတွင်စာစီစာကုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတွင် အသင်းအလိုက် ပထမ၊ ဒုတိယဆုရရှိအသင်းများအား မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်အောင်၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

တာချီလိတ် ဩဂုတ် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီ က စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မယ်ခေါင်ရပ်ကွက်ရှိ တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပရာ သင်တန်းတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျိုင်းတုံပြည်နယ်စိုက်ပျိုးရေးဌာနမှ မြေအသုံးချမှုတာဝန်ခံ ဦးပက်ထရစ်ဗျူးက မြေအသုံးချမှုပညာရပ်များပို့ချ၍ ကျိုင်းတုံပြည်နယ် စိုက်ပျိုးရေးဌာနမှ မျိုးစေ့ဌာနခွဲ တာဝန်ခံ ဦးဝင်းမြတ်ဇော်က မျိုးစေ့များအကြောင်း ပညာရပ်ကို ပို့ချခဲ့သည်။

ဒုတိယရက်သင်တန်းတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးအောင်က သီးနှံကာကွယ်ရေးပညာရပ်များကို ပို့ချပြီးနောက် ဝမ်မိုင်ရွာ (စံပြ) စိုက်ကွင်း၌ လက်တွေ့သင်တန်းများပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ တာချီလိတ်ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ရှစ်ဦး၊ တာလေမြို့နယ်ခွဲ စိုက်ပျိုးရေးဌာနမှ နှစ်ဦး၊ ကျိုင်းလပ်မြို့ စိုက်ပျိုးရေး ဌာနမှ ဝန်ထမ်းတစ်ဦး၊ ပါလျှံခြံမှ နှစ်ဦး၊တာချီလိတ်သီးနှံကာကွယ်ရေးဌာနမှ ရှစ်ဦး၊ မိုးဖြတ်မြို့စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းနှစ်ဦး၊ မိုင်းယောင်းမြို့ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းလေးဦး၊မိုင်းယုမြို့ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းနှစ်ဦး စုစုပေါင်း ၃၁ ဦး သင်တန်းသို့ တက်ရောက်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မဟာဓမ္မစကူးလ်သင်တန်းကျောင်းဖွင့်လှစ်သင်ကြား

ကနီ ဩဂုတ် ၅

ကလေးများငယ်စဉ်အရွယ်မှစ၍ ယဉ်ကျေးလိမ္မာပြီး အမျိုးဘာသာသာသနာအကျိုး သယ်ပိုးဆောင်ရွက်စောင့်ရှောက်တတ်စေရန်နှင့် ကုသိုလ်ရရှိရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းစံပြကျေးရွာ သိမ်ကုန်းကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တဓမ္မပါလ ဦးဆောင်၍ ဝါတွင်းကာလတွင် မဟာဓမ္မပါလ ဓမ္မစကူးလ်သင်တန်းကို အပတ်စဉ် တနင်္ဂနွေနှင့် အဖိတ်နေ့တိုင်း သိမ်ကုန်းကျောင်းတိုက်အတွင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓမ္မစကူးလ်သင်တန်းကျောင်းမှ လူငယ်များနှင့် ကင်းစံပြကျေးရွာ နဂါးနီလူငယ်အဖွဲ့တို့ ပူးပေါင်းကာ မိမိတို့ရပ်ရွာအတွင်းမှ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ဂိလာနများ ၃၀၉ ဦးတို့ကို အပတ်စဉ် အာဟာရကျွေးမွေးလှူဒါန်းပြီး ဝေယျာဝစ္စများလည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

သန်းငွေအောင်(ကနီ)

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ မြေကွက်အမှတ် ၄၆၉၊ ဦးမောင်မောင်အမည်ပေါက် ပေ(၄၀×၆၀) (ပါမစ်)မြေအမျိုးအစားမြေကွက်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊မြေကွက်အမှတ်၆၁၊ ပေ(၄၀×၆၀) (ပါမစ်မြေ) အမျိုးအစား မြေကွက်(၂)ကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်လွင် ၆/မအရ(နိုင်)၀၀၁၄၈၁က နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူရရှိပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှစ်ကွက်ကို အခြားသူများအနေဖြင့် တစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းတို့ကို မပြုလုပ်ကြရန် သတိပေးအပ်ပါသည်။ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ပြုလုပ်သူတို့အား တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်းသတိပေးကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင် (စဉ်-၃၄၄၉၀) LL.B, C.B.L
ဒေါ်ကြည်သာဝင်း (စဉ်-၂၉၅၅၃) LL.B, LL.M
ဒေါ်နန်းဆိုင်အုံ (စဉ်-၃၄၅၃၀) LL.B
ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂) LL.B
ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈) LL.B
ဒေါ်ဥမ္မာထွန်း (စဉ်-၃၇၈၈၄) LL.B, D.B.L, D.I.R

အထက်တန်းရှေ့နေများ(ရွှေဟသာ်အိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၁၀၆၆၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၂၅၀၀၁၀၁၅၄၊ ၀၉-၄၃၀၁၁၄၈၅၊ ၀၉-၃၁၃၀၂၆၂၉၊ ရုံး-၀၉-၃၁၅၅၇၀၆၈

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၉၆)၊၆၇×၆၈ကြား၊ ပျူစောထီး×ကျန်စစ်သား လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူခင်ပွန်းဦးသိန်းထွန်း ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၉၈၃/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သောဇနီး ဒေါ်ခင်သန်းကြည် ၉/မနမ(နိုင်)၀၁၆၈၃၅မှ ဂရန်မူရင်းမှာလက်ဝယ်တွင် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူအမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ခ)ရပ်ကွက်၊အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၉၅)၊ ၆၇×၆၈ကြား၊ ပျူစောထီး×ကျန်စစ်သား လမ်းကြားရှိ ဦးသံချောင်းအမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးလှဘော်၊ မိခင်ဒေါ်သိန်း(သား) ဦးသံချောင်း(လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၉၈၄/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ကျန်ရစ်သူညီမများဖြစ်သည့် ဒေါ်ခင်ဝင်း WMDY-၂၉၇၁၁၄၊ ဒေါ်ခင်မာတူး ၉/မနမ(နိုင်)၀၁၈၂၆၂၊ ဒေါ်အုန်းအုန်းသန်း ၉/မနမ(နိုင်)၀၁၈၄၈၄တို့မှ ဂရန်မူရင်းနှင့်ငွေသွင်း ပြေစာမူရင်း တို့ပျောက်ဆုံးကြောင်းရဲစခန်းနှင့်ရပ်ကွက်အုပ် ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ အမည် ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၄၊မြေကွက်အမှတ် ၂၈၆၊ မြေကွက်တည်နေရာအမှတ် (၂၈၆)၊ သီဟိ ၂လမ်း၊ ဒဂုံတောင်မြို့နယ် (ဦးသိန်းမြင့်၊ PGO-၂၀၆၆၃၄)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးသိန်းမြင့်ကွယ်လွန်သဖြင့် ဒေါ်မေဆင့် ၁၂/မဂတ(နိုင်) ၀၂၃၁၆၆က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၇)ရပ်ကွက်၊ မြေကွက်အမှတ် (၄၄၂)၊ အမည်ပေါက် ဦးသောင်းစိန် (ကွယ်လွန်)၊ ဇနီး ဒေါ်အေးအေးညွန့် ၁၂/အစန(နိုင်) ၁၃၄၁၈၈ မှတစ်ဆင့်ဝယ်ယူထားသူ ဒေါ်မြမြဝင်း ၁၂/သဃက(နိုင်) ၀၆၇၉၉၅ မှ ကတိသစ္စာပြု ကျမ်းကျိန်လွှာဖြင့် ရုံးခွဲမှတ်ပုံတင်စာရင်းဝင်ခွင့် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်းသွင်းခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁၊ မြေကွက်အမှတ်၁၀၈၊ မြေကွက်တည်နေရာအမှတ် ၄၇၆၊ ဆရာစံလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်ခင်ဆွေ)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဆွေ(တရားရှုံး) ကိုယ်စား ဘီလစ် ဒေါ်လွဲ့လွဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ ဒဂုံမြို့သစ်မြောက်ပိုင်းတရားရုံး၏ တရားမကြီးမှု ၁၈၅/၁၃ (၂၀-၃-၁၃)နှင့်ဇာရီမှု၁၀၅/၁၄ (၂၀/၁၂/၁၃)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်ကြီးပွားရေး(မြောက်)၊ မြေကွက် အမှတ် ၂၉၅/က၊ မြေကွက်တည်နေရာ အမှတ်(၂၉၅/က)၊ သမိန်ဗရမ်းလမ်း၊ ကြီးပွားရေး(မြောက်) (ဦးလှရွှေ)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှရွှေကွယ်လွန်သဖြင့် ဒေါ်ခင်ပြုံး ၁၂/သဃက(နိုင်)၀၅၉၀၁၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ် ၆၃၀၊ မြေကွက်တည်နေရာအမှတ် ၆၃၀၊ မာဃ ၁၀လမ်း၊ (၁၂)ရပ်ကွက်၊ တ/ဥ (ဦးညွန့်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညွန့်နှင့်ဇနီး ဒေါ်ချောမေ (ကွယ်လွန်)သဖြင့်ဦးစန်းမောင် ၁၂/ဥကတ(နိုင်)၁၁၂၆၂၆က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇(ပုသိမ်မြေ)၊ မြေကွက်အမှတ်၁၁၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ၁လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှမြင့်အောင် LPN-၁၀၈၅၂၁ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်အောင် ခင်ပွန်း (ကွယ်လွန်)သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်မြင့်မြင့်ကြီး ၇/လပတ(နိုင်)၀၀၅၅၁၁ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၉၂၆/၁၄(၇-၂-၁၄)ရရှိသူ ဒေါ်မိမိငယ် ၁၂/တမန(နိုင်)၀၈၈၇၅၀က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

မူကြိုကလေးများအတွက် (Small Library Corner) နေခြည်မှာ ငွေရည်ဖျန်းမယ့် တို့စာကြည့်ခန်း

သတင်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)
ဓာတ်ပုံ-ဖိုးသံတုံး

စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ၊ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသော စကားစုများသည် လူတိုင်းစာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး ဗဟုသုတကြွယ်ဝဖွံ့ဖြိုးရေးအတွက် တွန်းအားပေးနေခြင်းဖြစ်သည်။ ဤသည်ကား စာဖတ်လူငယ်၊ လူရွယ်၊ လူကြီးများအတွက် ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်ပြည့်သူမှသာ အခြေခံပညာမူလတန်းစာသင်ကြားခွင့်ရရှိသည်။

စာကြည့်ခန်း၊ စာကြည့်တိုက်၊ စာပေရေးချမ်းစင်ဆိုသည်များက စာပေတတ်မြောက်ပြီးသူများအတွက် စာပေဖတ်ရှုလေ့လာနိုင်ရန် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သုတရသနှင့် အခြားစာအုပ်များထားရှိဖွင့်လှစ်ပေးထားခြင်းဖြစ်ပေသည်။ ယခုတော့ စာလုံးဝမသင်ရသေးသော၊ စာမဖတ်တတ်သေးသော ကလေးများအတွက် Small Library Corner အမည်ဖြင့် ရုပ်ပြစာအုပ်၊ စာကြည့်ခန်းငယ်များကို ယခု ၂၀၁၄ ပညာသင်နှစ်ကစပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများတွင် ဖွင့်လှစ်ထားရှိနေပြီကို ကြားသိရ၏။ ထို့ကြောင့် ဩဂုတ် ၁ ရက် နေ့လယ်က ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းရှိ အမှတ်(၁) မူလတန်းကြိုကျောင်းသို့ သွားရောက်ခဲ့သည်။ ကျယ်ဝန်းသော ခန်းမဆောင်ကြီးအတွင်း ၁၀ ပေပတ်လည် အခန်းလေးကို စာကြည့်ခန်းငယ် အသွင် သပ်သပ်ရပ်ရပ်၊ စာအုပ်စင်လေးများ၊ ကလေးထိုင်ခုံငယ်လေးများဖြင့် ခင်းကျင်းကာ လေဝင်လေထွက်နှင့် အလင်းရောင်အားကောင်းစေရန် တံခါးမကြီးနားကပ်လျက်ထားရှိပေးသည်ကို တွေ့မြင်ရသည်။ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်မူလတန်းကြိုကျောင်းသား ကျောင်းသူ ရင်သွေးငယ်လေးများ စာအုပ်စင်ပေါ်မှ ရုပ်ပြစာအုပ်လေးများ ကိုယ်စီကိုင်၍ ကြည့်ရှုနေပြီး တာဝန်ကျဆရာမတစ်ဦးက ရုပ်ပြစာအုပ်ထဲမှ ရုပ်ပုံများကို ကြည့်ပြီး ပုံပြောသလို ကလေးများနှင့် အမေးအဖြေလုပ်၍ ပြောနေသည့် ကလေးမိဘတစ်ဦးဖြစ်သူ ဒေါ်သူဇာလင်းကလည်း အခြားတစ်ဖက်တွင် ရုပ်ပြစာအုပ်မှ ပုံပြင်များကို တစ်ရွက်ချင်းပြ၍ ကလေးများနှင့် အမေးအဖြေပြုလုပ်ကာ ပုံပြောပြနေသည်ကိုလည်း တွေ့ရသည်။ စာအုပ်စင်ပေါ်တွင် ယူနီဆက်ဖ်မှ ထုတ်ဝေသော ရုပ်ပြစာအုပ်များအပါအဝင် အင်္ဂလိပ်၊ မြန်မာ၊ ဂျပန်ရုပ်ပြစာအုပ် ၁၀၀ ကျော်ကို ကလေးများလက်လှမ်းမီအောင်ထားရှိပေးထား၏။ နေ့စဉ် ကလေးငယ်များကို အတန်းလိုက်အုပ်စုခွဲ၍ အချိန်မိနစ် ၃၀ ကြာ ပုံပြောသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းသမားတစ်ဦးအနေဖြင့် မူလတန်းကြိုရင်သွေးငယ်များအတွက် စာဖတ်အလေ့အကျင့်ကောင်း ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စာကြည့်ခန်းငယ်အဖြစ် စတင်ဖွင့်လှစ်သင်ကြားပေးနေခြင်းမှာ သတင်းဦးတစ်ခုဖြစ်၍ တာဝန်ခံကျောင်းအုပ်ဆရာမကြီးထံ ခွင့်ပြုချက်တောင်းကာ ကလေးငယ်များ ရုပ်ပြစာအုပ် ကြည့်ရှုဖတ်နေပုံ၊ တာဝန်ခံဆရာမက စာအုပ်ထဲမှ ရုပ်ပုံကားချပ်များကို ရှင်းပြပြောပြနေပုံ၊ ကျောင်းသားမိဘတစ်ဦးဖြစ်သူက ပါဝင်ကူညီ ပုံပြင်ပြောပြနေပုံများကို သတင်းမှတ်တမ်းအဖြစ် ဓာတ်ပုံရိုက်ယူခဲ့သည်။

ဓာတ်ပုံများရိုက်ကူးအပြီး လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နွယ်အား တွေ့ဆုံမေးမြန်းရာတွင် "အခုနှစ် ကျောင်းဖွင့်ချိန် ဇွန်လကစပြီး မြန်မာနိုင်ငံတစ်ဝန်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းက လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းတွေအားလုံးမှာ ဒီ Small Library Corner တွေကို ညွှန်ကြားချက်နဲ့အညီ ဖွင့်လှစ်ပေးထားတာဖြစ်ပါတယ်။ အမှတ်(၁) မူကြိုကျောင်းလည်း အပါအဝင်ပေါ့။ ရည်ရွယ်ချက်ကတော့ ကလေးတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစွမ်းရည် တိုးတက်စေဖို့အတွက် ကလေးတွေ ငယ်ရွယ်စဉ်အချိန်က စတင်ပြီးတော့ စာဖတ်ချင်တဲ့ အလေ့အကျင့်ကောင်းတွေရရှိလာစေဖို့နဲ့ မိမိကိုယ်ကို ယုံကြည်အားကိုးမှုရှိလာအောင် ရည်ရွယ်ဖွင့်လှစ်ပေးတာဖြစ်ပါတယ်။ ဒီအရွယ်ဟာ ဦးနှောက်ဖွံ့ဖြိုးမှုအား အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ စူးစမ်းလိုစိတ်၊ သင်ယူလိုစိတ်ရှိတဲ့အချိန်လည်း ဖြစ်ပါတယ်။ သူတို့လေးတွေ စာလုံးဝမရေးတတ်၊ မဖတ်တတ်ကြသေးပါဘူး။ ဒါပေမယ့် စာအုပ်ထဲမှာ ရေးဆွဲပြထားတဲ့ ရုပ်ပြပုံတွေကြည့်ပြီး ချိတ်ဆက် တွေးတောလာတတ်ကြပါတယ်။ ဒါကို အိမ်မှာနေတဲ့ မိဘ ဆွေမျိုးသားချင်းတွေနဲ့ မူကြိုကျောင်းက ဆရာမတွေက စာအုပ်တွေထဲမှာ တွေ့မြင်ရတာတွေကို အတုခိုးပြီး လိုက်လုပ်နိုင်အောင် အားပေးရပါတယ်။ အခုစာကြည့်ခန်းငယ်ဖွင့်တာလည်း ဒီသဘောပါပဲ။ ဘာသာရေး၊ ပြည်သူ့နီတိ၊ မိဘအသိပညာပေး၊ ယဉ်ကျေးလိမ္မာ၊ ကျန်းမာအသိပညာပေးတို့နဲ့ သက်ဆိုင်ပါဝင်တဲ့ ရုပ်ပြစာအုပ်တွေ၊ ကလေးတွေ မှတ်လွယ်တတ်လွယ်အောင် ကျောင်းကဆရာမတွေ တီထွင်ပြုလုပ်ပေးထားတဲ့ ရုပ်ပြစာအုပ်တွေ ကြည့်ရှုဖတ်နိုင်ပြီး သင်ပေးနေခြင်း ဖြစ်ပါတယ်"ဟု Small Library Corner ဖွင့်လှစ်ရခြင်းကို ရှင်းပြသည်။

အသက်သုံးနှစ်မှငါးနှစ်အရွယ်ရှိ ကြိုက်သလိုပုံသွင်း၍ ရနိုင်သော ဖယောင်းသဖွယ် ပျော့ပျောင်းနုနယ်သည့် မူကြိုကလေးများအား Small Library Corner ဖွင့်လှစ်ပေး၍ အကြိုရှေ့ပြေးစာဖတ်အလေ့အကျင့်ရအောင် ပြုစုပျိုးထောင်ပေးခြင်းသည် အနာဂတ်၏သားကောင်းသမီးကောင်း လူတော်လေးများပေါ်ထွန်းလာစေမည့် ရှေ့ပြေးပုံရိပ်များပင်ဖြစ်ပါကြောင်း သတင်းမြင်ကွင်းရိုက်ကူးရေးသား တင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အဆင့်တိုးမြှင့်ဖွင့်

ဖြူး ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျေးလက်နေပြည်သူများ ဆေးကုသမှုလွယ်ကူမြန်ဆန်ရေးတို့အတွက် ဖြူးမြို့တွင် ခုတင် ၁၀၀ ဆေးရုံတစ်ရုံ၊ ကညွတ်ကွင်းမြို့တွင် ၂၅ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ၊ ညောင်ပင်သာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံတစ်ရုံနှင့် ဇေယျဝတီမြို့တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံရှိကာ ဖြူးမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးရွာတွင် ယခင်က ကျေးလက်ကျန်းမာရေးဌာနမှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြူးမြို့နယ် ရေသျှံကြီးကျေးလက် ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့လည်းကောင်း၊ ခင်တန်းကြီး ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့သည်။

ယခင်က ဖြူးမြို့နယ် လယ်ပြင်ကြီးရွာ၊ဝဲကြီးရွာ၊ ကျော်လှရွာ၊ ဘုရားလဟာရွာနှင့် မြပဲခူးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန ငါးခုသာရှိခဲ့ရာမှ ယခုရေသျှံကြီးရွာနှင့် ခင်တန်းကြီးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိသဖြင့် ကျေးလက်ကျန်းမာရေးဌာနပေါင်းခုနစ်ခုအထိ ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ယခင်က ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၁ စု တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၂ ခုသာ ရှိခဲ့ရာ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၃၉ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် လက်လှမ်းမီစွာ အချိန်နှင့်တစ်ပြေးညီ ဆေးဝါးကုသနိုင်ကြတော့မည်ဖြစ်သည်။ ယခုတိုးချဲ့ ဖွင့်လှစ်ခွင့်ပြုခဲ့သော တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများကို ပဲခူးတိုင်းဒေသကြီး အစိုးရ၏အစီအစဉ်ဖြင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ကြီးကြပ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

မွေးမြူရေးဇုန် ဖွံ့ဖြိုးရေးကော်မတီသစ်ဖွဲ့စည်း

တပ်ကုန်း ဩဂုတ် ၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်(၁)တွင် မွေးမြူရေးဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩဂုတ် ၁ ရက်ကကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးဇုန်ဖွံ့ဖြိုးရေး ကော်မတီသစ်အားဖွဲ့စည်းရာဥက္ကဋ္ဌ ဦးတင်မြိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ကြီး၊ အတွင်းရေးမှူး ဦးနေဒွန်းအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးကျင်စု၊ ဘဏ္ဍာရေးမှူး ဦးအောင်ခင်တို့ ပါဝင်သော ကော်မတီသစ်ကို ရွေးချယ်သည်။ ထို့နောက် ကော်မတီမှဦးဆောင်၍ ကံကြီးမွေးမြူရေးဇုန် လျှပ်စစ်မီးရရှိရေး၊ လျှပ်စစ်မီးရရှိပါက မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေးဝန်ကြီးဌာနမှ ချေးငွေရရှိရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်ဆုံးဖြတ်ကြသည်။

ထို့နောက် မွေးမြူရေးဇုန်အတွင်း မွေးမြူထားသော နို့စားနွား ၁၄၄ ကောင်၊ ဒေသနွား ၂၁၉ ကောင်၊ ဆိတ် ၁၀၂၄ ကောင်နှင့် အသားစားကြက် ၄၅၀၀၀ မွေးမြူထားမှုကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။ (ဝ၂၁)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာကောလိပ်(မြင်းခြံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)အတွက် အောက်ဖော်ပြပါပရိဘောဂ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Bench With Table (4 Seat) စာသင်ခုံ	၁၅၀
(၂)	ဖိုင်တင်စင်(၃'×၁'×၃')	၉

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၈-၂၀၁၄ ရက်မှစ၍ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မြင်းခြံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၇-၈-၂၀၁၄ ရက် ၁၅း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာကောလိပ်(မြင်းခြံ) ဖုန်း-၀၆၆-၂၂၁၅၂ နှင့် ၀၉-၂၂၁၆၂၇၆တို့တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အစိုးရနည်းပညာကောလိပ်(မြင်းခြံ)

အိမ်ရောင်းမည်

၁၅၇ လမ်း၊ သုံးထပ်တိုက်၊
တာမွေမြို့နယ်
ဖုန်း-၀၁-၅၄၀၈၉၄
၀၉-၂၅၀၂၆၉၂၁

အမြန်ရောင်းမည်

တောင်/မြောက်လမ်းဆုံအနီး ပေ(၃၀×၆၀) အိမ်ပါမြေကွက် ရေ၊မီးအစုံ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ **ဖုန်း-၀၉-၄၃၁၆၇၄၅၁**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၆

ဒေါ်ဘေဘီ ပါ-၄ **နှင့်** ဒေါ်ရန် ပါ-၁၁
တရားလိုများ **တရားပြိုင်များ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လမင်းထွန်းဆေးဆိုင်၊ ရွှေကြီးမြင်ဘုရားအရှေ့ဘက်၊ ၂၄×၂၅ လမ်းကြားနေ ဒေါက်တာ ဒေါ်သီတာလှ(ယခုနေရပ်လိပ်စာမသိ)ကို သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "အမွေစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၈ရက် (၁၃၇၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသင်းချို)
ဒုတိယခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး
မန္တလေးမြို့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၁

ကွယ်လွန်သူ ဒေါ်ခင်နှင်းယု၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်သင်းသင်းခိုင်
၁၂/ဒလန(နိုင်)၀၁၃၈၈၄၊
အမှတ် ၁၄၈၊ ကမ်းနားပတ်လမ်းမြောက်၊
ညောင်းကုန်းရပ်ကွက်၊ ဒလမြို့။ **လျှောက်ထားသူ**

အထက်ဖော်ပြပါ လိပ်စာနေ ဒေါ်သင်းသင်းခိုင်မှ ကွယ်လွန်သူ ဒေါ်ခင်နှင်းယု၏ ညီမဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ၄င်းကွယ်လွန်သူ ဒေါ်ခင်နှင်းယု၏ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၁)တွင် စုဆောင်းငွေကျပ် ၅၆၇၀၈၄၉၉.၁၇ (ကျပ်ငါးရာခြောက်ဆယ့်ခုနစ်သိန်းရှစ်ထောင့်လေးရာကိုးဆယ်ကိုးနှင့်တစ်ဆယ့်ခုနစ်ပြား)တိတိနှင့် ငွေစုဘဏ်ခွဲ(၃)တွင် စုဆောင်းငွေကျပ် ၃၄၇၁၅၂.၆၃(ကျပ်သုံးသိန်းလေးသောင်းခုနစ်ထောင့်တစ်ရာ့ငါးဆယ်နှစ်နှင့် ခြောက်ဆယ့်သုံးပြား)တိတိကို ထုတ်ယူနိုင်ရန်နှင့် ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်ခင်နှင်းယု၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဩဂုတ်၁၅ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော်၅ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်သင်းသင်းခိုင်၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စောကော်နေမူး)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

တစ်ဦးတည်း ဖြစ်ကြောင်း	ထီးချိုင့်မြို့နယ်၊ အင်ဒေါင်းကျေးရွာနေ ဦးကျော်သိန်း၏သမီး မအေးမြတ်သန္တာကျော်(ခ)မသန္တာကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအေးမြတ်သန္တာကျော်(ခ)မသန္တာကျော်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ချင်းတွင်းမြစ်ရေတက်ချိန်ဖြစ်၍ တန် ၁၀၀၀ တင် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ကြပြီ

ရေစကြို ဩဂုတ် ၅

ချင်းတွင်းမြစ်ရေ မြင့်တက်လာသဖြင့် တန် ၁၀၀၀ တင်ဆောင်နိုင်သော စက်မဲ့တွဲရေယာဉ်ကြီးများ အစုန်အဆန်သွားလျက်ရှိနေပြီဖြစ်သည်။

"ရေယာဉ်က ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး မော်လိုက်အထက်ဘက် တွင်းပင် ကျောက်မီးသွေးစခန်းက ကျောက်မီးသွေးများကို သယ်ယူပြီး မောင်းတုန်း၊ ပခုက္ကူမြို့နဲ့ မန္တလေးမြို့တွေကို ပို့ဆောင်ပေးရပါတယ်။ တန်ဆာခကတော့ ပခုက္ကူအထိ ကျောက်မီးသွေးတစ်တန်ကို ငွေကျပ် ၁၂၀၀၀ ရပါတယ်။ မန္တလေးအထိဆိုရင် တစ်တန်ကို ငွေကျပ် ၁၄၀၀၀ ရပါတယ်။ ကျွန်တော်တို့ စက်မဲ့တွဲရေယာဉ်က ကုန်ချိန် ၁၀၀၀ အပြည့်တင်ပါတယ်။ သင်္ဘောရေစူးက ရှစ်ပေခွဲဖြစ်ပါတယ်။ ဒီစက်မဲ့ CB တွဲယာဉ်ကို မြင်းကောင်ရေ ၇၅၀ အားရှိတဲ့ ရှစ်လုံးထိုးအင်ဂျင်စက်နှစ်လုံး ထိုင်ထားတဲ့ တွန်းရေယာဉ်နဲ့ တွန်းပါတယ်။ ရေစကြိုက မော်လိုက်အထိ ဆိုရင် သုံးညအိပ် လေးရက်ဆန်ရပါတယ်။ အစုန်ဆိုရင် နှစ်ညအိပ် သုံးရက်စုန်ရတယ်။ သင်္ဘောသား ၁၅ ဦး ပါဝင်ပါတယ်" ဟု ရေယာဉ် ကိုယ်စားလှယ်တစ်ဦးက ပြောပြသည်။

"ယခုနှစ်မှာ ဇွန် ၁၅ ရက်နောက်ပိုင်းမှ ချင်းတွင်းမြစ်အတွင်းကို ဝင်လို့ရပါတယ်။ မနှစ်ကထက် တစ်လနောက်ကျတယ်။ ချင်းတွင်းမြစ်ကြောင်းမှာ ဇွန်လမှ အောက်တိုဘာလအထိ အလုပ်လုပ်လို့ရပါတယ်။ အောက်တိုဘာလကုန်တာနဲ့ မထွက်နိုင်ရင် သောင်တင်တော့တာပဲ၊ နိုဝင်ဘာလကနေ မေလအထိ ဧရာဝတီဖြစ်ကြောင်းမှာ ဆန်တင်၊ ကျောက်တင်၊ ဆားတင်ပြီး ရန်ကုန်၊ မြောင်းမြ၊ ပခုက္ကူ သွားလာလုပ်ကိုင်ရပါတယ်" ဟု သင်္ဘောဝန်ထမ်းတစ်ဦးက ပြောပြသည်။

ချင်းတွင်းမြစ်ကြောင်းမှာ ရေတက်ချိန်ဖြစ်ခြင်းကြောင့် သွားလာရေး အဆင်ပြေလျက်ရှိသော်လည်း မြစ်ကြောင်းတစ်လျှောက် ရေကြောင်းသတိပေးအချက်ပြသင်္ကေတ ဗောများ၊ ဖော်ယာများ စိုက်ထူထားခြင်း မရှိသဖြင့် ရေကြောင်းကျွမ်းကျင်သူများအား သီးသန့်လစာပေးငှားထားရကြောင်း၊ ရေယာဉ်မှာ ကုန်တန်ချိန်များပြီး ရေယာဉ်ကြီးမားသဖြင့် တံတားများအောက် ဖြတ်သန်းသည့်အခါ ပထမရေစီးလမ်းကြောင်းကို စနစ်တကျလေ့လာကာ စက်ရှိန်ဖြင့် သတိထား ခုတ်မောင်းနေရကြောင်း၊ တံတားစစ်ဆေးရေး ပွဲထောင်က အတင်းအကျပ်ရပ်တန့်ခိုင်းချိန်များ၌ ရေယာဉ်နှင့်တံတားတိုင်များ ထိခိုက်အန္တရာယ်ရှိနိုင်ကြောင်း၊ ထို့အပြင် ရေယာဉ်များကို ရပ်တန့်စေကာ ငွေကြေးတောင်းခံမှုများလည်း ကြုံတွေ့နေရကြောင်း၊ ငွေကြေးကောက်ခံမှုများအား တံတားအနီး ရေစီးကြောင်းများကို သတိထားရချိန် ရပ်တန့်ခိုင်းခြင်းကြောင့် အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း ရေယာဉ် ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ဖေထွဏ်းဇော်(ရေစကြို)

တောင်ပြီးပွဲတော် စည်ကားလျက်ရှိ

မတ္တရာ ဩဂုတ် ၅

မတ္တရာမြို့နယ် တောင်ပြိုးကျေးရွာတွင် ဩဂုတ် ၃ ရက်တွင် စတင်ကျင်းပသည့် တောင်ပြိုးဆုတောင်းပြည့်ဘုရားပွဲတော်နှင့် တောင်ပြိုးမင်းနှစ်ပါးပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

တောင်ပြိုးပွဲတော်တွင် လာရောက်ဈေးရောင်းချသူများမှာ ဆိုင်ခန်းခကြီးမြင့်မှုများကြောင့် အဆင်မပြေမှုများရှိနေပြီး ဝယ်ယူစားသုံးသူများကလည်း ဈေးကြီးပေးကာ ဝယ်ယူနေကြရကြောင်း သိရသည်။

ဆိုင်ခန်းရှင်တစ်ဦးက သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချသော ဈေးနှုန်းများမှာ များစွာကြီးမြင့်လျက်ရှိပြီး ဈေးမြင့်တက်သော်လည်း ဘုရားဖူးအများစုမှာ မဖြစ်မနေ ဝယ်ယူနေကြရသည်။ ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာအသစ် အော်ရီဒူးဆင်းကတ်များကိုလည်း တောင်ပြိုးပွဲတော်အတွင်း ရောင်းချပေးလျက်ရှိပြီး ဆင်းကတ်တစ်ခုကို ငွေငါးထောင်ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း ဘုရားဖူးများထံမှ သိရသည်။

တောင်ပြိုးပွဲတော်သို့ လာရောက်သူများပြားသဖြင့် လူစုကွဲခြင်းများ၊ မိဘများနှင့် ကွဲသွားသောကလေးများရှိတတ်သဖြင့် ပွဲတော်ပြန်ကြားရေးဌာနမှ အသံချဲ့စက်များကိုအသုံးပြုကာ လူပျောက်ရှာပေးရမှုများလည်း မြင့်တက်နေကြောင်း၊ ယနေ့အထိ ဘုရားဖူးလာပြည်သူများက လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၂၆ သိန်းကျော်ရရှိထားပြီဖြစ်ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

သီလရှင်စာသင်ကျောင်းအတွက် စုပေါင်းလှူဒါန်း

မူဆယ် ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ၁၀၅ မိုင် မိုင်းယုကျေးရွာအုပ်စုရှိ ကမ္ဘောဇသိင်္ဂီသီလရှင်ပညာသင်ကျောင်းတွင် ဩဂုတ် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အထောက်အကူပြုအဖွဲ့အစည်းများက သီလရှင် ၃၃၂ ပါး၊ သာမဏေ ၁၆ ပါး၊ ကျောင်းသား ၂၃၁ ဦး၊ ကျောင်းသူ ၂၅၇ ဦးတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသဆောင်ရွက်ပေးခြင်းများဆောင်ရွက်ခဲ့ပြီး နေ့ဆွမ်းများလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)မှ ဓမ္မပါလကျောင်း၊ သာစုကျောင်းတိုက်၊ နတ်စင်လမ်း၊ (ဗဟိုစံပြငါးဈေးအနီး) ကြည့်မြင်တိုင်၊ ရန်ကုန်တွင် ၁၀-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ ကျိုက်လတ်မြို့နယ်သူမြို့နယ်သားများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်ရန်- ဦးမောင်ညိမ်း ဖုန်း-၀၉-၅၀၀၉၁၇၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၁၃၃၈၂၉၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဒေါ်ခင်ချိုဦး ဖုန်း-၀၉-၃၁၀၄၈၄၂၃

အမှုဆောင်အဖွဲ့

မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အောင်ဆန်း(၁၂) နှစ်(၃၀)ပြည့် မိတ်ဆုံစားပွဲအား အောက်ပါအတိုင်း ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ ရပ်နီး၊ ရပ်ဝေးမှ သူငယ်ချင်းအားလုံး တက်ရောက်ပေးပါရန် သတိတရ အမှတ်တရ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၃ရက် (စနေနေ့)	
အချိန်	-	နံနက် ၁၀ နာရီ (နေရာယူပြီး)	
နေရာ	-	M-3 Food Center Diamond Hall	
		မြေညီထပ် (တော်လှန်ရေးပန်းခြံရှေ့)	
ဆက်သွယ်ရန်	-	စောမြင့်အောင်	ဖုန်း-၀၉-၈၆၀၁၃၁၉၊
		သောင်းဟန်	ဖုန်း-၀၉-၄၂၂၁၁၅၃၇၈၊
		ကျော်ဆွေ	ဖုန်း-၀၉-၂၅၀၁၇၈၁၁၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)

ပြင်ဦးလွင်ခရိုင်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃ (ပြင်ဦးလွင်)

ဒေါ်စန္ဒာဝင်း **နှင့်** ၁။ ဒေါ်ခင်မျိုးဝင်း

၂။ ဦးခင်စိုး

တရားလို **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ကျွဲနွားထောက်ကျေးရွာအနီးစခန်းနေ ဦးခင်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်ပါအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန်နှင့် အိမ်နှင့်မြေအား လက်ရောက်ပေးအပ်စေလိုမှု သို့မဟုတ် ဝယ်ယူထားသည့်မြေ၏တန်ဖိုးအား ပြန်လည်ပေးလျော်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ စက်တင်ဘာ ၂ရက် (၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေစိုး)

ဒုတိယခရိုင်တရားသူကြီး(၂)

ပြင်ဦးလွင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀၊ မြေကွက်အမှတ် ၃၂၀၊ အကျယ်အဝန်း ပေ(၄၀×၆၀)အနက်မှ ပေ(၂၀×၆၀) ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးမျိုးဝင်း ၁၂/သကတ(နိုင်)၁၄၅၃၇၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး LL.B, D.B.L, D.M.L, D.I.L **ဦးမြတ်ထွန်း B.Sc, R.L**

အထက်တန်းရှေ့နေ (စဉ်-၂၇၁၂၈) **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)**

အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိလမ်း၊ အမှတ် ၁၄၉ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်(ရင်ခွဲ)မှန်ခန်း၏အပေါ် တတိယထပ် (ဘယ်ဘက်ခြမ်း)တိုက်ခန်းအား ဥပဒေနှင့်အညီ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာအေး ၁၄/မမန(နိုင်)၀၀၉၉၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ထွန်း ၇/ပခန(နိုင်)၀၀၄၅၆၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးဝင်း LL.B (အထက်တန်းရှေ့နေ)

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၃၃၈၉၅၉၈၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခင်ဦးမြို့နယ် ကျေးရွာသုံးရွာကို ဆိုလာပြားနှင့် မီးသီးများပေးအပ်

ခင်ဦး ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာသုံးရွာသို့ ဆိုလာပြားနှင့် မီးသီးများပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဒေါ်ချိုချိုနွယ်က ဆိုလာပြားနှင့်မီးသီးများ ထောက်ပံ့ရခြင်း ရည်ရွယ်ချက်နှင့် သုံးစွဲနည်းများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ချိုချိုနွယ်တို့က ရေအေးကုန်းကျေးရွာ၊ သီဟတောကျေးရွာနှင့် မင်းဝံစိုက်ကွင်းကျေးရွာများရှိ အိမ်ထောင်စု ၃၄၅ စုအတွက် ဆိုလာပြားနှင့် မီးသီးများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ရပ်ကွက်ချင်းဆက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားတည်ဆောက်

ဗန်းမော် ဩဂုတ် ၅

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာ ရိုးကြီးရွာမကျောင်းထိုင်ဆရာတော် အရှင်တိဿဦးစီး၍ ရပ်ကွက်ချင်းဆက် ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူး ကွန်ကရစ်တံတားကို ဇူလိုင် ၁၃ ရက်က ပန္နက်တင် မင်္ဂလာအုတ်မြစ်ချမှတ်ခဲ့ပြီး ဇူလိုင် ၂၉ ရက်၌ တံတားကွန်ကရစ်တိုင်နှင့် ထုပ်တန်းများ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ဆရာတော်နှင့်တကွ စေတနာရှင် ရပ်ကွက်လုပ်သားပြည်သူ ၁၅၀ကျော်တို့က ဩဂုတ် ၃ ရက်တွင် တံတားကွန်ကရစ်ကြမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ကွန်ကရစ်တံတားသည် အလျား ၁၂၀ ပေ၊ အကျယ် ၁၄ ပေရှိပြီး ရိုးကြီးရပ်နှင့် ကုက္ကိုတောရပ်ကွက်ချင်း ဆက်သွယ်ပေးသည့် တံတားတစ်ခုဖြစ်ပြီး ပြည်သူများ သွားလာရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ဝါတွင်းကာလအတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ ရဟန်းသံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူခြင်းများ ဆောင်ရွက်လျက်ရှိရာ အဖြူရောင်အွန်လိုင်း ပရဟိတအဖွဲ့မှလူငယ်များစုပေါင်း၍ အရုဏ်ဆွမ်းလောင်းလှူကြသည်ကို ဩဂုတ် ၃ ရက်က မြင်တွေ့ရစဉ်။ သွန်းဝသန်

မိုးရာသီ အခြားစိုက်ခင်းလျာထားကေ ပြည့်မီရေး ရေလောင်းစိုက်ပျိုး

ငါန်းဇွန် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ၂၀၁၄ ခုနှစ် မိုးရာသီ၌ အခြားစိုက်ခင်း ၂၅ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိရာ ယခုနှစ်တွင် မေလက စိုက်ခင်းမိုးရေချိန် နှစ်ရက် ၀ ဒသမ ၄ လက်မ၊ ဇွန်လတွင် နှစ်ရက် ၀ ဒသမ ၇၅ လက်မ၊ ဇူလိုင်လတွင် နှစ်ရက် ၀ ဒသမ ၆၃ လက်မသာရရှိခဲ့ပြီး မိုးခေါင်သဖြင့် ဇူလိုင် ၂၈ ရက်အထိ ၁၅ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ရှိသည့် ၁၀ ဧကကို ရေလောင်း၍ စိုက်ပျိုးခဲ့သဖြင့် ဩဂုတ် ၄ ရက်၌ စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

သက်နောင်ဦး (ငါန်းဇွန်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

ဆီဆိုင် ဩဂုတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု မင်းဦးကျေးရွာ၌ ဩဂုတ်၄ ရက် နံနက် ၁၀ နာရီက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC တို့ပူးပေါင်း၍ (One Stop Service) စနစ်ဖြင့် နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးချစ်ထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ကြွယ်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ဆီဆိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC တို့ပူးပေါင်း၍ ယနေ့မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် ကျေးရွာအုပ်စုသုံးစုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၄၆ ဦးကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရှင်းလင်း

လပွတ္တာ ဩဂုတ် ၅

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက ရှေ့ဆက်ရမည့် လပေါင်း ၂၀ ကာလကို စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလို တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲ အခမ်းအနား ခေါ်ယူကျင်းပ၍ ဝန်ထမ်းများအား ချပြရှင်းလင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လပွတ္တာခရိုင်အတွင်း အုပ်ချုပ်ရေးယန္တရား သွက်လက်ထက်မြက်စေရေးအတွက် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့နောက် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သက်သေခံပစ္စည်းများအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်

ထားဝယ် ဩဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ထားဝယ်ခရိုင် ထားဝယ်မြို့မရဲစခန်းမှ စုံစမ်းဖော်ထုတ်ဖမ်းဆီးရရှိခဲ့သော ခိုးရာပါပစ္စည်းများ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံး၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

ထားဝယ်မြို့မရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အမှုများမှ သိမ်းဆည်းရမိခဲ့သည့် ရွှေထည်ပစ္စည်း ၉၇ ခု၊ အလေးချိန် ၆၁ကျပ်သား၊ တန်ဖိုးငွေကျပ် ၃၆၆သိန်းကိုလည်းကောင်း၊ လက်တော့ပ်နှင့် ဗီဒီယိုကင်မရာများကိုလည်းကောင်း၊ ရွှေထည်ပစ္စည်း သုံးခု၊ ကာလတန်ဖိုး ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိပစ္စည်းများကိုလည်းကောင်း ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

မြစ်ခြေနယ်အသင်း(ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

မြစ်ခြေနယ်အသင်း(ရန်ကုန်)၏(ပထမအကြိမ်) စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ မြစ်ခြေနယ်သူနယ်သားများ အသင်းဝင်သည်ဖြစ်စေ မဝင်ရသေးသည်ဖြစ်စေ ကြွရောက်ပူဇော်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၅ ရက် (၁၀-၈-၂၀၁၄ ရက်) တနင်္ဂနွေနေ့
အချိန် - နံနက် ၈ နာရီမှ ၁၀ နာရီအထိ
နေရာ - ဓမ္မပါလ(မြစ်ခြေ)ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ (သံဃာတော်များ နေ့ဆွမ်းအလှူရှင်-နာယကကြီး ဦးတင်ဆောင်-ဒေါ်မြစောမိသားစု၊ မ/ဒဂုံ)

ပါဝင်လှူဒါန်းလိုပါက- (၁)ဦးဝင်းလှိုင် (ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁၆၅၄၈၀၊ (၂)ဦးသောင်းကြည် (အတွင်းရေးမှူး) ဖုန်း-၀၉-၄၃၁၆၀၈၉၉၊ (၃) ဒေါ်သန်းသန်းမြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၇၀၅၁၁နှင့် နီးစပ်ရာအမှုဆောင်များထံ လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဥက္ကာလမ်း၊ အမှတ် (၂၀၄/က)၊ အကျယ်အဝန်း (ပေ ၂၀× ပေ ၆၀)ရှိ ဦးလှိုင်မြင့် ၁၂/သဃက (နိုင်)၀၈၇၃၀၄ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် မြေကွက်အား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး နောက်ဆုံးလက်ရောက်ပိုင်ဆိုင်သူ ဒေါ်ဝင့်ဝင့်နိုင် ၁၄/လပတ(နိုင်)၁၇၇၁၃၅ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)　　ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
'လင်း'အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ ရေသိုးကျေးရွာ၊ ကွင်းအမှတ်(၅၁၂/ဘီ)၊ ဦးပိုင်အမှတ်(၂၃)၄၊ မြေဧရိယာ ၂ဒသမ၂၅ ဦးပိုင် အမည်ပေါက်သူ ဦးအောင်ကြည် ၁၂/မဘန(နိုင်)၀၃၄၂၇၈ သည် အထက်ဖော်ပြပါ လယ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ဦးရွှေဝင်း ၁၁/စတန(နိုင်)၀၁၀၅၅၀သည် အပိုင်ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးရွှေဝင်း ၁၁/စတန(နိုင်)၀၁၀၅၅၀
ဖုန်း-၀၉-၅၀၅၀၂၀၀

(၁၅-၅-၂၀၁၄) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၀)နှင့် (၁၈-၆-၂၀၁၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ (၂) တွင် ဒေါ်ကြင်မြိုင် ၁၂/မဂဒ(နိုင်)၀၇၉၈၂၁နှင့် အများသိစေရန်ကြေညာခြင်းကို

ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်ဆွေ ၁၂/မဂဒ(နိုင်)၀၇၉၄၇၄ ၊ ဒေါ်ညွန့်ရီ ၁၂/မဂဒ(နိုင်)၀၈၀၅၃၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ၊ ပြည်လမ်း၊ အမှတ်-၆၄၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ကွင်းအမှတ်-၅၂၉(A)ဟုခေါ်တွင်သော မခွဲမစိတ်ရသေးသည့် ပြည်လမ်းမပေါ်ရှိ အနံ (၅၃ပေ)×အလျား(၉၇ပေ)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ကြင်မြိုင်မှ လက်ရှိနေထိုင်ခြင်းသာဖြစ်၍ မခွဲမဝေရသေးသော အမွေဆိုင်ပစ္စည်းဖြစ်ပြီး ဒေါ်တင့်၏ အမွေစား၊ အမွေခံများမသိရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးကြေညာခဲ့ပါသည်။ သို့ရာတွင် ယခုအချိန်၌ ဒေါ်ကြင်မြိုင်နှင့်ဒေါ်တင့်၏ အမွေစားအမွေခံအားလုံး ညှိနှိုင်းသဘော တူညီခွင့်ပြုချက်ရရှိပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ မြန်မာ့အလင်းသတင်းစာပါကြေညာချက်များအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောကြာဇင်
အထက်တန်းရှေ့နေ (စဉ်-၆၁၃၉)
အမှတ်-၂၁၊ မြိုင်သာယာလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၁၄၈၆၅၉၊ ၀၉-၄၂၀၀၈၂၀၃၁

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာဦးထွန်းမင်း ၁၂/ဗတထ(နိုင်)၀၃၄၅၄၉(မှ) ဦးမျိုးဟိန်းထွန်း ၁၂/လသန(နိုင်)၀၀၁၉၀၇ ဒေါ်အေးအေးမော် ၁၂/တမန(နိုင်)၁၀၁၀၄၄(မှ)	ဒေါ်ချောချော (ခ) ဘေဘီကျင် ၁၂/လသန(နိုင်)၀၀၉၇၈၅	တိုက် (၁၀၄)၊ ဧလွှာ(ဝဲ)၊ ၁၆ လမ်း၊ လမ်းမတော်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်၊ စပါယ် ၂ လမ်း၊ အိမ်အမှတ် ၁၄၉ နေ ဦးပေါကြွယ်-ဒေါ်မြသိန်းကြွယ်တို့၏သား မောင်သိန်းထွဋ်ဦး ၁၂/ကခက(နိုင်)၀၉၁၁၂၀ သည် မိဘများ၏ဆိုဆုံးမမှုကိုလက်မခံဘဲ မိဘအရှက်ရအောင်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးပေါကြွယ် ၁၂/ကခက(နိုင်)၀၀၁၇၂၈

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဝါမျိုးသစ်များစိုက်ပျိုး၍ တောင်သူများဝင်ငွေတိုးစေမည့် သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဝါနှင့် ပိုးချည်ပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ တစ်ဧက ဝါပိဿာ ၁၀၀၀ အထက်ထွက်ရှိနိုင်သော အထူးအထွက်တိုးဝါမျိုးသစ်များ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သင်တန်းကို ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ကြံသုတေသနနှင့် မျိုးပွားခြံ (ပျဉ်းမနား)မြို့ ဒက္ခိဏခရိုင် နေပြည်တော်၌ ဖွင့်လှစ်သည်။

ဝါစိုက်တောင်သူများအတွက် အထူးအထွက်တိုး ဝါမျိုးသစ်များ စိုက်ပျိုးခြင်းဖြင့် တစ်ဧကဝါပိဿာ ၁၀၀၀ အထက် ထွက်ရှိလာစေရန်၊ စိုက်ပျိုး ထုတ်လုပ်သည့် တောင်သူတစ်ဦးချင်း သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ကျွမ်းကျင်စွာ သိရှိလိုက်နာ စိုက်ပျိုးလာစေရန်နှင့် ဝါကုန်ကြမ်း အသုံးပြု၍ ကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံ အလုပ်ရုံများ ပိုမိုလည်ပတ်နိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဝါစိုက်တောင်သူတစ်ဦးက "ကျွန်တော် နှစ်စဉ် ဝါစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးနည်းစနစ်ကို သိရှိသော်လည်း ယခုသင်တန်းကဲ့သို့ အသေးစိတ် မတတ်မြောက်ခဲ့သည့်အတွက် ဝါတစ်ဧကကို ပျမ်းမျှပိဿာ ၅၀၀ လောက်သာ မြေအနေအထားပေါ်မူတည်ပြီး ထွက်ရှိခဲ့ပါတယ်။ ယခုလို မျိုးသစ်များပြောင်းလဲပေးခြင်း၊ နည်းစနစ်ကျစွာ စိုက်ပျိုးနည်းများကို တတ်မြောက်လာသည့်အတွက် တစ်ဧက ဝါပိဿာ ၁၀၀၀ ကျော် ထွက်နိုင်ရန် မခက်ကြောင်း သိရှိလာခဲ့ပါတယ်။ ယခုသင်တန်းဟာ တောင်သူများအတွက် အကျိုးရှိသော သင်တန်း ဖြစ်ပါတယ်"ဟု သင်တန်းသားများကိုယ်စား ပြောကြားသည်။

ဝင်ငွေတိုး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဝါနှင့် ပိုးချည်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲသည် တစ်ဧက ဝါပိဿာ ၁၀၀၀ အထက်ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့် ဝါမျိုးသစ်များ ထွက်ရှိရေး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုသင်တန်းတွင် ပို့ချခဲ့သည့် ရွှေတောင်-၈နှင့် ငွေချည်-၉ ဝါမျိုးများမှာ တစ်ဧကလျှင် ဝါပိဿာ ၁၀၀၀ အထက် ထွက်ရှိနိုင်ခြင်းကြောင့် ဝါစိုက်တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိနိုင်သည့် သီးနှံမျိုးသစ်များဟု သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးပြားများ ညောင်လေးပင်မြို့၌ ဖမ်းဆီးရမိ

ညောင်လေးပင် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၂) ရပ်ကွက် နဂါးရုံဘုရားလမ်းမပေါ်တွင် ဩဂုတ် ၁ ရက်က သတင်းပေးချက်အရ ဆိုင်ကယ်စီးလာသူနှစ်ဦးကို ရပ်တန့်ရှာဖွေရာ စိတ်ကြွမူးယစ်ဆေးဝါးဟု ယူဆရသော ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး မူးယစ်တပ်ဖွဲ့စု (၃၆) မှ ဒုရဲအုပ်လင်းထွန်းနှင့် ညောင်လေးပင်မြို့ မူးယစ်တပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးဇော်မင်း၊ တပ်ကြပ်ဇော်မင်းထက်၊ ဒုတပ်ကြပ် မျိုးမင်းဦး၊ ဒုတပ်ကြပ် မျိုးခိုင်၊ ညောင်လေးပင်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဝင်းထွဋ်အောင်၊ မြို့မ (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ရာအိမ်မှူး ဦးသန်းနိုင်တို့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် ည ၉ နာရီ ၄၅ မိနစ်ခန့်က ညောင်လေးပင်မြို့ မြို့မ (၁) ရပ်ကွက် နဂါးရုံဘုရားလမ်းမပေါ်တွင် ၃ယ/. . . နံပါတ်ပါ ထိုင်းနိုင်ငံလုပ် 125 (Wave) အနက်ရောင်ဆိုင်ကယ်ကို မောင်းနှင်လာသူ ပြည့်စုံဝင်း (၂၅နှစ်) မြို့မ (၂)ရပ်ကွက် တိုးချဲ့ (၅) လမ်း ညောင်လေးပင်မြို့နေသူနှင့် ဆိုင်ကယ်နောက်တွင်လိုက်ပါလာသူ ကျော်ဇေယျာမိုး (၂၈နှစ်) မြို့မ (၂) ရပ်ကွက် သမစိတ္တလမ်း ညောင်လေးပင်မြို့နေသူတို့အား ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်နောက်တွင် စီးလာသူ ကျော်ဇေယျာမိုး ဝတ်ဆင်ထားသော ဂျင်းဘောင်းဘီအပြာရောင်(အရှည်) နောက်ညာဘက်အိပ်ကပ်အတွင်းမှ စီးကရက်ဘူးခွံအတွင်း ကြွပ်ကြွပ်အိတ်အစဖြင့်ထုပ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသော ဆေးပြား ခုနစ်ပြား၊ တစ်ပြားလျှင် ၀ ဒသမ ၁ ဂရမ်ခန့် စုစုပေါင်း ၀ ဒသမ ၀၇ ဂရမ်ကို သက်သေများရှေ့တွင် ရှာဖွေတွေ့ရှိရသဖြင့် ရှာဖွေပုံစံတွင် ရေးသွင်းသိမ်းဆည်းခဲ့သည်။ ဆက်လက်၍ လက်ဝယ်တွေ့ရှိသူ ကျော်ဇေယျာမိုးအား သက်သေများရှေ့တွင် စစ်ဆေးရာ ၎င်းဆေးပြားများကို ညောင်လေးပင်မြို့ မြို့မ (၂) ရပ်ကွက် စိတ္တသုခလမ်းနေ ဒေါ်အေးအေးလှိုင်ထံမှ တစ်ပြားလျှင် ငွေကျပ် ၂၆၀၀ ဖြင့် ဆေးပြား ခုနစ်ပြားကို ငွေကျပ် ၁၈၂၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း ထွက်ဆိုပေါ်ပေါက်သဖြင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ဒေါ်အေးအေးလှိုင်နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိခဲ့ကြောင်း သိရသည်။

သို့ပါ၍ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ကျော်ဇေယျာမိုး၊ ဆိုင်ကယ်မောင်းသူ ပြည့်စုံဝင်းနှင့် ဒေါ်အေးအေးလှိုင်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ချင်းတွင်းမြစ်ကူးတံတားကို ယခုဘဏ္ဍာနှစ်တွင်စတင်တည်ဆောက်မည်

ကလေး ဩဂုတ် ၅

"ချင်းတွင်းတံတားတည်ဆောက်ပေးဖို့ကို ပထမအကြိမ် တတိယပုံမှန်အစည်းအဝေးမှာတင်ပြခဲ့တာပါ။ ယခုဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ မှာတော့ ချင်းတွင်းမြစ်ကူးတံတားကြီး ဆောက်လုပ်ဖို့ကို နိုင်ငံတော်က ငွေကျပ်သန်း ၉၂၀ ကို ခွင့်ပြုပေးလိုက်ပါပြီ။ ဆောက်လုပ်မယ့် နေရာကိုလည်း ရှာထားပြီးပြီဖြစ်ကြောင်း သိရပါတယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။"ကလေးဝ-ရေဦးကားလမ်းမှနေ၍ ကလေး-မော်လိုက်-ကလေးဝမြို့တို့ကို တိုက်ရိုက်ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ဖြတ်ကူးတံတားကြီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီအကုန်လောက်မှာ စတင် တည်ဆောက်သွားပါ့မယ်၊ နိုင်ငံတော်မှ တည်ဆောက်ခွင့်ပြုလိုက်ပါပြီ။ တည်ဆောက်မယ့်နေရာကတော့ ကိုင်းကျေးရွာ၏ အနောက်ဘက်ကနေပြီးတော့ ကလေးဝမြို့နှင့် တုန်နန်းကျေးရွာကြားကိုလျာထားပါတယ်"ဟု ကလေးဝဆောက်လုပ်ရေးရုံးမှ တာဝန်ရှိ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ကူးတံတား စီမံကိန်းတည်ဆောက်မည့် မြေနေရာနှင့် မလွတ်ကင်းသည့် မြေပိုင်ရှင်များအတွက် လျော်ကြေးငွေ စုစုပေါင်း ၁၈၃ ဒသမ ၈၅ သိန်းကိုလည်း လျော်ကြေး ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

"ဒီတံတား တည်ဆောက်လိုက်ခြင်းအားဖြင့် ချင်းပြည်နယ်မြောက်ပိုင်း ကုန်းလမ်းဆက်သွယ်သွားလာမှုတွေ တမူး၊ ကလေး၊ မော်လိုက် ကုန်စည်စီးဆင်းမှုတွေ အဆင်ပြေချောမွေ့လာပါမယ်။ နိုင်ငံတော်ကနေပြီးတော့ အဆင့်မီမီ ဒီလိုမျိုးတံတားကြီး တည်ဆောက်ခွင့်ပေးလိုက်တာ ဒေသတွင်းနေ ပြည်သူတွေအတွက် များစွာအကျိုးရှိပါတယ်" ဟု ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

သျှင်နေမင်း

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ရွှေဘို၌ကျင်းပ

ရွှေဘို ဩဂုတ် ၅

ရွှေဘိုမြို့နယ် သစ်တောဦးစီးဌာနနှင့် ရွှေဘိုနည်းပညာကောလိပ်တို့ ပူးပေါင်းပြီး ဩဂုတ် ၁ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခေါင်၊ ရွှေဘိုနည်းပညာကောလိပ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာလေးမာန်ဝင့်နှင့် သက်ဆိုင်ရာအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ စွယ်တော်၊ မဲဇလီ၊ တမာ၊ ယင်းမာ၊ မန်ကျည်းရှား၊ စိန်ပန်း၊ ဗာဒံ၊ အော်ရီးရှား စုစုပေါင်း အပင် ၁၂၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(၀၅၀)

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ လင်းပင်လမ်း၊ မြေကွက်အမှတ် ၁၂၃၊ အကျယ်အဝန်းပေ (၄၀×၆၀) ဦးတင်ဖေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အုတ်ညှပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးတင်ဖေမှ ရောင်းချလိုကြောင်းကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းသီတာ ၇/တကန(နိုင်)၁၀၁၃၆၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကိုတင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင် (စဉ်-၃၄၄၉၀) LL.B, C.B.L	ဒေါ်ကြည်သာဝင်း (စဉ်-၂၉၅၅၃) LL.B, LL.M	ဒေါ်နန်းဆိုင်အုံ (စဉ်-၃၄၅၃၀) LL.B
ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂) LL.B	ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈) LL.B	ဒေါ်ဥမ္မာထွန်း (စဉ်-၃၇၈၈၄) LL.B, D.B.L, D.I.R

အထက်တန်းရှေ့နေများ (SHWE HINN THAR LAW FIRM & REAL ESTATE CONSULTANT)
အမှတ် ၁၀၆၆၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၂၅၀၀၁၀၁၅၄၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ရုံး-၀၉-၃၁၅၅၇၀၆၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ကံဘဲ့၊ မြေကွက်အမှတ် ၁/ဖ၁၅A၊ မြေကွက်တည်နေရာအမှတ် ၁၆၊ သီရိရတနာလမ်း၊ မိချောင်းကန်အပိုင်း(၃)၊ သဃၤန်းကျွန်း ဒေါ်ခင်မေတင် (မြို့မြေစာရင်းတွင်မှတ်ပုံတင်အမှတ်မပါပါ) အမည်ပေါက်၊ မြေပိုင်မြေအားအမည်ပေါက် ဒေါ်ခင်မေတင်(ကွယ်လွန်)နှင့် ခင်ပွန်းဦးခင်ဝင်းကွယ်လွန်၏ သားသမီးများဖြစ်သော (၁) ဦးဇော်ဝင်း(ကွယ်လွန်)၊ (၂) ဦးအောင်ဝင်း(ခ)လောရင့်(စ်)ဝင်း ၁၂/ရကန(နိုင်)၀၅၇၀၉၂၊ (၃) ဒေါ်စန္ဒာဝင်း ၁၂/သဃက(နိုင်)၀၁၀၅၃၇၊ (၄)ဦးမျိုးဝင်း ၁၂/သဃက(နိုင်)၀၁၀၅၈၄ လေးဦးအနက် မိခင်၊ ဖခင်တို့ထက်စော၍ ကွယ်လွန်သူ အကြီးဆုံးသား ဦးဇော်ဝင်းနှင့် ဇနီးဒေါ်လှလှမြင့်တို့၏ တစ်ဦးတည်းသောသား (အမည်ပေါက်၏ အမွေမမီမြေးဖြစ်သူ) ဦးအေးထွဋ်ဝင်း ၁၂/တမန(နိုင်)၀၉၉၈၇၂ က ကျန်သား၊ သမီးသုံးဦးနှင့်ပူးတွဲကာ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် ၁၆၅၊ ပြည်ထောင်စုလမ်း၊ ရွှေပြည်သာ (ဦးအောင်ဆန်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ဆန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်း ၁၂/မဂတ(နိုင်)၀၄၈၀၀၁မှ သေစာရင်း၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြပြီး ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၇၂/(၃၀-၅-၂၀၁၄)ဖြင့်ရသူ ဦးအောင်ကျော်(ခ)ဦးအောင်စိုး ၁၂/အစန(နိုင်)၁၅၈၄၂၀က သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ ယသဿဝတီလမ်း၊ မြေကွက်အမှတ် (၁၀၃၀)ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် ပေ(၄၀×၆၀)၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံးအပါအဝင် (ရေမီးအစုံ) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်နွဲ့နွဲ့သိန်း ၁၂/တမန(နိုင်)၀၄၄၉၇၁ အမည်ဖြင့်မှတ်သားတည်ရှိပါသည်။ အဆိုပါမြေနှင့်အိမ်အား စာချုပ်အဆက်အစပ်များဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးသီတာကျော် ၁၂/စခန(နိုင်)၀၅၅၇၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B, D.I.L, WIPO (Switzerland) (အထက်တန်းရှေ့နေ)
အမှတ် ၁၄၃၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးကြိုးဝိုင်းအကွက်၊ အမှတ် ၁၀၉ ရှိ စိုက်ပျိုးမြေ(၅)ဧကနှင့် ကောလိယကြိုးဝိုင်းအကွက် ၉၆ ရှိ စိုက်ပျိုးမြေ ၄၅ဧကနှင့် ပတ်သက်သော စိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် စိုက်ပျိုးခွင့်ရရှိသော မြေပေါ်ရှိ သစ်ပင်စားပင်များ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်လှလှဝင်း ၁၄/မမန(နိုင်)၁၆၅၃၉၄က စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသူဟု ဝန်ခံပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်း ၁၂/လသန(နိုင်)၀၀၄၂၀၇ထံ အကျိုးတူလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာပါ၍ ကျွန်ုပ်မိတ်ဆွေမှလည်း လုပ်ငန်းလုပ်ကိုင်ရန် တစ်စိတ်တစ်ဒေသသဘောတူညီပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ငန်းလုပ်ကိုင်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အုန်းအုန်းတင့် LL.B (အထက်တန်းရှေ့နေ) (စဉ်-၂၃၉၅၆)
အမှတ် ၅၀၁၊ ဧရာ ၂ လမ်း၊ ၈ျ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၂၁၀၅၄၇၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄၊ စက်မှုဇုန်-၂၊ စက်မှုပတ်လမ်း၊ မြေကွက်အမှတ် ၄၈၁+၄၈၂၊ အကျယ်အဝန်းပေ (၈၀×၆၀)ရှိ ဦးဝင့်ထယ်ဦး အမည်ပေါက် နှစ် ၆၀စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း(ဘ)ဦးအလာတူ ၁၂/ရကန(နိုင်)၀၇၈၈၃၇၊ အမှတ် ၁၂၆၆၊ သစ္စာလမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၁၄ ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထာနွယ်ခင် LL.B, D.I.R, D.I.L	ဦးကျော်မိုးလွင် (စဉ်-၃၇၉၂၃)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၂၁)	ဒေါ်ခိုင်ဇင်ဝင်း (စဉ်-၃၇၉၅၁)
ရှေ့နေနားနေခန်း၊	ဒေါ်ထွေးဇာခြည် (စဉ်-၃၈၀၂၀)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးအတွင်း	အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၇၃၀၂၇၂၀၄၊ ၀၉-၂၅၀၅၂၃၉၆၆	

ဌာနဆိုင်ရာ၊လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့များတွင် ဝန်ထမ်းအိမ်ရာ (၁၃)လုံး၊ သံကူကွန်ကရစ်ကျောက်စီမြေထိန်းနံရံ (၁)ခု ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၁၁-၈-၂၀၁၄ရက်

တင်ဒါဖွင့်ရက် -၆-၉-၂၀၁၄ရက်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၁၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအတွက် OPGW Joint Box တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုလုပ်ငန်းအပ်နှံလိုပါသည်-

(၁) ၂၃၀ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း

(၂) ၂၃၀ ကေဗွီ မအီ-အမ်း ဓာတ်အားလိုင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ဆောင်ရွက်မည့်အောက်ဖော်ပြပါစီမံကိန်းလုပ်ငန်းများအား နိုင်ငံခြားသုံးငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) ရွှေတောင်ဓာတ်အားပေးစက်ရုံတွင် IPP စနစ်ဖြင့် တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံစီမံကိန်း

(၂) မြင်းခြံဒေသတွင် Gas Engine or Gas Turbine များ ဌားရမ်းဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း

(၃) ရွာမ (၂၄၀) ဓာတ်အားပေးစက်ရုံရှိ အမှတ် (၂)ဓာတ်ငွေ့တာဘိုင်စက် Up Grade လုပ်ငန်း

(၄) ရွာမ (၂၄၀) ဓာတ်အားပေးစက်ရုံရှိ MHI710D ဓာတ်ငွေ့တာဘိုင်စက် (၂)လုံးအား Control System Up Grade မြှင့်တင်ခြင်းလုပ်ငန်း အပါအဝင် Long Term Maintenance လုပ်ငန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် - ၄-၉-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

လူပျောက်ကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စပါယ်လမ်း၊ တိုက်နံပါတ် ၁၂၆၅၊ ခြောက်လွှာခေါင်းရင်းခန်းနေ ဦးအောင်မင်း ၁၂/ဗဟန(နိုင်)၀၄၁၂၀၁ ၏သမီး မဝေမာနှင်းသည် ၃၀-၇-၂၀၁၄ရက် နံနက် ၉ နာရီခန့်က အုပ်ထိန်းသူမိဘများအားအသိမပေးဘဲ လက်ဝတ်လက်စားအပြည့်အစုံဖြင့် အထက်ပါနေအိမ်မှ ထွက်သွားပါသည်။ ၎င်းအား ဖြားယောင်းသွေးဆောင်လက်ခံထားပါက လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးအောင်မင်း ဖုန်း-၀၉-၃၁၂၅၉၁၄၅**

ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် တောင်ကြီးတွင် အသုံးပြုလိုသည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အမျိုးအစားအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူအပ်ပါသည်။

Sr.No.	Description
၁။	Light Truck, Diesel, 2200cc, 2WD, 2004 Model and above Them;

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၈-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါကို ၂၂-၈-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာအောက်ပါအတိုင်းဖြစ်ပါသည်။ ရုံးအမှတ် (၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန ဖုန်း-၀၆၇-၄၁၁၀၂၄(သို့) ၀၆၇-၄၁၁၂၃၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
[တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)]
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄၀

ဦးဇော်မြင့်ဆွေ ပါ-၂ **နှင့်** ဒေါ်သန်းတင် ပါ-၁၇

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ၆၂ လမ်း၊ အမှတ် ၉၊ မြေညီထပ်(ယာ)နေ တရားပြိုင် ဒေါ်သန်းရီ၊ ဦးထွန်းကြည်၊ ဒေါ်ခင်စန်းကြည်၊ ဦးဝင်းလွင်၊ ဦးစိုးမြင့်၊ ဦးခင်လတ်၊ ဦးငွေအောင်၊ ဒေါ်ယဉ်လှ၊ ဒေါ်အေးသန်းနှင့် ဒေါ်ရင်မြ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဦးဇော်မြင့်ဆွေ၊ ဒေါ်ညိုညိုလင်းတို့က စာချုပ်ပါပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၁၈ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(L 17)၆၀၊ မြေကွက်အမှတ်-၂၁၉၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးဝင်းမော် BHN-၀၁၇၀၀၆ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ယခုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးခိုင် ၁၂/တမန(နိုင်)၁၀၁၂၉၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B,D.B.L,D.M.L **ဒေါ်ဖြူဖြူခိုင် LL.B,D.B.L,D.M.L**
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B,D.B.L
အထက်တန်းရှေ့နေ
အမှတ် ၂၇/ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၈၂၊ မြေကွက်တည်နေရာအမှတ် ၁၈၂၊ ၉ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဗိုလ်မှူးခင်မောင်ရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးခင်မောင်ရီ NYHE-၀၃၃၇၀၈ ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၅၉၃ (၂၄-၂-၂၀၁၂)ဖြင့် ရရှိသူ ဒေါ်အေးအေးကြူ ၁၂/ခရန(နိုင်)၀၂၉၃၀၃ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အများသိစေရန်
ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁)လမ်းမြောက်၊ ဦးပိုင်အမှတ် ၂/ခ၊ ခြံအမှတ် ၈၉၁/အေနှင့်ပတ်သက်၍ ကျွန်တော် ဦးဇော်ဦး မသိရှိဘဲ စည်ပင်သာယာတွင် အမည်ပြောင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ အငှားချထားခြင်း၊ လူငှားတင်ခြင်းများကိုမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဇော်ဦး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)

(၁) ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝန်ထမ်းအိမ်ရာ သံပန်းကာရံခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်း

(ခ) ရေဂါလန် ၃၀၀၀ ဆံ့ Ground Tank၊ ဂါလန် ၁၂၀၀ ဆံ့ Overhed tank နှင့် Pump house ဆောက်လုပ်ခြင်း

(ဂ) ၅ခန်းတွဲ အိမ်သာနှစ်လုံးဆောက်လုပ်ခြင်း

(၂) တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၁-၈-၂၀၁၄ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

(၃) တင်ဒါပေးသွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံဖြင့် တင်သွင်းရမည်။

(၄) အိတ်ဖွင့်တင်ဒါ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)

(၅) အသေးစိတ်သိရှိလိုသော အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၅၂၀၂၈၃၈ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၃၀ နေ ဦးလင်းထွန်းထက် ၁၂/လသန(နိုင်)၀၁၉၅၂၆ ၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ အကွက်အမှတ်(၄)၊ သိမ်တောင်ကျောင်းကုန်းရပ်၊ ဦးပိုင်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၂၆၊ ဧရိယာ ၀ဒသမ ၄၁၆ဧကရှိ ဦးမောင်ကြီး အမည်ပေါက် (မြို့မြေ)အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကလောမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၁၃၈/၁၂)အရ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြသူများဖြစ်သော (၁) ဒေါ်မွေးမွေးဦး ၁၃/ကလန(နိုင်)၀၁၁၅၄၄၊ (၂) ဒေါ်မီမီ ၁၃/ကလန(နိုင်)၀၁၁၇၁၇၊ (၃) ဦးဟိန်းမိုးဇော်ထွန်း ၁၃/ကလန(နိုင်)၁၂၇၄၆၅၊ (၄) ဒေါ်သိမ့်သိမ့်အောင် ၁၃/ကလန(နိုင်)၁၁၉၆၄၁ နှင့် (၅) ဦးဟိန်းဖြိုးဇော်ထွေး ၁၃/ကလန(နိုင်)၁၁၉၆၄၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါလျှင် ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကျွန်ုပ်တို့ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စိန်လွင်(စဥ်-၇၀၉၇) **ဦးနိုင်ဝင်း(စဥ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် ၂၇/ဘီ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ ဝိုင်း၂၊ မြေကွက်အမှတ် V Class ၁၂၂၊ မြေကွက်တည်နေရာအမှတ် ၆၃၊ ၁၀ လမ်း၊ လမ်းမတော်မြို့နယ် ဒေါ်နှင်းရီ ၁၂/လမတ(နိုင်)၀၂၃၉၁၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်နှင်းရီက ဤဌာနမှ အမှုတွဲအမှတ် လမတ/ဂရတ-၅၄၆/၀၈ အရ ထုတ်ပေးထားသော ဂရန်မူရင်းမှာ အထားမှား၍ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ၁၉-၅-၂၀၁၄ ရက် စမ်းချောင်းမြို့နယ်၊ တရားရုံးကျမ်းကျိန်လွှာ၊ လမ်းမတော်မြို့နယ် ရဲစခန်း၏ ၁၅-၅-၂၀၁၄ရက် ဂရန်ပြန်လျှောက်ရန် ထောက်ခံချက်၊ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ လမ်းမတော်မြို့နယ်၏ ၁၄-၅-၂၀၁၄ရက် ဂရန်ပျောက်မိတ္တူလျှောက်ရန် ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဦးမျိုးမြင့်	၁၂/ဥကမ(နိုင်)၁၁၂၉၉၆	၄၂၇(ခ)၊ နဝဒေး ၁ လမ်း၊ (၁၁)ရပ်ကွက်၊ မြောက်ဥက္ကလာ	မ/ဥက္ကလာ	၁၁	၄၂၇(ခ)	ဦးငွေဝင်း	အမည်ပြောင်း

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ် (၃အက်ဖ်/၂-ခ)၊ ဧရိယာ ၀ဒသမ ၃၁၅ ဧက၏ Portion(၁၀၆ပေ×၃၆ပေ/ပေ၄၀) မြေကွက်တည်နေရာအမှတ်(၃၁)၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ် ကိုစိုးညွန့်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ကိုစိုးညွန့် ဇနီးဖြစ်သူ ဒေါ်စန်းရီ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် ၃၅၃၁/၄-၇-၂၀၁၄ ဖြင့် ပိုင်ဆိုင်သူ ဦးခင်ဇော် ၁၂/ကမရ(နိုင်)၀၂၆၅၁၁၊ ဒေါ်မြင့်မြင့်အေး ၁၂/ကမရ(နိုင်)၀၂၆၇၂၄၊ ဦးလှထွန်း ၁၂/ကမရ(နိုင်)၀၀၇၀၉၂၊ ဒေါ်သိန်းလှ ၁၂/ကမရ(နိုင်)၀၃၇၂၇၀၊ ဒေါ်စန်းစန်းအေး ၁၂/ကမရ(နိုင်)၀၃၆၅၅၃ တို့က တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန် မြေပုံနှင့် မြေတိုင်းရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၄၅/က၊ မြေကွက်တည်နေရာအမှတ် ၂၄၅/က၊ ပင်းယ ၁၁ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ဓမ္မစာရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဓမ္မစာရီ(အဘွား) ကွယ်လွန်သဖြင့် ဦးစံမြင့်(အဘိုး)၊ဒေါ်မြကြည်(မိခင်)၊ ဦးကျော်မြင့်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးခင်မောင်ဦး ၁၂/ဥကတ(နိုင်)၀၇၄၄၉၂၊ ဒေါ်ရီရီမွန် ၁၂/ဥကတ(နိုင်)၀၇၄၀၅၃၊ ဒေါ်ခင်ဆွေကျော် ၁၂/ဥကတ(နိုင်)၀၇၂၇၉၄၊ ဒေါ်သီတာကျော် ၁၂/ဥကတ(နိုင်)၁၃၂၃၃၃တို့က အမွေမမီ မြေများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြပြီး ၁၉၈၅ခုနှစ်က ကူးယူခဲ့သောမြေပုံမှာလည်း ဒေါ်ဓမ္မစာရီက မဟာခနဲအကျိုးဆောင်ကုမ္ပဏီတွင် မြေငှားစာချုပ် ပေါင်နှံရန်အတွက် ပေးအပ်ခဲ့ရကြောင်း မိမိတို့လက်ဝယ်တွင် မရှိကြောင်းကျမ်းကျိန်လွှာ ၇၄၃၁/၁၄ (၃၀-၆-၁၄) ဖြင့် ရှင်းလင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

အစ်မတော်စောမွန်လှ
နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး
ပြီးမြောက်အောင်မြင်ရေးနှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေး-ပြင်ဦးလွင် ကားလမ်းနံဘေးရှိ စောမွန်လှ သစ္စာဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင် ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော် သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား ကျောင်းသူ ၈၅၀ ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင် ဆေးပေးခန်းကြီးကို အလျား၁၀၈ပေ၊ အနံပေ ၄၀ အာစီကွန်ကရစ်သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိရာ ၁၂ ပေပတ်လည်တစ်ခန်းလျှင် ကျပ်သိန်း ၂၀နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့ စေတနာရှိသလောက်ဖြစ်စေ အစ်မတော် စောမွန်လှ၊ မြနန်းနွယ်နှင့် နဂါးမယ်တော်ကြီးတို့၏ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော် ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၂၅၂၃၃၆၊ ၀၉-၄၃၀၇၂၉၁၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်အဲဖိန်း	နှင့်	ဦးကြင်ဦး(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သန်းသန်းမြင့်)
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂×၈၃ ကြား၊ ၃၃×၃၄ ကြားနေ ဦးကြင်ဦး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သန်းသန်းမြင့်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

